Australian Aid

World Vision

# Smart Navigator Toolkit

## ကျွမ်းကျင်သောလမ်းပြသင်ရိုးညွှန်းတမ်း

## Part B



The Vanguard Series

## အပိုင်း(ခ)

## လူကုန်ကူးခြင်း နှင့် ရွှေ့ပြောင်းသွား
## လာခြင်းဆိုင်ရာ သတင်းအချက်အလက်

# Part B

# Information About Trafficking and Migration



# 3 အခန်း (၃)
# လူကုန်ကူးခြင်းဆိုသည်မှာ အဘယ်နည်း။
# ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ အဘယ်နည်း။

## ရည်ရွယ်ချက်

ပါဝင်သူများသည် လူကုန်ကူးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်း၏အဓိပ္ပါယ်ကို နားလည်ပြီးၿငင်းတို့ကို ရိုးရှင်းသောစကားလုံးဖြင့် သတ်မှတ်နိုင်ရန် ဖြစ်သည်။

## အချိန်

၈၀ မိနစ်

## အထောက်အပံ့များ

- ရွှေ့ပြောင်းသွားလာခြင်းနှင့်လူကုန်ကူးခြင်းနှင့်ဆိုင်သည့်စာလုံးလေ့ကျင့်ခန်းစာရွက်အပိုင်းများ
- ဘောလ်ပင် (သို့) ရောင်စုံခဲတံများ
- 'IS 3a: အခွင့်အရေးအကြေခံစုများ' မိတ္တူတစ်စုနှင့်၎င်းတို့ထည့်ရန်အိတ်(သို့) ဦးထုတ်
- ရည်ညွှန်းရန် 'IS 3b: လူကုန်ကူးခြင်းဆိုတာဘာလဲ။ရွှေ့ပြောင်းသွားလာခြင်းဆိုတာဘာလဲ။'
- ပါဝင်သူတိုင်းအတွက်ကျွမ်းကျင်သောလမ်းပြစာစောင်တစ်စုစီ

## ကြိုတင်ပြင်ဆင်ခြင်း

'IS 3a: အကြေခံစုအခွင့်အရေးများ'မှ ဇာတ်လမ်းအပိုင်းတစ်ခုစီဖြတ်ထုတ်ပါ။ ရွှေ့ပြောင်းသွားလာခြင်း၊လူကုန်ကူးခြင်းနှင့်ဆိုင်သော ဇာတ်လမ်းတစ်ခုစီကို ပြထားသောလိုင်းအတိုင်းသေချာခေါက်ပြီး အကြေခံစုများ အဖြစ် ပြုလုပ်ပါ။ ပြီးလျှင် အခွင့်အရေး အကြေခံစုများအားလုံးကို အိတ်ထဲသို့ ဦးထုပ်ထဲ ထည့်ပါ။

## မိတ်ဆက်

### ကြိုဆိုခြင်း

ပါဝင်သူများအားအမည်နှင့်တကွကြိုဆိုပါ။

### သွေးပူလေ့ကျင့်ခန်း

သွေးပူလေ့ကျင့်ခန်း ကစားနည်း စာရင်းမှ တစ်ခုကို ရွေးချယ်ပါ။

### ပြန်လည်သုံးသပ်ခြင်း

သင့်ပတ်ဝန်းကျင်မှလူများတွင် ရည်ရွယ်ချက်များရှိသည်ကို သတိထားမိပါသလား။ သင့်ရည်ရွယ်ချက်တွေက ဘာတွေလဲ။ သတိပြုရန်-ဤမေးခွန်းမှာအဖြေများအားမဖြေနိုင်သောလူငယ်များရှက်မနေစေရပါ။

လူငယ်များကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ဆက်တိုက်လာရောက်ရန်မှာအရေးကြီးပါသည်။

စက်ဝိုင်းပုံထိုင်နေရန်ပါဝင်သူများကိုပြောကြားပါ။

လွန်ခဲ့သော နှစ်ပေါင်း ၂၀အတွင်း ကမ္ဘာကြီး၏ ပြောင်းလဲသွားစေသောနည်းလမ်းများကို စဉ်းစားရန်အဖွဲ့ကို ပြောကြားပါ။ အကယ်၍ ၎င်းအရာမှာ ခြေကြားဖို့ ခက်ခဲလွန်းလျှင်၊ လွန်ခဲ့သောသုံးနှစ်အတွင်း လူထုအတွင်း ရွာ သို့မဟုတ် ခရိုင်အတွင်း ပြောင်းလဲသွားခဲ့သော တစ်စုံတစ်ရာအကြောင်း ကိုဖော်ပြဖို့ အဖွဲ့ကို ပြောကြားပါ။ ထို့နောက်သမိုင်းတွင် မည်သည့်အချိန်တုန်းကထက်မဆို ပိုမို၍ ငယ်ရွယ်သောလူငယ်များသည် အလုပ်အကိုင်များရှာဖွေရန်အတွက် ရွှေ့ပြောင်းသွားလာသည့်အတွက် ကမ္ဘာကြီး ပြောင်းလဲသွားခဲ့သည်ဆိုသော နည်းလမ်းတစ်ခုကို ထုတ်နုတ်ပြပါ။

အကယ်၍ အလုပ်အတွက်နှင့်ရွာမှထွက်ခွာသွားသောသူတစ်ယောက်ယောက်ကို သိသူရှိသလားဟု အဖွဲ့ကို မေးမြန်းပါ။

ရွှေ့ပြောင်းသွားလာခြင်းဆိုသောစကားရပ်မှာ လူတစ်ယောက်သည် အလုပ်အတွက်ရွှေ့ပြောင်းခြင်းကို ဆိုလိုကြောင်းရှင်းပြပါ၊ ရွှေ့ပြောင်းသွားလာသူဆိုသည်မှာ ရွှေ့ပြောင်းသွားလာခြင်းကို ပြုလုပ်သည့်သူကို ဆိုလိုခြင်းဖြစ်သည်။ အဖွဲ့ဝင်များကို ၎င်းတို့သည် ရွှေ့ပြောင်းသွားခြင်းဟူသော စကားရပ်ကို ကြားရသည့်အခါတွင် ၎င်းတို့မည်သည်ကို တွေးမိကြောင်းကို မေးမြန်းပါ။ ပါဝင်သူများကို စာရွက်ပေါ်တွင် စာဖြင့်ရေးသားဖို့ ကမ်းလှမ်းပါ သို့မဟုတ် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည်များကို ပုံများ ရေးဆွဲဖန်တီးပြရန် ၎င်းတို့ကိုဖိတ်ကြားလိုက်ပါ၊ စာများနှင့်ပုံများကို လူတိုင်းမြင်နိုင်သော နေရာတွင် ပြသပါ၊ ၎င်းသည် သူတို့လေ့ကျင့်ခန်းပြုလုပ်နေစဉ် ပါဝင်သူများ မြင်နိုင်မည့်နေရာတွင်ရှိသောကြောင့် ရွှေ့ပြောင်းသွားလာခြင်းအတွက် (အထက်ပါ)အဓိပ္ပာယ်ကို ရေးရလွယ်ကူစေရန် ကူညီပေးနိုင်သည်။

ရွှေ့ပြောင်းသွားလာခြင်းသည် ကောင်းမွန်သောအရာဖြစ်နိုင်သည်၊ ၎င်းသည် ငယ်ရွယ်သူများ အလုပ်အကိုင်များရှာဖွေနိုင်ရန်၊ နေရာသစ်တွေ တွေ့မြင်နိုင်ရန်၊ ပညာရပ်တစ်ခု တတ်မြောက်စေရန်အတွက် ကူညီနိုင်ကြောင်းရှင်းပြပါ။ ဤအခန်းထဲရှိ လူအများအပြားသည် ရွှေ့ပြောင်းသွားလာခြင်းကို စိတ်ကူးမိနိုင်ကြသည်၊ သို့သော် ရွှေ့ပြောင်းသွားလာခြင်းသည် အန္တရာယ်တစ်ခုလည်းပဲ ဖြစ်နိုင်သည်။ အခွင့်အရေး ယူလိုသူများ၊ ပိုက်ဆံရရှိစေရန်အတွက် ငယ်ရွယ်သော ရွှေ့ပြောင်းသူများကို လိမ်လည်သူများလည်း ရှိကြသည်။ ထိုလိမ်လည်မှုများသည် ငယ်ရွယ်သောလူငယ်များကို ဒုက္ခအကြီးအကျယ်ရောက်စေရန် ဦးတည်သွားတတ်သည်။

နောက်ထပ်အခန်းအနည်းငယ်သည် ငယ်ရွယ်သောရွှေ့ပြောင်းသွားလာသူများ ရင်ဆိုင်ကြုံတွေ့ရသောအန္တရာယ်များကို မြှင့်မိစေမည်ဖြစ်ကြောင်းရှင်းပြပါ။ သင်ရိုးညွှန်းတမ်းနောက်ပိုင်းတွင် အန္တရာယ်ကင်းစွာရွှေ့ပြောင်းသွားလာနိုင်မည့်နည်းလမ်းများအကြောင်း ဖော်ပြသည့်အခန်းများဖြစ်သည်။

တခါတရံတွင်ငယ်ရွယ်သောရွှေ့ပြောင်းသွားလာသူများသည်လူကုန်ကူးခြင်းခံရသည်ကိုရှင်းပြပါ။

**လူကုန်ကူးခြင်း** ဆိုသည်မှာထွက်ခွာရန် အလွန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားသည့် ခေါင်းပုံဖြတ်ခံရသည့်အလုပ်လုပ်ကိုင်ရန်အတွက် လိမ်လည် လှည့်ဖျားခံရခြင်း(သို့) **တွန်းအားပေး ခိုင်းစေခံရခြင်း** ကိုဆိုလိုသည်။လူကုန်ကူးခြင်းတွင်လူကုန်ကူးခံရသူများအား ခေါင်းပုံဖြတ်ရန်အတွက် တစ်နေရာမှ အခြားတစ်နေရာသို့ တွန်းအားပေး ခေါ်ဆောင်ခြင်းများပါဝင်သည်။

ပါဝင်သူများကို ၎င်းတို့လူကုန်ကူးခြင်းဆိုသောစကားရပ်အား ကြားရသည့်အချိန်တွင် ၎င်းတို့မည်သို့တွေးထင်မိသည်ဆိုတာကို မေးမြန်းပါ။ ပါဝင်သူများကို စာရွက်ပေါ်တွင် စာဖြင့် ရေးသားဖို့ကမ်းလှမ်းပါ။ သို့မဟုတ် လူကုန်ကူးခြင်းနှင့်ပတ်သက်သည်များကို ပုံများရေးဆွဲဖန်တီးပြရန် ၎င်းတို့ကိုဖိတ် ကြားလိုက်ပါ။ စာများနှင့်ပုံများကို လူတိုင်းမြင်နိုင်သောနေရာတွင်ပြသပါ။ ၎င်းသည် သူတို့လေ့ကျင့်ခန်းပြုလုပ်စဉ်ပါဝင်သူများမြင်နိုင်မည့်နေရာတွင်ရှိသောကြောင့်လူကုန်ကူးခြင်းအတွက် (အထက်ပါ)အဓိပ္ပာယ်ကိုရေးရလွယ်ကူစေရန်ကူညီပေးနိုင်သည်။

**တွန်းအားပေးခြင်း:**
လူတို့သည် လူကုန်ကူးခံရချိန်တွင် ၎င်းတို့ကိုအမျိုးမျိုးသောနည်းလမ်းများဖြင့် တွန်းအားပေးခံရနိုင်ကြောင်းရှင်းပြပါ။ လူကုန်ကူးခံရသူများသည် အမျိုးမျိုးသောနည်းလမ်းများဖြင့် အဓမ္မတွန်းအားပေးခြင်းခံရနိုင်သည်၊ အချို့မှာအလုပ်အကိုင်ကောင်းများရရှိမည်ဟု လိမ်လည်ခံရပြီး လက်တွေ့တွင် ၎င်းတို့ကိုအခြားသောအလုပ်များလုပ်ကိုင်ရန် တွန်းအားပေးခိုင်းစေခံရသည်၊ အချို့မှာစက်ရုံများ(သို့)စက်လှေများပေါ်တွင် သော့ခတ်ထားခြင်းခံရပြီး မထွက်ခွာနိုင်ကြပေ။ အချို့မှာမူ အလုပ်မှထွက်သွားပါက ၎င်းတို့ကို(သို့)၎င်းတို့မိသားစုကို လူကုန်ကူးသူများက အန္တရာယ်ပြုလိမ့်မည်ဟု ခြိမ်းခြောက် ပြောဆိုထားခြင်းခံရသည်။ဤအရာများသည်တွန်းအားပေးခြင်း၏ ဥပမာများဖြစ်သည်။

**လိမ်လည်လှည့်ဖြားခြင်း** - အမှန်တရားကို ဖုံးကွယ်ထားခြင်း (သို့) လွဲမှားစွာဖော်ပြခြင်း(သို့)မရိုးသားသောလုပ်ဆောင်ချက်များကိုဆိုလိုသည်။

**ခေါင်းပုံဖြတ်ခြင်း** - အကျိုးအမြတ်ရရှိရန်အတွက် လူတစ်ဦး တစ်ယောက်အားအသုံးချခြင်းသည်ခေါင်းပုံဖြတ်ခြင်းဖြစ်သည်။လူကုန်ကူးခံရသည့်အခါ ၎င်းတို့မလုပ်ချင်သောအလုပ်တစ်ခုတွင် အလုပ်လုပ်ရန် တွန်းအားပေးခိုင်းစေခံရခြင်း။လုပ်ခလစာမရဘဲ(သို့)လစာနည်းနည်းဖြင့်အလုပ်လုပ်ရန် တွန်းအားပေးခိုင်းစေခံရခြင်း၊ လိင်လုပ်ငန်းတွင် အလုပ်လုပ်ရန် တွန်းအားပေးခံရခြင်း။ (သို့)၎င်းတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရောင်းချရန်အတွက် ထုတ်ယူခံရနိုင်ခြင်းစသည်ဖြင့် ခေါင်းပုံဖြတ်ခံရနိုင်သည်၊

**လူကုန်ကူးသူ**တစ်ယောက်သည် လူများကို ကုန်ပစ္စည်းများ (သို့)လုပ်အားများကို ပိုက်ဆံအတွက် လဲလှယ်ရန်အားပေးသူတစ်ယောက်ဖြစ်သည်။

ပါဝင်သူများကို လူကုန်ကူးသူတစ်ယောက်သည် မကြာခဏပင် ယေါ်ရွယ်သောလူငယ်တစ်ယောက်ကို အမှတ်တကယ်မရှိသောအလုပ်တစ်ခုကိုကမ်းလှမ်းတတ်ကြသည်ဆိုတာကို ပြောပြပါ။ ယေါ်ရွယ်သောရွှေ့ပြောင်းသွားလာသူသည် အလုပ်လုပ်ဖို့ ခရီးထွက်သွားနိုင်သည်၊ အမှန်တကယ်အားဖြင့် သူ (သို့) သူမ အလိမ်ခံခဲ့ရ ကြောင်းကိုသာ တွေ့ရှိ တတ်ကြသည်။ ယေါ်ရွယ်သောသူသည်ထိုအလုပ်သည်မည်သို့သောအလုပ်မျိုးဖြစ်ကြောင်းသူ (သို့) သူမက လေ့လာသိရှိပြီး သောအခါ အိမ်သို့ပြန်ချင်ကြသည်၊သို့သော်ထိုသို့မပြုလုပ်နိုင်တော့ပေ။ ဥပမာအားဖြင့် တစ်ခါတစ်ရံများတွင် လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူများကို စက်ရုံထဲတွင်သော့ခတ်ထားတတ်ကြသည်။ တစ်ခါတစ်ရံတွင် လူကုန်ကူးသူက သူတို့ကို ထိုနေရာသို့ ရောက်အောင် ပို့ဆောင်ပေးရသည့် ခရီးစားရိတ်အတွက် ပိုက်ဆံကြွေးတင်နေသောကြောင့် သူတို့ပြန်၍ မရကြောင်း သူတို့ကိုပြောလိမ့်မည်။ တစ်ခါတစ်ရံတွင် လူကုန်ကူးသူသည် သူတို့ကိုခြိမ်းခြောက်ကြလိမ့်မည်၊ လူကုန်ကူးသူများသည် သူတို့ကို အလုပ်လုပ်ဖို့ အမျိုးမျိုးသော နည်းလမ်းများကိုအသုံးပြုကြလိမ့်မည်။ ရွှေ့ပြောင်းသွားလာများ အလုပ်လုပ်သောအခါ၊ သူတို့သည် အခြေအနေဆိုးဆိုးဖြင့်လုပ်ကြရပြီးလစာအနည်းငယ်သာရရှိမည် (သို့) လစာမရပဲ ဖြစ်ကြလိမ့်မည်။

လူကုန်ကူးခြင်းသည် လူမှောင်ခိုခြင်းနှင့် ကွဲပြားကြောင်း ရှင်းပြပါ။ လူတို့သည် လူမှောင်ခိုခြင်းခံရဖို့ ရွေးချယ်ကြသည်။ မှောင်ခိုကူးခံရသောအခါ သူတို့သည် နယ်စပ်မျဉ်းကိုတရားမဝင်ဖြတ်ကျော်ခေါ် ဆောင်သွားဖို့ တစ်စုံတစ်ယောက်ကို အခကြေးငွေပေးရသည်။ နိုင်ငံတကာ နယ်ခြားမျဉ်းကို ကျော်ဖြတ်၍ လူမှောင်ခိုခြင်း ခံရသူများသည် များလှသော အန္တရာယ်ဖြစ်နိုင်ချေများကို လုပ်ဆောင်ရသည်။ ၎င်းတို့သည် လူမှောင်ခိုကူးသူမှ အနိုင်ကျင့်မှု (သို့) သူတို့၏ ပိုက်ဆံများ အခိုးခံရမှုတို့ကိုကြုံတွေ့ရနိုင်သည်။သူတို့၏ပန်းတိုင်သို့ရောက်ရှိသောအခါ ထိုနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာခြင်း ဖြစ်သောကြောင့်တရားဥပဒေအကူအညီရယူဖို့ ကြောက်ရွံ့တတ်ကြသည်။

မေးခွန်းမေးချင်သူ ရှိ /မရှိ မေးမြန်းပါ၊ ပြီးနောက် ဤခေါင်းစဉ်နှင့်ပတ်သက်၍ နောက်ပိုင်းအဖွဲ့အစည်းအဝေးများတွင် ပိုမိုလေ့လာရမည်ဖြစ်ကြောင်းရှင်းပြပါ။

## အကြွေစေ့အခွင့်အလမ်းလုပ်ငန်းစဉ်

ပါဝင်သူများကို လက်ခုပ်တီးကြပါဟုပြောကြားပါ။ သူတို့လက်ခုပ်တီးနေချိန်တွင် အဖွဲ့အတွင်း အကြွေစေ့အခွင့်အလမ်းများထည့်ထားသောအိတ်ကို လက်ဆင့်ကမ်းခိုင်းပါ။ သင့်လက်ကို သင်မြှောက်လိုက်သောအခါ အဖွဲ့သည် လက်ခုပ်တီးခြင်းကို ရပ်တန့်ရမည်၊ ပြီးနောက် အိတ်ရရှိသောသူသည်သူ (သို့) သူမ၏ မျက်လုံးများကိုမှိတ်ထားရမည်၊ အိတ်ထဲမှအကြွေစေ့အခွင့်အလမ်းတစ်ခုကိုနှိုက်ယူပြီး ကိုင်ထားရမည်ဖြစ်ကြောင်းကိုရှင်းပြပါ။ အခြားနည်းလမ်းတစ်ခုမှာ တီးလုံးတစ်ခုဖွင့်ထားပြီး သင်ကတီးလုံးကိုရပ်တန့်လိုက်သောအခါ အိတ်ရရှိထားသောမည်သူမဆိုတူညီစွာ လုပ်ဆောင်ရမည်ဆိုသည်ကိုရှင်းပြပါ။အကြွေစေ့အခွင့်အလမ်းများအားလုံးဝေပြီးသွားလျှင် လူတိုင်းကို လက်ခုပ်တီးတာရပ်တန့်ဖို့ (သို့) တီးလုံးရပ်တန့်ဖို့ ပြောကြားပြီးရရှိထားသောအကြွေစေ့ကိုတစ်ဖက်လှန်၍ အကြွေစေ့အခွင့်အလမ်းကို ကျယ်လောင်စွာဖတ်ပြဖို့ ပြောကြားပါ။ သူတို့သည် လူကုန်ကူးခြင်းလား (သို့)လူမှောင်ခိုခြင်းလားဆိုသော ထိပ်ဆုံးခေါင်းစဉ်ကို မဖတ်ရန် သေချာစွာပြောပါ။

ပါဝင်သူတစ်ဦးစီသည် ၎င်းတို့၏အကြွေစေ့အခွင့်အလမ်းကို ဖတ်ပြီးနောက်ဤအခြမ်းမှ အကြွေစေ့သည်လူကုန်ကူးခြင်းကိုဖော်ပြသလား (သို့) လူမှောင်ခိုခြင်းကို ဖော်ပြသလားဆိုတာကို ဆွေးနွေးရန်အဖွဲ့ကို ပြောကြားပါ၊ ပြီးလျှင်အဘယ့်ကြောင့်ဆိုသည်ကိုသူတို့အားရှင်းပြခိုင်းပါ။ ဆွေးနွေးပြီးနောက် သူတို့ကို အကြွေစေ့အားလှန်လိုက်ရန် ပြောကြားပါ၊ ပြီးနောက်အခြားတစ်ဖက်ကိုဖတ်ခိုင်းပါ။ အခြားတစ်ဖက်ခြမ်းသည် မည်ကဲ့သို့ ကွာခြားကြောင်းကို ဖော်ပြဖို့အဖွဲ့ကို ပြောကြားပါ။

## အဓိပ္ပာယ်သတ်မှတ်ချက်များ ကိုလေ့လာသင်ယူခြင်း

ကျွမ်းကျင်သောလမ်းပြ စာအုပ်ငယ်များကို ဝေပါ။ ဤစာအုပ်ငယ်များတွင် ပါဝင်သူများအတွက်အရေးကြီးသောသတင်းအချက်အလက်များပါဝင်ကြောင်းကို ရှင်းပြပါ။ ပါဝင်သူတစ်ဦးစီသည် သူ (သို့) သူမ၏အမည်ကို စာအုပ်ပေါ်တွင် ယခုပင်ရေးသားသင့်သည်။ သင်ရိုးညွှန်းတမ်းတွင် စာအုပ်ငယ်များကို အသုံးပြုလိမ့်မည်ဖြစ်ကြောင်းရှင်းပြပါ၊ ပြီးလျှင်ပါဝင်သူများအား ပျောက်မသွားစေရန်၎င်းတို့ကိုနေ့စဉ်မှတ်တမ်းများနှင့်အတူသေတ္တာထဲတွင် သိမ်းထားသင့်သည်။ထို့နောက် သင်ရိုးညွှန်းတမ်းအဆုံး တွင်ပါဝင်သူများသည် စာအုပ်ငယ်များကို အိမ်သို့ ယူဆောင်သွားနိုင်သည်။

ကလေးသူငယ်များကို လူကုန်ကူးခြင်းနှင့် သက်ဆိုင်သော ဥပဒေများနှင့် အရွယ်ရောက်ပြီးသူများကိုလူကုန်ကူးခြင်းအတွက်သက်ဆိုင်သော ဥပဒေများ မတူညီကြကြောင်းကို ရှင်းပြပါ။ အကယ်၍ကလေးတစ်ယောက်ကို အလုပ်လုပ်ရာတွင်၊ လိင် (သို့)ခန္ဓာကိုယ်အစိတ်အပိုင်းများ အတွက် ခေါင်းပုံဖြတ်ခြင်းပြု လုပ်ခဲ့လျှင် ၎င်းကို လူကုန်ကူးခြင်းဟု ယူဆနိုင်သည်၊ သူတို့သည်တွန်းအားပေးခံရသည် (သို့) ထိန်းချုပ်ခံရသည်ဟု ကလေးသူငယ်များသည်သက်သေပြရန်မလိုအပ်ပေ။ တစ်စုံတစ်ယောက်၏လုပ်ဆောင်မှုကြောင့်ခေါင်းပုံဖြတ်ခံရသည့်အခြေအနေတွင် ကလေးကိုထားရှိစေခြင်းကို ပြသနိုင်လျှင်ပင် လုံလောက်ပါသည်။

လူကုန်ကူးခြင်းတွင် ရွှေ့ပြောင်းသွားလာခြင်းပါရှိတတ်သော်လည်း၊ လူတစ်ယောက်သည် ရွှေ့ပြောင်းသွားလာမှုမရှိပဲနှင့်လည်းလူကုန်ကူးခြင်းခံရနိုင်သည်ကို ရှင်းပြပါ။

ပါဝင်သူများကို နှစ်ယောက်စီတွဲဖို့ပြောကြားပါ။သူတို့ကိုသူတို့၏ကျွမ်းကျင်သောလမ်းပြ စာအုပ်ငယ်ထဲရှိစာမျက်နှာ၂မှ'လူကုန်ကူးခြင်းဆိုသည်မှာအဘယ်နည်း။ လူမှောင်ခိုခြင်းဆိုသည်မှာအဘယ်နည်း။' ကိုလှန်ပါ။ သူတို့ကို အတူတကွဖတ်ကြားရန် ပြောကြားပြီးမေးစရာမေးခွန်းများရှိလာပါကမှတ်သားရန်ပြောကြားပါ။ စာအုပ်ငယ်ကိုပထမအကြိမ်စတင်အသုံးပြုရာတွင် သူတို့သည် အရှင်းရှင်းကူညီနိုင်ပါသလား။ မဟုတ်ပါက၊ သူတို့၏ မေးခွန်းများကို သင့်အားမေးမြန်းနိုင်သည်။

## နေ့စဉ်မှတ်တမ်း

အလုပ်အတွက် ရွာမှထွက်ခွာသွားသောလူများ၊ ၎င်းတို့ရောက်ရှိပြီးသောနေရာများနှင့် ၎င်းတို့ လုပ်ခဲ့ရသော အလုပ်များအကြောင်းကိုသူတို့၏နေ့စဉ် မှတ်တမ်းထဲတွင် စာရေးသားခြင်း (သို့) ပုံရေးဆွဲခြင်းဖြင့် ဖော်ပြရန်အဖွဲ့ကို ပြောကြားပါ။ သူတို့သည် ဤလူများလုံခြုံသည်ဟု ထင်ပါသလားဆိုတာ ကိုစာရေးသားရန် သူတို့ကို ပြောကြားပါ။

၁၅မိနစ်ကြာပြီးနောက်၊ နေ့စဉ်မှတ်တမ်းများကို သိမ်းဆည်းပြီး သေတ္တာထဲတွင် သော့ခတ်ထားပါ။သူတို့၏နေ့စဉ်မှတ်တမ်းရေးသည့်အရာများကို အခြားသူများအား မပြောကြားပါနှင့်။

### အခန်းအကျဉ်းချုပ်

- **ရွှေ့ပြောင်းသွားလာခြင်း**ဟူသောစကားလုံးသည် လူတစ်ဦးသည် အလုပ်တစ်နေရာမှ အခြားတစ်နေရာရွှေ့ပြောင်းသွားလာသောဖြစ်စဉ်ကိုဆိုလိုသည်။
  ရွှေ့ပြောင်းသူ သည် ထိုကဲ့သို့သောလူမျိုးကို ဖော်ပြသည်။ ရွှေ့ပြောင်းသွားလာသောသူတိုင်းသည် လူကုန်ကူးခြင်း မခံရပေ။
- လူကုန်ကူးခြင်းတွင်အစိတ်အပိုင်းသုံးခုပါဝင်သည်-
  - လုပ်ဆောင်ချက်-သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့) လက်ခံခြင်း။
  - နည်းလမ်းများ (အသက်၁၈နှစ်နှင့် ထို့ထက်ငယ်သောလူငယ်များအတွက် မပါဝင်)-ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားသုံးခြင်း၊ အခြားနည်းလမ်းဖြင့် အနိုင်အထက် ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာအလွဲသုံးစားပြုခြင်း။
  - ရည်ရွယ်ချက်-ခေါင်းပုံဖြတ်ခြင်း (အတင်းအဓမ္မအလုပ်စေခိုင်းခြင်း၊ ကျွန်ပြုခြင်း၊ ပြည့်တန်ဆာ/လိင်လုပ်သား၊ သူတစ်ပါးခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအားထုတ်ယူ ဖယ်ရှားခြင်း)။
- **ကလေးသူငယ်များအားလူကုန်ကူးခြင်း။** ကလေးတစ်ဦးကို အလုပ်အကိုင်အတွက် လိင်မှုကိစ္စ (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် ခေါင်းပုံဖြတ်ခဲ့လျှင် ထိုအရာကို လူကုန်ကူးခြင်းဟုသတ်မှတ်နိုင်သည်။ကလေးများလူကုန်ကူးခံရသည်ဟုသတ်မှတ်ရန်အတွက်၎င်းတို့သည်တွန်းအားပေးခံရခြင်း (သို့) ထိန်းချုပ် ခံရခြင်းများ ဖြစ်နေသည်ဟု ပြသရန်မလိုအပ်ပေ၊ တစ်စုံတစ်ဦး၏လုပ်ရပ်ကြောင့် ကလေးသည် ခေါင်းပုံဖြတ်ခံရသည့်အခြေအနေတွင်ရောက်ရှိနေလျှင်ပင် ထိုကလေးကို လူကုန်ကူးခံရသူဟု သတ်မှတ်ရန် လုံလောက်ပါသည်။

  လူကုန်ကူးခြင်းသည် လူမှောင်ခိုခြင်း နှင့်ကွာခြားလှသည်။ အဘယ့်ကြောင့်ဆိုသော် လူများသည် လူမှောင်ခိုခြင်းကိုရွေးချယ်ကြသည် သူတို့သည်လူကုန်ကူးခံရဖို့ မရွေးချယ်ကြပါ။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများအား မေးစရာရှိသည်များကို ရေးသားရန် (သို့) မေးမြန်းရန်၊ ပြီးလျှင်/သို့မဟုတ် ပြန်လည်ဖြေဆိုရန်ကို စီစဉ်ပေးပြီး ၎င်းကိုဦးဆောင်သူများလက်သို့ အမည်မရေးသားပဲ ပေးအပ်ပါ။

ပါဝင်သူများတွင် မေးစရာမေးခွန်းများရှိခဲ့လျှင် (သို့) သင့်ကို ကိုယ်ရေးကိုယ်တာစကားပြောဖို့ဆန္ဒရှိခဲ့လျှင် ပြောကြားရန်အတွက် သင်ခန်းစာပြီးဆုံးပြီး ၁၀ မိနစ်တိုင်အောင် သင်သည် စာသင်ခန်းထဲတွင် ဆက်လက်ရှိနေမည်ဆိုတာကို ရှင်းပြပါ။ လာရောက်ကြသည့်လူတိုင်းကို ကျေးဇူးတင်ပါ။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ဤအတန်းကိုတက်ခြင်းဖြင့် သူတို့သည် နောက်ထပ်ကြယ်ပွင့်ရရှိဖို့ ထိုက်တန်ကြောင်း သတိပေးပါ။

## ရွှေ့ပြောင်းသွားလာခြင်း

စုစုသည် မြန်မာပြည်တွင် နေထိုင်ခဲ့သော ၁၃နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သည်။ သူမ၏ အဒေါ်က စုစုကို သူမသည် မလေးရှားတွင် အလုပ်ကောင်းကောင်း ရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။ စုစုက သဘောတူခဲ့သည်။ စုစုကို ရန်ကုန်သို့ ခေါ်ဆောင်ခဲ့ပြီး အခြားသော ကျေးရွာများမှ အခြားသောမိန်းကလေးများနေထိုင်နေကြသည့်အိမ်တစ်လုံးတွင်ထားခဲ့သည်။ စုစုသည် ထိုနေရာတွင် ၃ပတ်ခန့် နေခဲ့ရသည်။ သူတို့ကို စောင့်ကြပ်ပြီး သူတို့၏နိုင်ငံကူးလက်မှတ်များနှင့် အထောက်အထားများကို သိမ်းယူထားသောမိန်းမကြီး တစ်ယောက်ရှိသည်။ နောက်ဆုံးတွင် စုစုသည်မလေးရှားသို့ရောက်သွားခဲ့သည်။သူမသည် မိသားစုတစ်စုတွင်အလုပ်လုပ်ဖို့ရန် ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ သူမသည် မိသားစုအတွက်သုံးနှစ်အလုပ်လုပ်ခဲ့ပြီး လစဉ်လစာအနည်းငယ်မျှသာ ရရှိခဲ့သည်။

## ရွှေ့ပြောင်းသွားလာခြင်း

ဗီလာသည် လာအိုနိုင်ငံတွင် နေထိုင်ခဲ့သော လူငယ်တစ်ယောက် ဖြစ်သည်။ သူ၏သူငယ်ချင်းအတော်များများသည် အလုပ်လုပ်ရန် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားခဲ့ကြပြီးနောက် သူတို့နောက်ကိုလိုက်ရန် ဗီလာဆုံးဖြတ်ခဲ့သည်။ ဗီလာကို ငါးလုပ်ငန်းစက်ရုံတစ်ခုတွင် အလုပ်သွင်းပေးနိုင်ကြောင်း ပြောကြားခဲ့သူလူတစ်ယောက်နှင့် တွေ့ခဲ့သည်။ ဗီလာသည်ထိုလူနှင့်အတူ နယ်စပ်မျဉ်းကို ဖြတ်၍ ထိုင်းနိုင်ငံသို့ ခရီးထွက်ခဲ့သည်။ ဗီလာသည် စက်ရုံရှိသောမြို့သို့ ရောက်ခဲ့သည်။ သူသည် စက်ရုံတွင် အလုပ်စလုပ်ခဲ့သည်။ အလုပ်သည် ပင်ပန်းလှပြီး သူသည် နာရီများစွာ အလုပ်လုပ်ခဲ့ရသည်။ သူသည် လစာ အနည်းငယ်သာ ရှိသည်၊ သို့သော် နေထိုင်ဖို့ရန်အတွက်တော့ လုံလောက်သည်။ ဗီလာသည် ထိုစက်ရုံတွင် သုံးနှစ်အလုပ်လုပ်ခဲ့သည်။

## ရွှေ့ပြောင်းသွားလာခြင်း

မရီသည် ဗီယက်နမ်မှ အမျိုးသမီးငယ်တစ်ယောက် ဖြစ်ခဲ့သည်။ သူမ၏မိခင်သည်နာမကျန်းဖြစ်နေခဲ့ပြီး ထို့အတွက်ကြောင့် သူမသည် ချမ်းသာသော အိမ်နီးချင်းကို ချဉ်းကပ်၍ အကယ်၍ သူမကို အလုပ်ရဖို့ကူညီနိုင်ပါက ကူညီရန် ပြောကြားခဲ့သည်။ အိမ်နီးချင်းက သူမကို ဟိုချီမင်းရှိ စားသောက်ဆိုင်တစ်ခုတွင် ပန်းကန်ဆေးသော အလုပ်တစ်ခုရှာပေးဖို့ ကူညီနိုင်ကြောင်း ပြောကြားခဲ့သည်။ မရီက သဘောတူခဲ့ပြီး ဟိုချီမင်းသို့ ခရီးထွက်ခဲ့ပြီး သူမသည် ပန်းကန်ဆေးသမားနှင့် သန့်ရှင်းရေးအလုပ်သမားအဖြစ် စတင်အလုပ်လုပ်ခဲ့သည်။ အလုပ်က ပင်ပန်းပြီး မရီသည်အထီးကျန်လှသည်၊ သို့သော် သူမသည် သူမ၏လစာကို စုဆောင်းပြီး သူမမိခင်ဆီ ပို့ချင်သည်ကို ပို့ခဲ့ရသည်။

## လူကုန်ကူးခြင်း

စုစုသည် မြန်မာပြည်တွင်နေထိုင်ခဲ့သော ၁၃နှစ်အရွယ်မိန်းကလေးတစ်ဦးဖြစ်သည်။သူမ၏အဒေါ်က စုစုကို သူမသည် မလေးရှားတွင်အလုပ်ကောင်းကောင်းရရှိနိုင်ကြောင်းပြောကြားခဲ့သည်။ စုစုက သဘောတူခဲ့သည်။ စုစုကို ရန်ကုန်သို့ ခေါ်ဆောင်ခဲ့ပြီး အခြားသောကျေးရွာများမှ အခြားသောမိန်းကလေးများ နေထိုင်နေကြသည့်အိမ်တစ်လုံးတွင်ထားခဲ့သည်။ သူတို့ကို စောင့်ကြပ်ပြီး သူတို့၏နိုင်ငံကူးလက်မှတ်များနှင့်အထောက်အထားများကို သိမ်းယူထားသော မိန်းမကြီးတစ်ယောက်ရှိသည်။ သူတို့ကိုထမင်းကျွေးထားသော်လည်း သူတို့ကို အိမ်အပြင်သို့ ထွက်ရန် ခွင့်မပြုပေ။ သူတို့သည် သော့ခတ်ထားခြင်းခံခဲ့ရသည်။ နောက်ဆုံးတွင် စုစုသည် မလေးရှားသို့ ရောက်သွားခဲ့သည်။ သူမသည် မိသားစုတစ်စုတွင် အလုပ်လုပ်ဖို့ရန် ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ သူတို့က သူမသည် သူတို့အပေါ်တွင် လေယာဉ်၊ နိုင်ငံကူးလက်မှတ်အတွက် ကုန်ကျစရိတ်နှင့်သူမ၏စားစရိတ်အတွက် ပိုက်ဆံအကြွေးတင်နေပြီး သူတို့သူမကို လစာမပေးခင်သူမသည်၃နှစ်လစာမဲ့အလုပ်လုပ်ပေးရမည်ဖြစ်ကြောင်း သူမကို ပြောကြားသည်။ သူတို့သည်သူမကို တိုက်ခန်းထဲတွင် သော့ခတ်ထားပြီး သူမကို အိမ်အပြင်ထွက်ရန် သို့မဟုတ် သူမမိသားစုကို ဖုန်းဆက်ရန်ခွင့်မပြုကြောင်း သူမကို ပြောခဲ့သည်။

## လူကုန်ကူးခြင်း

ဗီလာသည်လာအိုနိုင်ငံတွင် နေထိုင်ခဲ့သောလူငယ်တစ်ယောက်ဖြစ်သည်။ သူ၏သူငယ်ချင်းအတော်များများသည် အလုပ်လုပ်ရန် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားခဲ့ကြပြီးနောက် သူတို့နောက်ကိုလိုက်ရန် ဗီလာဆုံးဖြတ်ခဲ့သည်။ သူသည် သူ့ကို ငါးလုပ်ငန်း စက်ရုံတစ်ခုတွင် အလုပ်သွင်းပေးနိုင်ကြောင်း ပြောကြားခဲ့သူလူတစ်ယောက်နှင့်သူတွေ့ခဲ့သည်။ ထိုသူက ဗီလာကို လမ်းစရိတ် ခံပေးမည်ဟုပြောသည်။ ဗီလာအလုပ်ရပြီးမှသူ့ကို ပြန်ဆပ်ရန်ပြောသည်။ ထိုလူနှင့်အတူ နယ်စပ်မျဉ်းကို ဖြတ်၍ထိုင်းနိုင်ငံသို့ ခရီးထွက်ခဲ့သည်။သို့သော်သူအလုပ်သို့ရောက်ရှိသောအခါ၊ သူ့ကို ကတိပေးထားခဲ့သလို ဖြစ်မလာခဲ့တော့ပေ။ သူသည်နာရီပေါင်းများစွာ အလုပ်လုပ်ခဲ့ရပြီးအကယ်၍သူသည်အလုပ်သမားခေါင်းဆောင်ကို ဒေါသထွက်ခဲ့ပါက သူ၏နာခေါင်းထဲသို့ သံချောင်းများထိုးသွင်းခံရခြင်းဖြင့် အပြစ်ပေးခံရပေမည်။ သူအလုပ်မှ ထွက်ချင်သည်။ သို့သော် သူသည် ထိုခရီးစဉ်၏ကုန်ကျစားရိတ်အတွက် ပိုက်ဆံကြွေးတင်နေပြီး စက်ရုံပိုင်ရှင်က အကယ်၍သူထွက်သွားပါက ရဲကိုခေါ်ပြီး ဗီလာကို ဖမ်းခိုင်းမည်ဟုပြောကြားထားသည်။

## လူကုန်ကူးခြင်း

မရီသည် ဗီယက်နမ်မှ အမျိုးသမီးငယ်တစ်ယောက်ဖြစ်ခဲ့သည်။ သူမ၏မိခင်သည် နာမကျန်းဖြစ်နေခဲ့ပြီး ထို့အတွက်ကြောင့် သူမသည် ချမ်းသာသောအိမ်နီးချင်းကို ချဉ်းကပ်ပြီး အကယ်၍ သူမကိုအလုပ်ရဖို့ ကူညီနိုင်ပါက ကူညီရန် ပြောကြားခဲ့သည်။ အိမ်နီးချင်းက သူမကို ဟိုချီမင်းရှိစားသောက်ဆိုင်တစ်ခုတွင် ပန်းကန်ဆေးသောအလုပ်တစ်ခုရှာပေးဖို့ ကူညီနိုင်ကြောင်း ပြောကြားခဲ့သည်။ မရီကသဘောတူခဲ့သည်။ သို့သော် ဟိုချီမင်းသို့ သူမရောက်သောအခါ၊ စားသောက်ဆိုင်ဆိုသည်မှာ အမှန်တကယ် တွင်ဆောင်ကြာမြိုင်ဖြစ်နေသည်ကို သူမတွေ့ရှိခဲ့ရသည်။ အသိနောက်ကျသွားခဲ့ပြီး ဆောင်ကြာမြိုင်ပိုင်ရှင်က ဒီညအတွက် ဒီမှာအိပ်နိုင်ပြီး မနက်ကျလျှင် ထွက်သွားဖို့ပြောခဲ့သည်။သို့သော် မနက်ရောက်သောအခါ ဆောင်ကြာမြိုင် ပိုင်ရှင်က သူမ၏ချမ်းသာသောအိမ်နီးချင်းက မရီကိုဆောင်ကြာမြိုင်တွင်ရောင်းချခဲ့ကြောင့် မရီကိုပြောခဲ့သည်။ သူမက ယခုအခါတွင် မရီသည် တန်ဖိုးကို ပြန်လည်ပေးဆောင်ရန်အတွက် လိင်ရောင်းချရန်လိုအပ်ကြောင်း သို့မဟုတ်လျှင်ရဲက မရီ၏မိခင်ကို ပြဿနာရှာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မရီသည် ဆောင်ကြာမြိုင်တွင် နေထိုင်ခဲ့ပြီး ပြည့်တန်ဆာအဖြစ် အလုပ်လုပ်ခဲ့သည်။

# 3 IS 3b: လူကုန်ကူးခြင်းဆိုသည်မှာအဘယ်နည်း။ ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာအဘယ်နည်း။

ပါလာမိုပရိုတိုကောလ်၏စာပိုဒ်(က)၊ အပိုဒ်ခွဲ၃အရလူကုန်ကူးခြင်း၏အပြည်ပြည်ဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်မှာ- ခေါင်းပုံဖြတ်ရန်ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးအားခြိမ်းခြောက်ခြင်း (သို့)အင်အားသုံးခြင်း(သို့) အခြားပုံစံဖြင့်အတင်းအကြပ် အနိုင်အထက်ပြုခြင်း၊ ဖြားယောင်း ခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖျားခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း၊ ရပ်တည်ရန်ခက်ခဲသော အခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူတစ်ဦးတစ်ယောက်၏သဘောတူညီမှုရရှိရန်အကျိုးအမြတ်ပေးခြင်း (သို့) ရယူခြင်းဖြင့် လူတစ်ဦးဦးအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း(သို့) လက်ခံထားခြင်း တို့ကိုဆိုလိုသည်။ ခေါင်းပုံဖြတ်ခြင်းဟုဆိုရာတွင် အနည်းဆုံး ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်သဖွယ်ပြုခြင်း (သို့) ကျွန်ကဲ့သို့ အလုပ်လုပ်ရသော အခြေအနေ၊ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်းများ ပါဝင်သည်။

**လူကုန်ကူးခြင်းတွင်အောက်တွင်ဖော်ပြထားသောအစိတ်အပိုင်းသုံးမျိုးပါဝင်သည်။**

| လုပ်ဆောင်ချက် | | နည်းလမ်းများ | | ရည်ရွယ်ချက် | | |
|---|---|---|---|---|---|---|
| သိမ်းသွင်းစုဆောင်းခြင်း<br>သယ်ယူပို့ဆောင်ခြင်း<br>လွှဲပြောင်းခြင်း<br>ခိုလှုံခွင့်ပေးခြင်း<br>လက်ခံခြင်း | + | ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း (သို့) အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း (သို့)ဘဝရပ်တည်ရန်ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူ တစ်ဦးတစ်ယောက်၏ သဘောတူညီချက်ရရှိရန်ငွေကြေး (သို့) အကျိုးအမြတ်ပေးခြင်း | + | ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်း၊ အခြားပုံစံများဖြင့် ခေါင်းပုံဖြတ်ခြင်းများ | = | လူကုန်ကူးခြင်း |



UNODC, 'လူကုန်ကူးခြင်း' https://www.unodc.org/unodc/en/human-trafficking/what-is-human-trafficking.html#ref=menuside.

**လူကုန်ကူးခြင်း**ဆိုသည်မှာ ထွက်ခွာရန် အလွန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိသွားသည့်ခေါင်းပုံဖြတ်ခံရသည့်အလုပ်လုပ်ကိုင်ရန်အတွက် လိမ်လည် လှည့်ဖျားခံရခြင်း(သို့) **တွန်းအားပေး နိုင်းစေခံရခြင်း** ကိုဆိုလိုသည်။လူကုန်ကူးခြင်းတွင်လူကုန်ကူးခံရသူများအား ခေါင်းပုံဖြတ်ရန်အတွက် တစ်နေရာမှ အခြားတစ်နေရာသို့ တွန်းအားပေး ခေါ်ဆောင်ခြင်းများပါဝင်သည်။

**တွန်းအားပေးခြင်း** လူကုန်ကူးခံရသူများသည် အမျိုးမျိုးသောနည်းလမ်းများဖြင့် အဓမ္မတွန်းအားပေးခြင်းခံရနိုင်သည်။ အချို့မှာအလုပ်အကိုင်ကောင်းများရရှိမည်ဟု လိမ်လည်ခံရပြီး လက်တွေ့တွင်၄င်းတို့ကိုအခြားသောအလုပ်များလုပ်ကိုင်ရန်တွန်းအားပေးနိုင်းစေခံရသည်။ အချို့မှာ စက်ရုံများ (သို့)စက်လှေများပေါ်တွင် သော့ခတ်ထားခြင်းခံရပြီး မထွက်ခွာနိုင်ကြပေ။ အချို့မှာမူအလုပ်မှထွက်သွားပါက ၄င်းတို့ကို (သို့) ၄င်းတို့မိသားစုကို လူကုန်ကူးသူများက အန္တရာယ်ပြုလိမ့်မည်ဟု ခြိမ်းခြောက် ပြောဆိုထားခြင်းခံရသည်။ဤအရာများသည်တွန်းအားပေးခြင်း၏ ဥပမာများဖြစ်သည်။

**လိမ်လည်လှည့်ဖြားခြင်း** - အမှန်တရားကိုဖုံးကွယ်ထားခြင်း(သို့)လွဲမှားစွာဖော်ပြခြင်း (သို့)မရိုးသားသော လုပ်ဆောင်ချက်များကိုဆိုလိုသည်။

**ခေါင်းပုံဖြတ်ခြင်း** - အကျိုးအမြတ်ရရှိရန်အတွက် လူတစ်ဦး တစ်ယောက်အားအသုံးချခြင်းသည်ခေါင်းပုံဖြတ်ခြင်းဖြစ်သည်။လူကုန်ကူးခံရသည့်အခါ ၄င်းတို့မလုပ်ချင်သောအလုပ်တစ်ခုတွင် အလုပ်လုပ်ရန်တွန်းအားပေးနိုင်းစေခံရခြင်း၊ လုပ်ခလစာမရဘဲ(သို့)လစာနည်းနည်းဖြင့်အလုပ်လုပ်ရန် တွန်းအားပေးနိုင်းစေခံရခြင်း၊ လိင်လုပ်ငန်းတွင် အလုပ်လုပ်ရန် တွန်းအားပေးခံရခြင်း၊ (သို့) ၄င်းတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရောင်းချရန်အတွက် ထုတ်ယူခံရနိုင်ခြင်းစသည်ဖြင့် ခေါင်းပုံဖြတ်ခံရနိုင်သည်။

**ကလေးသူငယ်လူကုန်ကူးခြင်း** - ကလေးတစ်ဦးကို အလုပ်အကိုင်အတွက် လိင်မှုကိစ္စ (သို့) ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် ခေါင်းပုံဖြတ်ခဲ့လျှင် ထိုအရာကို လူကုန်ကူးခြင်းဟုသတ်မှတ်နိုင်သည်။ ကလေးများ လူကုန်ကူးခံရသည်ဟုသတ်မှတ်ရန်အတွက် ၄င်းတို့သည်တွန်းအားပေးခံရခြင်း(သို့) ထိန်းချုပ်ခံရခြင်းများဖြစ်နေသည်ဟုပြသရန်မလိုအပ်ပေ။တစ်စုံတစ်ဦး၏လုပ်ရပ်ကြောင့် ကလေးသည် ခေါင်းပုံဖြတ်ခံရသည့်အခြေအနေတွင် ရောက်ရှိနေလျှင်ပင် ထိုကလေးကို လူကုန်ကူးခံရသူဟု သတ်မှတ်ရန် လုံလောက်ပါသည်။

**ရွှေ့ပြောင်းသွားလာခြင်း** ဆိုသည်မှာ လူတစ်ဦးသည် အလုပ် တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားလာသောဖြစ်စဉ်ကို ဆိုလိုသည်။ ၄င်းကို ရွှေ့ပြောင်းသွားလာသူ ဟုခေါ်သည်။

# အခန်း (၄)

# 4 လူကုန်ကူးခြင်းသည်မည်သည့်နေရာတွင်မဆိုဖြစ်နိုင်သည်

## ရည်ရွယ်ချက်

ပါဝင်သူများသည် လူကုန်ကူးသူများကို အဓိပ္ပာယ်သတ်မှတ်နိုင်သည်။ ပါဝင်သူများသည် လူကုန်ကူးခြင်းသည် မည်သည့်နေရာတွင်မဆိုဖြစ်ပွားနိုင်ကြောင်း သိရှိထားပြီး လူကုန်ကူးသည့်ဖြစ်စဉ်တစ်ခုတွင် လူကုန်ကူးသူ တစ်ယောက်မကပါဝင်နိုင်ကြောင်း သိရှိကြသည်။ လူကုန်ကူးသူများသည် သူငယ်ချင်းများ၊ အိမ်နီးချင်းများ၊ လူစိမ်းများ (သို့) ဆွေမျိုးများလည်းဖြစ်နိုင်သည်။

## အချိန်

၉၀ မိနစ်

## ပြင်ဆင်ခြင်း

နံရံပေါ် ရှိမျဉ်းတစ်ကြောင်းပေါ်တွင် 'IS 4b: နေရာပြသင်္ကေတများ' တစ်ခုစီကို ချိတ်ထားပါ။ သင်္ကေတတစ်ခုနှင့်တစ်ခုကြားတွင်(၂)မီတာခန့်ခွာထားပါ။

အထောက်အပံ့ပစ္စည်းများ

- အနည်းဆုံး ' IS 4a: ခရီးသွားကဒ်များ' မိတ္တူငါးခုကိုခရီးတစ်ခုချင်းစီအတွက်ပိုင်းဖြတ်ပါ ( ပါဝင်သူတစ်ယောက်စီသည်ခရီးစဉ်တစ်ခုလိုအပ်သည်၊ပြီးလျှင် IS တွင်ခရီးစဉ်ငါးခုရှိသည်)
- သီးခြားစာရွက်တစ်ခုစီပေါ်တွင် 'IS4b: နေရာပြသင်္ကေတများ' တစ်ခုစီကိုစာလုံးကြီးဖြင့်ရေးပါ။
- 'IS 4c: လူကုန်ကူးသူပုံရိပ်' တစ်ခုစီကိုမိတ္တူတစ်ခုစီပြုလုပ်ပါ။သရုပ်ပြတစ်ခုစီ၏အောက်ခြေရှိလူကုန်ကူးသူရုပ်ပုံဖော်ပြချက်များသည်ကိုးကားရန်အတွက်ဖြစ်သည်သို့သော်သူတို့ကိုအခန်းထဲတွင်အသုံးပြုထားသောအခါမပါဝင်သင့်ပါ။

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကိုနာမည်တပ်၍ကြိုဆိုပါ။

### သွေးပူလေ့ကျင့်ခန်းပြုလုပ်ခြင်း

စာရင်းထဲမှသွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်တစ်ခုကိုရွေးချယ်ပါ။

### ပြန်လည်ဆန်းစစ်ခြင်း

ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာအဘယ်နည်း။
လူကုန်ကူးခြင်းဆိုသည်မှာအဘယ်နည်း။
လူမှောင်ခိုခြင်းနှင့်လူကုန်ကူးခြင်းသည်မည်ကဲ့သို့ ကွာခြားသနည်း။
(ပါဝင်သူများကို အကယ်၍ ၄င်းတို့စိတ်ရှုပ်ထွေးနေပါက ပြီးခဲ့သော အပတ်မှ သတင်းအချက်အလက်စာရွက်ကို ကြည့်ဖို့ရန်အားပေးပါ။)

## ခရီးသွားလာခြင်းနှင့်လူကုန်ကူးသူကဒ်များ

ပါဝင်သူများကိုလူကုန်ကူးခြင်းဖြစ်စဉ်၏အစိတ်အပိုင်းတစ်ခုစီမှအကျိုးအမြတ်ရရှိနေသောလူများရှိနေကြောင်းကိုရှင်းပြပါ။ ဤလူများကိုလူကုန်ကူးသူများဟုမကြာခဏညွှန်းဆိုတတ်သည်။လူကုန်ကူးသူဆိုသည်မှာသိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လူတစ်ယောက်ကို ထိန်းချုပ်ထားခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းမှ အကျိုးကျေးဇူး ရယူခြင်းဖြစ်သည်။ လူကုန်ကူးသူသည်တစ်ဦးတည်းမဟုတ်ဘဲအများနှင့်ဖြစ်နိုင်သည်။

ဤအခန်းမှာရွှေ့ပြောင်းသွားလာသူများသည် အိမ်မှ အလုပ်သစ်သို့ ခရီးထွက်ခြင်းအကြောင်း ရှင်းပြခြင်းဖြစ်သည်။

ဤအခန်းသည်ခရီးစဉ်တလျှောက်တွင်ရွှေ့ပြောင်းသွားလာသူများသည် မည်သို့နှင့်မည်သည့်အချိန်တွင်လူကုန်ကူးခံရဖို့ အန္တရာယ်ဖြစ်နိုင်ချေရှိသည်ကိုထည့်သွင်းထားသည်။

'IS 4a: ခရီးသွားကဒ်များ' ကိုဝေငှပါ။

နံရံပေါ်တွင် 'IS 4b: နေရာပြသင်္ကေတများ' ကိုညွှန်ပြပါ။ ယင်းတို့ကို ကျယ်လောင်စွာဖတ်ပါ။ ၎င်းတို့သည် ရွှေ့ပြောင်းသွားလာသူတစ်ဦးသွားလာခဲ့သည့်ခရီးစဉ်၏ အဆင့်တစ်ခုချင်းစီကို ညွှန်းဆိုသောကြောင့် သင်္ကေတများကို မျဉ်းတစ်ကြောင်းတည်းပေါ်တွင်ချိတ်ဆွဲထားခြင်းဖြစ်ကြောင်း ရှင်းပြပါ။

ပါဝင်သူများကို၃-၅ ယောက်ပါသောအဖွဲ့များအဖြစ် ဖွဲ့စည်းဖို့ပြောကြားပါ။ သူတို့အဖွဲ့များထဲတွင် ခရီးသွားကဒ်များကို ဖတ်ပြီးနောက် သူတို့၏ဇာတ်လမ်းတွင် ရွှေ့ပြောင်းသွားလာသူ လူကုန်ကူးခံရသောနေရာကို အကောင်းဆုံးကိုယ်စားပြုမည့်သင်္ကေတ၏ရှေ့သို့ သွားပြီး မတ်တပ်ရပ်ရန် သူတို့ကို ပြောကြားပါ။ ပါဝင်သူများကို သူတို့၏ကဒ်များကို ကိုင်ထားဖို့ ပြောကြားပါ။ အကယ်၍ ပါဝင်သူများတွင်တူညီသောကဒ်များကို ကိုင်ထားသော်လည်း မတူညီသောနေရာများတွင် ရပ်နေခဲ့လျှင် သူတို့အဘယ့်ကြောင့် ထိုနေရာများကို ရွေးချယ်ခဲ့ကြောင်း ဆွေးနွေးပြောကြားဖို့ရန် အားပေးပါ။ မည်သည့်နားလည်မှုလွဲမှားခြင်းကိုမဆို ညင်သာစွာဖြင့် အမှန်ပြင်ပေးပါ။

ရွှေ့ပြောင်းသွားလာသူများသည် သူတို့၏ ကိုယ်ပိုင်တိုင်းပြည်အတွင်းမှာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာနယ်စပ်မျဉ်းများကို ကျော်လွန်၍ပင် လူကုန်ကူးခြင်းခံရနိုင်ကြောင်းကို ရှင်းပြပါ။ ယခုအခါတွင် နေရာပြသင်္ကေတများကို ဖြုတ်ချပြီး ၎င်းတို့နေရာတွင် 'IS 4c: လူကုန်ကူးသူပုံရိပ်များ'ဖြင့် အစားထိုးပါ။

ပါဝင်သူများကိုသူတို့၏ ခရီးသွားကဒ်တွင်ဖော်ပြထားသောလူကုန်ကူးသူတစ်ယောက်ကိုပြထားသည့် ရုပ်ပုံ၏ရှေ့တွင်မတ်တပ်ရပ်ဖို့ ပြောကြားပါ။ဇာတ်လမ်းထဲတွင်မကြာခဏပင်လူကုန်ကူးသူတစ်ယောက်ထက်ပိုနေတက်သည်ဆိုသောအချက်ကိုအသုံးပြု၍လူကုန်ကူးခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်သည်ဆိုတာကို ဆွေးနွေးဖို့ အားပေးပါ။ နောက်ထပ်တစ်ကြိမ်၊ ရွေးချယ်မှုများအကြောင်းကို ဆွေးနွေးရန်အားပေးပြီး မည့်သည့်အထင်လွဲမှုမျိုးကိုမဆို ငြင်သာစွာ ပြင်ဆင်ပေးပါ။

## ဆွေးနွေးခြင်း

ပါဝင်သူများကိုစက်ဝိုင်းပုံထိုင်နေဖို့ပြောကြားပါ။မေးမြန်းပါ

- သင်ယနေ့လေ့လာခဲ့သောအရာတစ်ခုခုကြောင့်သင်သည်အံ့ဩခဲ့ရပါသလား။
- လူကုန်ကူးခြင်းသည်ခရီးစဉ်တလျှောက်မည်သည့်နေရာတွင်မဆိုဖြစ်ပွားနိုင်ကြောင်းကိုသင်သိခဲ့ပါသလား။
- လူကုန်ကူးသူများသည် သူငယ်ချင်းများ၊ အိမ်နီးချင်းများ၊ လူစိမ်းများ သို့မဟုတ် မိသာစုဝင်များပင်လျှင် ဖြစ်နိုင်ကြောင်းကို သင်သိခဲ့ပါလား။
- ယနေ့သင်လေ့လာသင်ယူခဲ့သည်များကိုသင့်ဘဝတွင်မည်ကဲ့သို့သင်အသုံးချနိုင်မည်နည်း။

## နေ့စဉ်မှတ်တမ်း

ဆွေးနွေးခြင်းပြီးသောအခါ၊ ပါဝင်သူများသည် ဤမေးခွန်းများကို ဆက်လက်လုပ်ဆောင်ဖို့ရန် အချိန်လိုအပ်နိုင်သည်။ အချိန်ရလျှင်၊ပါဝင်သူများကိုသူတို့၏နေ့စဉ်မှတ်တမ်းတွင်ရေးသားဖို့ အခွင့်အရေးပေးပါ။

## သရုပ်ဆောင်စေခြင်း

ပါဝင်သူများကိုလူဦးရေ ၈-၁၀ယောက်ပါဝင်သောအဖွဲ့များအဖြစ်ခွဲလိုက်ပါ။ အဖွဲ့တစ်ခုစီကိုအောက်တွင် ဖော်ပြထားသောအခြေအနေပေါ်တွင်အခြေပြု၍သရုပ်ဖော်တစ်ခုကိုပြင်ဆင်ဖို့ပြောကြားပါ။ အဓိကဇာတ်ကောင်မှာဘတ်စ်ကား စီးနေသောရွှေ့ပြောင်းသွားလာသူတစ်ယောက်ဖြစ်သည်။သူမနှင့်ကပ်လျက်ရှိသောသူသည်သူနှင့်အတူလစာမြင့်မားသောအလုပ်ဆီသို့သွားရန် သူမကိုအယုံသွင်းဖို့ကြိုးစားနေသည်။

သူမ ထိုသူကို ငြင်းဆိုစကားပြောရန်နည်းလမ်းများကိုစဉ်းစားပေးဖို့အဖွဲ့ကိုပြောကြားပါ။
သူတို့၏သရုပ်ဖော်မှုကိုစီစဉ်နိုင်ရန်အဖွဲ့များကိုအချိန်(၅)မိနစ်ပေးပါ။ထို့နောက်တစ်ဖွဲ့နှင့်တစ်ဖွဲ့ကိုအလှည့်ကျလုပ်ဆောင်စေပါ။ ဦးဆောင်သူသည်ခရီးသည်ကငြင်းဆိုသည့်နည်းလမ်းများအားလုံးကိုစာရင်းလုပ်ထားပြီးစာရင်းကိုအဖွဲ့နှင့်မျှဝေပါ။အောက်ပါတို့မှာဥပမာအချို့ဖြစ်သည်။

- 'ငါ့အလုပ်ရှင်နဲ့ချိန်းထားပြီးပြီ။"
- ' မင်းပေးတဲ့အကြံဉာဏ်ကိုငါ့မိဘတွေနဲ့တိုင်ပင်ပြီးမနက်ဖြန်ငါမင်းဆီကိုဖုန်းဆက်လိုက်ပါ့မယ်'
- 'ငါမင်းကိုမယုံဘူး'
- ' မင်းဘာကြောင့်ငါ့ကိုပြောနေတာလဲ။မင်းဆီမှာအလုပ်လိုချင်နေတဲ့မိသားစုဝင်တွေနဲ့သူငယ်ချင်းတွေများများစားစား မရှိဘူးလား။'
- တိတ်တိတ်နေပါ။အခြားသောခရီးသည်ကိုလျစ်လျူရှုထားပါ။
- အခြားခရီးသည်ကိုမေးခွန်းအများကြီးမေးမြန်းပါ။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကိုမေးစရာရှိသည်များကိုရေးသားရန်(သို့)မေးမြန်းရန်ပြီးလျှင်/(သို့) ပြန်လည်ဖြေကြားပေးပြီးဦးဆောင်သူများလက်သို့အမည်မရေးသားပဲပေးအပ်စေပါ။လာရောက်ကြသည့်လူတိုင်းကို ကျေးဇူးတင်ကြောင်း ပြောပါ။နောက်တစ်ကြိမ် အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ဤအတန်းကိုတက်ခြင်းဖြင့်သူတို့သည်နောက်ထပ်ကြယ်ပွင့်ရရှိဖို့ထိုက်တန်ကြောင်းသူတို့

ကိုသတိပေးပါ။အကယ်၍ လူကုန်ကူးခြင်းခံရသောသူများ သို့မဟုတ် လူကုန်ကူးသည့်သူများနှင့် သူငယ်ချင်းများ၊မိသားစု(သို့) အိမ်နီးချင်းများအဖြစ် သိခဲ့သောပါဝင်သူများရှိခဲ့လျှင်၊ သူတို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်ဟုထင်လျှင်အစည်းအဝေးပြီးနောက်၄င်းတို့နှင့်အတူနောက်ဆက်တွဲလုပ်ဆောင်ခြင်းက အကူအညီပေးနိုင်မည်။အကယ်၍ သူတို့သည်ပို၍အထောက်အပံ့လိုအပ်ခဲ့လျှင်၊ World Vision ဝန်ထမ်းကိုအကြောင်းကြားပါ။

### အခန်းအကျဉ်းချုပ်

- လူများသည် သူတို့၏အိမ်မှ ခရီးလမ်းကြောင်းတွင် ရောက်ရောက်ခြင်းနှင့်အလုပ်ရပြီးနောက် အစရှိသည့်နေရာတိုင်းတွင်လူကုန်ကူးခြင်းခံရနိုင်သည်။
- လူကုန်ကူးသူများသည် သူငယ်ချင်းများ၊ အိမ်နီးချင်းများ၊ လူစိမ်းများ၊ လုပ်ငန်းပိုင်ရှင်များစသည်ဖြင့် ဖြစ်နိုင်သည်။
- လူကုန်ကူးသူများသည် သင့်ရွာ၊ သင့်ဇာတိ သို့မဟုတ် အဝေးဒေသမှလာသောသူများ ဖြစ်နိုင်သည်။

## ဇာတ်လမ်း၁

ဘောဘီသည်သူမမြို့ပေါ်သို့ပြောင်းရွှေ့စဉ်က အသက်၁၈နှစ်ဖြစ်ပြီး အဝတ်အထည်စက်ရုံတစ်ခုတွင် အလုပ်တစ်ခုရခဲ့သည်။ သူမသည်ထိုအလုပ်ကိုမကြိုက်ပါ။သူမသည်ပိုမိုကောင်းမွန်သောအလုပ်ရဖို့ကူညီနိုင်သည်ဟုပြောဆိုသည့် သူမ၏ဇာတိမှမိန်းကလေးတစ်ဦးနှင့်တွေ့ဆုံခဲ့သည်။

ဘောဘီသည် သူမကိုယုံကြည်ခဲ့ပြီးသူမနှင့်အတူစက်ရုံအသစ်သို့သွားခဲ့သည်၊ ဘောဘီသည်ပိုင်ရှင်ကိုမြင့်မားသော ဝင်ကြေးပေးခဲ့ရသည်၊ပိုင်ရှင်ကထိုဝင်ကြေးကိုသူမ၏လုပ်အားခများမှဖြတ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ စက်ရုံပိုင်ရှင်ကသူမထွက်မသွားနိုင်စေဖို့သေချာစေရန်သူမ၏အထောက်အထားများကိုယူထားခဲ့သည်။

ဘောဘီသည်သူမတင်ထားသောပိုက်ဆံကြွေးများကြောင့်လစာမရရှိခဲ့ပေ။

ဘောဘီသည် အခြားသောအလုပ်သမားများထံမှ သူမ၏သူငယ်ချင်းသည်သူမစက်ရုံဆီသို့ခေါ်ဆောင်လာသောအလုပ်သမားတိုင်းအတွက်အခကြေးငွေရရှိကြောင်းကိုသိရှိရသည်။

## ဇာတ်လမ်း၂

မောင်မောင်သည် ကမ္ဘောဒီးယားရှိ ကျေးရွာတစ်ရွာတွင် နေထိုင်ခဲ့သောအသက်၁၉နှစ်အရွယ်ကောင်လေးတစ်ယောက်ဖြစ်သည်။ အိမ်နီးချင်းတစ်ယောက်က ဘန်ကောက်ရှိ ငါးလုပ်ငန်းစက်ရုံတစ်ခုတွင် သူ့အတွက် အလုပ်ရှာပေးရန်ကူညီမည်ဟု ကမ်းလှမ်းသည်။ အိမ်နီးချင်းသည် ပွဲစားတစ်ယောက်ဖြစ်ခဲ့ပြီး သူက မောင်မောင်၏စက်ရုံဆီသို့ ခရီးသွားလာစရိတ်အတွက် သူက စိုက်ပေးထားမည်ဖြစ်ပြီးနောက်မှ မောင်မောင်က သူ့ကိုပြန်ပေးရမည်ဖြစ်သည်ဟု ပြောသည်။

တစ်လခန့်ကြာပြီးနောက် အိမ်နီးချင်းသည် မောင်မောင်ကို နောက်ထပ်လူတစ်ယောက်ထံကို ခေါ်ဆောင်သွားခဲ့သည်၊ ထိုလူက သူ၏အထောက်အထားများကို ယူထားပြီး နယ်စပ်ကို ဖြတ်၍ထိုင်းနိုင်ငံသို့ သူနှင့်အတူ ဘတ်စ်ကားစီးခဲ့ကြသည်။ သူတို့ ပက်နမ်သဘော်ဆိပ်သို့ ရောက်သောအခါ ထိုလူက မောင်မောင်ကိုစက်ရုံပေါ်တွင် သူအလုပ်မလုပ်နိုင်သေးခင်ငါးဖမ်းသင်္ဘောပေါ်တွင် တစ်လခန့်အလုပ်လုပ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မောင်မောင်ကမလုပ်ချင်ပေ၊ သို့သော် သူသည် ထိုင်းနိုင်ငံတွင် မည်သူနှင့်မျှသိကျွမ်းခြင်းမရှိပေ၊ ပြီးတော့ အိမ်ပြန်ဖို့လည်း ပိုက်ဆံအလုံအလောက်မရှိခဲ့ပေ။ သူသည် သူ့အိမ်နီးချင်းတွင် ပိုက်ဆံအကြွေးတင်နေသေးသည်။

မောင်မောင်သည်စက်လှေပေါ်သို့ရောက်ခဲ့ပြီး တကယ်တမ်းတွင် ၂နှစ်စာလစာမရဘဲ စက်လှေပေါ်တွင် အလုပ်လုပ်ဖို့ အတင်းအကျပ် စေခိုင်းခံခဲ့ရသည်။

## ဇာတ်လမ်း၃

ပန်ပန်သည် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ကျေးရွာငယ်လေးတစ်ရွာတွင် နေထိုင်ခဲ့သည်။ သူမအသက်၁၆နှစ်တုန်းက အလုပ်ရှာဖွေရန်အတွက် ဘန်ကောက်သို့ ဘတ်စ်ကားစီးလာခဲ့သည်။ သူမ၏အဒေါ်က ဘတ်စ်ကားမှတ်တိုင်တွင် တွေ့ဆုံရန် ချိန်းဆိုထားခဲ့သည်။ သို့သော်သူမဘတ်စ်ကားမှတ်တိုင်သို့ရောက်သောအခါထိုနေရာတွင်သူမအဒေါ်ရှိမနေခဲ့ပေ။

ပန်ပန်ကြောက်လန့်သွားခဲ့သည်၊ သို့သော် မိန်းမတစ်ယောက်က သူမဆီကို ချဉ်းကပ်လာပြီး အကူအညီလိုလားဟု မေးမြန်းခဲ့သည်။ ထိုမိန်းမက သူမကို နေဖို့နေရာတစ်နေရာပေးရန်နှင့် သူမ၏မိခင်နှင့် ဆက်သွယ်ဖို့ကူညီမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော် ထိုကဲ့သို့အစား ထိုမိန်းမသည် သူမကိုဆောင်ကြာမြိုင်သို့ ခေါ်ဆောင်သွားခဲ့သည်။

ပန်ပန်ကို ယခုအခါတွင်သူမဆောင်ကြာမြိုင်တွင် အလုပ်လုပ်ရမည်ဟု ပြောကြားခဲ့ပြီး သူမသည် ငြင်းဆိုဖို့ အလွန်ကြောက်နေခဲ့ပြီး တစ်ယောက်တည်း ဖြစ်နေခဲ့သည်။

## ဇာတ်လမ်း၄

ဘိုသည် မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည်။ သူ၁၆နှစ်သားတွင် လူတစ်ယောက်ကို သူ့အားနယ်စပ်မျဉ်းကို ဖြတ်ဖို့ကူညီရန် အခကြေးငွေပေးခဲ့သည်။ ထို့နောက် သူသည် တောင်ဖက်သို့ဦးတည်၍တစ်ယောက်တည်းဘတ်စ်ကားစီးခဲ့သည်။

ဘိုသည် ဘတ်စ်ကားပေါ်မှ လူတစ်ယောက်နှင့်မိတ်ဆွေဖွဲ့ခဲ့ပြီး ၎င်းက စက်ရုံတစ်ခုတွင်အလုပ်လုပ်နေသည်။ ၎င်းက ဘိုကို လစာကောင်းသောအလုပ်ရရန် ကူညီပေးနိုင်သည်ဟုပြောသည်။ ဤသူငယ်ချင်းသည် ဘိုကို အခြားသော မီနီဘတ်စ်ကားပေါ်သို့ တင်ပေးလိုက်ပြီး ထိုကားက သူ့ကိုစက်ရုံတစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့သည်။

သူစက်ရုံသို့ ရောက်သောအခါ စက်ရုံပိုင်ရှင်က ဘိုသည် မီနီဘတ်စ်ကားခ ပိုက်ဆံအကြွေးတင်နေပြီး ထိုအတွက်

အလုပ်လုပ်ပြီး ပြန်ပေးဖို့ လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ဘိုသည် အိမ်ကိုမည်သို့ပြန်ရမည်ဟု တွေးမရခဲ့ပဲ ပိုက်ဆံအနည်းငယ်သာရှိတော့သည်။

သူသည် ဘတ်စ်ကားပေါ်မှ သူ၏သူငယ်ချင်းကို နောက်ထပ် ဘယ်တော့မှမတွေ့ရတော့ပေ။

## ဇာတ်လမ်း၅

တီနာသည် ဗီယက်နမ်ရှိဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာခဲ့သည်။ သူတို့သည် သူတို့မြို့ကို တစ်ခါမျှမခွဲခွာခဲ့ဖူးပေ။ သို့သော် တီနာတွင် ဟိုချီမင်းမြို့တော်တွင် နေထိုင်သည့်ချမ်းသာသောဆွေမျိုးရှိခဲ့သည်။ တီနာ၁၆နှစ်သို့ရောက်သောအခါ ချမ်းသာသောအမျိုးက တီနာကိုခေါ်သွားပြီး သူ၏အိမ်တွင်နေပြီး သူ၏စားသောက်ဆိုင်တွင် အလုပ်လုပ်ဖို့ ကမ်းလှမ်းသည်။ သူက ထိုအရာသည် တီနာ၏မိသားစုကိုအကူအညီတစ်ခုဖြစ်စေလိမ့်မည်ဟုပြောခဲ့သည်။

တီနာသည် မြို့တော်သို့ရောက်သောအခါ အမျိုးနှင့်အတူနေပြီး သူ၏အိမ်ကို သန့်ရှင်းရေးလုပ်ပေးခဲ့သည်။ သို့သော် သူမ ရောက်ပြီး မကြာမီပင် တီနာ၏အမျိုးက သူမကို အခြားသောလူတစ်ယောက်အိမ်သို့ ခေါ်ဆောင်သွားခဲ့သည်။ ချမ်းသာသော အမျိုးက သူမသည် ထိုလူနှင့်လိင်မဆက်ဆံလျှင် သူမကို အလုပ်ဖြုတ်လိမ့်မည်ဟု တီနာကိုပြောကြားခဲ့သည်။ တီနာလိုက်နာခဲ့သည်။

## အဖြေများ (ကစားပွဲမပြီးခင်ပါဝင်သူများအားမျှဝေခြင်းမပြုလုပ်ပါနှင့်။)

**နေရာ** - လူကုန်ကူးသူများ
**ဇာတ်လမ်း၁**- ရောက်ရှိသောနေရာ ဇာတ်လမ်း(၁) သူငယ်ချင်း၊စက်ရုံပိုင်ရှင်
**ဇာတ်လမ်း၂**- အိမ်တွင် ဇာတ်လမ်း(၂)အိမ်နီးနားချင်း၊အခြားလူတစ်ယောက်၊ လှေပိုင်ရှင်
**ဇာတ်လမ်း၃**- ဘတ်စ်ကားမှတ်တိုင်တွင် ဇာတ်လမ်း(၃)ဘတ်စ်ကားမှတ်တိုင်မှမိန်းမ၊ ပြည်တန်ဆာအိမ်ပိုင်ရှင်
**ဇာတ်လမ်း၄**- ခရီးသွားစဉ် ဇာတ်လမ်း(၄)ဘတ်စ်ကားပေါ်မှ 'သူငယ်ချင်း'၊ စက်ရုံပိုင်ရှင်
**ဇာတ်လမ်း၅**- အလုပ်စတင်ပြီးနောက် ဇာတ်လမ်း(၅)ချမ်းသာသောဆွေမျိုး

**နေရာတစ်ခုစီအားစာလုံးကြီးများဖြင့်စာရွက်တစ်ခုစီပေါ်တွင်ရေးထားရမည်။**

1 စတင်ခြင်း

(အိမ်တွင် အပါအဝင်)

2. ရောက်ရှိရာနေရာ

3. ခရီးသွားစဉ်

4. ဘတ်စ်ကားမှတ်တိုင်တွင်

5. အလုပ်စတင်ပြီးနောက်



1. 'သူငယ်ချင်း' (ဗိန်းကလေးငယ်)



2. စက်ရုံပိုင်ရှင် (ယောကျ်ား)




3. အိမ်နီးနားချင်း



4. အခြားယောက်ျားလေး



5. လှေပိုင်ရှင် (အသက်ကြီးသောယောက်ျား)




6. ဘတ်စ်ကားမှတ်တိုင်မှမိန်းမ



7. ပြည့်တန်ဆာအိမ်ပိုင်ရှင် (မိန်းမ)



8. ဘတ်စ်ကားပေါ်မှသူငယ်ချင်း (လူငယ်)



၉. စက်ရုံပိုင်ရှင် (ယောကျ်ား)



10. ချမ်းသာသောဆွေမျိုး (ယောက်ျား)

5

# အခန်း (၅)
# လိင်ခွဲခြားဆက်ဆံခြင်းမိန်းမနှင့်မိန်းကလေးများလူကုန်ကူးခံရနိုင်သော အန္တရာယ်ရှိသည့်နေရာများ

## ရည်ရွယ်ချက်

ပါဝင်သူများသည်လူ့အဖွဲ့အစည်းတွင်းလိင်ခွဲခြားဆက်ဆံခြင်း၏သက်ရောက်မှုများကိုနားလည်လာပြီးယင်းသို့ခွဲခြားဆက်ဆံခြင်းသည်လည်းလူကုန်ကူးခြင်းနှင့်ဆက်စပ်နေကြောင်းကိုစဉ်စား မိစေရန်ဖြစ်သည်။

## အချိန်

၇၅ မိနစ်

အထောက်အပံ့များ

- ဦးဆောင်သူကိုးကားရန်အတွက် 'IS 5a: ယောကျ်ားနှင့် မိန်းမကြားကွာခြားမှုများ'
- အဖွဲ့၃-၄ခုအတွက်စာရွက်ရှည်
- ဘောလ်ပင်အနီနှင့်အပြာ

## ကြိုတင်ပြင်ဆင်ခြင်း

ဦးဆောင်သူ၏မှတ်စု- ဝေါလ်ဇီရှင်သည် လိင်အမျိုးအစား ပေါ်မူတည်ပြီးခွဲခြားဆက်ဆံမှုမပြု လုပ်ပါ။ပါဝင်သူများ တွင်ခွဲခြားဆက်ဆံခြင်းအမြင်ဆုပ် ကိုင်ထားသူပါကောင်းပါနိုင်သည်။ဥပမာ- သူတို့သည် 'ပညာတတ်ယောကျ်ားလေး သည်ပညာတတ်မိန်းကလေးထက်ပိုမိုအရေးကြီးသည်'၊သို့မဟုတ် 'ယောကျ်ားလေးများသာအိမ်တစ်အိမ်၏ဆုံးဖြတ်ချက်များကိုချမှတ် ရမည်၊အဘယ်ကြောင့်ဆိုသော်ယောကျ်ားလေးများသည်ပိုမိုတော်သောကြောင့်ဖြစ်သည်'ဟုပြောလာနိုင်သည်။ဦးဆောင်သူတစ် ယောက်အနေဖြင့်သင်သည်ထိုကဲ့သို့အမြင်များကိုမှတ်သားထားပြီး ဝေါလ်ဇီရှင်၏ယုံကြည်ချက်ကိုတင်ပြရမည်။ဥပမာ- 'ဝေါလ်ဇီရှင် တွင်ကျွန်ုပ်တို့သည်ပညာတတ်မိန်းကလေးသည်ပညာတတ်ယောကျ်ားလေးကဲ့သို့ပင်အရေးကြီးသည်'၊ (သို့) 'ကျွန်ုပ်တို့သည်မိန်က လေးများလည်းယောကျ်ားလေးများနည်းတူအသိဉာဏ်ရှိသည်ဟုစဉ်စားသည်' စသည်ဖြင့်ဖြစ်သည်။သင့်ပြန်လည်တင်ပြသောအ ခါတွင်ပါဝင်သူများ၏ယဉ်ကျေးမှုထုံးတမ်းအားလေးစားစွာဆက်ဆံရန်မှာအလွန်အရေးကြီးသည်။'

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအားနာမည်နှင့်တကွကြိုဆိုပါ။လက်မှတ်ထိုးရန်စာရွက်အားလက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအားသွေးပူလေ့ကျင့်ခန်းစာရင်းထဲမှတစ်ခုကိုဦးဆောင်ခိုင်းပါ။

### ပြန်လည်သုံးသပ်ခြင်း

လူကုန်ကူးခြင်းသည် နေရာတိုင်းတွင်ဖြစ်နိုင်ပါသလား။ (ဖြစ်ပါတယ်!) ပြီးခဲ့တဲ့အခန်းတုန်းက ပြောခဲ့တဲ့ လူကုန်ကူးခြင်းဖြစ်သွားခဲ့တဲ့ နေရာတစ်ချို့ကဘယ်နေရာတွေလဲ။

## ဆွေးနွေးခြင်း

ဤအခန်းသည်ယောကျ်ားနှင့်မိန်းမအကြားကွာခြားမှုများအကြောင်းရှင်းပြမည်ဖြစ်ကြောင်းပြောပါ။

ပါဝင်သူများအား ၅ (သို့) ၆ယောက်ပါအဖွဲ့များအဖြစ်ခွဲရန်ပြောကြားပါ။ ၎င်းတို့ကိုယောကျ်ားနှင့် မိန်းမကြားကွာခြားမှုများအတွက် ဥပမာများကို စဉ်းစားနိုင်သလောက် စဉ်းစားခိုင်းပါ၊ ပြီးလျှင် ၎င်းတို့ကို စာရွက်ပေါ်တွင် ယောကျ်ားနှင့်မိန်းမ ဟု၍ ကော်လံနှစ်ခုပိုင်းခြားပြီးချရေးခိုင်းပါ။ ၎င်းတို့လုပ်နေစဉ်-

- ယောကျ်ားနဲ့မိန်းမပုံပန်းသဏ္ဍာန် ဒါမှမဟုတ် အဝတ်အစား ကွဲပြားခြားနားနိုင်တာက ဘာတွေလဲ။
- ယောကျ်ားနဲ့မိန်းမအိမ်ထောင်မှုကိစ္စတွေမှာ ကွဲပြားခြားတာတွေက ဘာတွေလဲ။
- ယောကျ်ားနဲ့မိန်းမ အလုပ်အကိုင်ကွာခြားမှုက ဘာတွေလဲ။
- ယောကျ်ားနဲ့မိန်းမပျော်ရွှင်မှုအတွက် နည်းလမ်းမှာ ကွာခြားတာတွေက ဘာတွေလဲ။
- ဘယ်သူက တစ်ယောက်တည်း ခရီးသွားနိုင်လဲ။

အဖွဲ့အား ယောကျ်ားနှင့်မိန်းမလုပ်နိုင်မှုများ၏စာရင်းအားကြည့်ခိုင်းပါ။ အဖွဲ့အား ရုပ်ပိုင်းဆိုင်ရာရလဒ်များ၏ လုပ်ဆောင်မှုများအောက်တွင် အနီရောင်မျဉ်းဆွဲခိုင်းပြီး လူမှုလုပ်ဆောင်ချက်များ၏အောက်တွင်မူ အပြာရောင်မျဉ်းဆွဲခိုင်းပါ။ သူတို့စာရင်းနှင့် မျဉ်းဆွဲခြင်း ကိစ္စများပြီးဆုံးသွားပါက ရုပ်ပိုင်းဆိုင်ရာရလဒ်အောက်တွင် ရှိနေသည်များကိုမျှဝေခိုင်းပါ။ ပြီးလျှင် လူမှုလုပ်ဆောင်ချက်များရလဒ်အောက်တွင်ရှိနေသည်များကို မေးပါ။ အဖွဲ့တစ်ခုလုံးရှေ့တွင် ၎င်းတို့အဖြေများကို ရုပ်ပိုင်းနှင့်လူမှုပိုင်းဟူ၍ ကော်လံနှစ်ခုအားစာရွက်တစ်ခုပေါ်တွင်မှတ်သားထားပါ။

(ဥပမာ-မိန်းမတွင်ကိုယ်ဝန်ဆောင်နိုင်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာကြောင့်ဖြစ်ပြီး ယောကျ်ားလေးတွင် ဆံပင်အတိုရှိခြင်းသည် လူမှုရလဒ်ကြောင့်ဖြစ်သည်။)

ဦးဆောင်သူသည် အဖြေများကိုစစ်ဆေးရန် 'IS 5a: ယောကျ်ားနှင့်မိန်းမကွာခြားမှုများ' ကိုပြန်လည်ကြည့်ရှုပါ။ ယောကျ်ားနှင့်မိန်းမကြားအများဆုံးကွာခြားသည်မှာ လူ့အသိုင်းအဝိုင်းနှင့်ယဉ်ကျေးမှု ( မှင်အပြာဖြင့်လိုင်းတားထားသော) ရလဒ်ကြောင့်ဖြစ်ကြောင်းရှင်းပြပါ။ ၎င်းတို့မှာ အကယ်၍ တစ်ဦးတစ်ယောက်က ပြောင်းလဲမည်ဆိုပါက ပြောင်းလဲနိုင်သောကွာခြားမှုများဖြစ်သည်။

## ဆွေးနွေးခြင်း

ပါဝင်သူများအား ၄-၆ယောက်ပါဝင်သောအဖွဲ့များအဖြစ် ခွဲခိုင်းပါ။ ယောကျ်ားလေးနှင့် မိန်းကလေးခွဲခိုင်းပါ၊ သို့မှသာအဖွဲ့တစ်ခုမှာယောကျ်ားလေးများသာဖြစ်၍ အချို့မှာ မိန်းကလေးများသာဖြစ်ပါလိမ့်မည်။ ပြီးလျှင် အဖွဲ့တစ်ခုစီအား ဤမေးခွန်းများကို ဆွေးနွေးခိုင်းပါ။

- ကျွန်ုပ်တို့ယဉ်ကျေးမှုအရဘယ်သူတွေကပိုက်ဆံပိုရှာနိုင်သလဲ – ယောကျ်ား (သို့) မိန်းမလား။
- သန့်ရှင်းရေးလုပ်ငန်းများနှင့်ကလေးစောင့်ရှောက်ခြင်းကို ဘယ်သူတွေကပိုလုပ်သလဲ – ယောကျ်ားလေး (သို့) မိန်းကလေးလား။
- ဘယ်သူတွေက ကျောင်းပိုကြာကြာတက်သလဲ – ယောကျ်ားလေး (သို့) မိန်းမလေးလား။
- ဘယ်သူတွေက (မော်တော်ဆိုင်ကယ်ဝယ်ယူခြင်းကဲ့သို့) များပြားတဲ့ငွေကြေးကို သုံးရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုချသလဲ – ယောကျ်ား (သို့) မိန်းမလား။
- ဘယ်သူတွေက မိဘတွေဆုံးတဲ့အခါ မြေယာကိုထိန်းသိမ်းခွင့်ရသလဲ – သမီး၊သား၊ (သို့) နှစ်ယောက်လုံးလား။
- ကျွန်ုပ်တို့ယဉ်ကျေးမှုက မိန်းမနှင့်မိန်းကလေးများအတွက် မျှတသည်ဟု သင်ထင်ပါသလား။

သူတို့ပြီးဆုံးသောအခါ၊ ၎င်းတို့တုန့်ပြန်မှုများကိုအဖွဲ့တစ်ခုလုံးသို့မျှဝေရန်ပြောကြားပါ။မိန်းကလေးများသည်ယောကျ်ားလေးများထက်ကွဲပြားသောအဖြေများရှိနိုင်သည်။အကယ်၍ဤကဲ့သို့ဖြစ်ပေါ်ပါကအဖွဲ့အားဘာကြောင့်ဖြစ်ရသလဲဆိုတာမေးပါ။

လူကုန်ကူးခြင်းသည် ယောက်ျားလေးနှင့်မိန်းကလေးနှစ်မျိုးလုံးတွင် ဖြစ်နိုင်ကြောင်းရှင်းပြပါ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ အစည်း (ILO) မှ ယောက်ျားလေးနှင့် မိန်းကလေးများအား အဓမ္မခိုင်းစေရန် လူကုန်ကူးခံရခြင်းမှာ အတူတူနီးပါးဖြစ်ကြောင်းခန့်မှန်း ထားသည်။ သို့သော် ဉစရာခိုင်နှုန်းသောလိင်လူကုန်ကူးခြင်း၏သားကောင်မှာ မိန်းကလေးများဖြစ်သည်ဟု ခန့်မှန်းသည်။ ယောက်ျား လေးများလည်း လိင်ပိုင်းဆိုင်ရာအရ လူကုန်ကူးခံရရန်ဖြစ်နိုင်ချေရှိကြောင်း၊သို့သော်ဖြစ်နိုင်ချေနည်းပါးကြောင်းရှင်းပြပါ။

ပါဝင်သူများအား လူ့အသိုင်းအဝိုင်းမှ မိန်းကလေးများသည် ဘာကြောင့်လိင်ပိုင်းဆိုင်ရာ လူကုန်ကူးခြင်းအတွက် ပိုမိုထိခိုက်ရခြင်းဖြစ် လဲဟု ဉပမာများစဉ်းစားရန်မေးပါ။

သူတို့အဖြေများ ပေးထားသည့်အထဲတွင် ဤအချက်များမပါဝင်ပါက အောက်ပါဉပမာများအား သေချာစွာ ပြောပြပေးပါ။

- မိန်းကလေးများသည် ကျောင်းမှ စောစီးစွာထွက်သောကြောင့် အရည်အချင်းကျွမ်းကျင်မှုဆိုင်ရာ အလုပ်များမရရှိခြင်း၊
- ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် မိန်းကလေးမှာ ယောက်ျားလေးများထက် အလုပ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းနည်းပါးခြင်း၊
- ယောက်ျားများသည် အမျိုးသမီးများနှင့်ကာမအမှုပြုရန် ပြည့်တန်ဆာအိမ်များသို့သွားခြင်း
- အကယ်၍ မိန်းကလေးမှာ ဖခင်၏မြေယာကို အမွေကိုမဆက်ခံရပါက၊ ဖခင်သေဆုံးသောအချိန်တွင် အိမ်ယာမဲ့နှင့်ကြံမိကြံရာ လုပ်တတ်ခြင်း
- မိန်းကလေးများသည် အိမ်ဖော်အဖြစ် လုပ်ကိုင်သောအခါ အလုပ်ရှင်မှ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရနိုင်ရန် အန္တရာယ်ရှိခြင်း

'ILO ဒုတိယကမ္ဘာအဓမ္မစေခိုင်းခံရသောအလုပ်သမားခန့်မှန်း'၊ပြည်ထောင်စုဌာန၊အမေရိကန်ပြည်ထောင်စု၊ 'လူကုန်ကူးခြင်းအစီရင်ခံစာ ' (ဝါရှင်တန် DC: ပြည်ထောင်စုဌာန၊၂၀၁၂)။

ပါဝင်သူများထဲမှ ယောက်ျားနှင့်ကောင်လေးများအား မိန်းကလေးနှင့်မိန်းမများကို ၎င်းတို့ကိုယ်တိုင် ကာကွယ်ပေးနိုင်ရန် နည်းလမ်း များကို စဉ်းစားခိုင်းပါ။ ဤအချက်နှင့်ကိုက်ညီမှုရှိစေရန် မိန်းကလေးများသည် သူတို့ကိုယ်သူတို့ကာကွယ်နိုင်ရန်အတွက်နှင့်အခြား သောမိန်းကြီးများနှင့်မိန်းကလေးငယ်များကို ကာကွယ်ပေးနိုင်ရန် စွမ်းအားမြှင့်ပေးလို့ရနိုင်မလားဟု မေးမြန်းပါ။

သူတို့ အဖြေများပေးပြီးသည့်တိုင်အောင် သူတို့ဝေမျှလိုက်သောအချက်များတွင် အောက်ပါအချက်များ မပါဝင်ပါက သေချာစွာ ဖတ်ပြပေးပါ။

- မိန်းကလေးများကိုလည်း ယောက်ျားလေးများအတွက် ကြိုတင်သတ်မှတ်ထားသော အလုပ်အတွက်လုပ်ကိုင်နိုင်ရန် အခွင့်အရေး ပေးပါ။
- ရွှေ့ပြောင်းခြင်းမတိုင်မီ နည်းပညာဆိုင်ရာသင်တန်းများ ပေးပြီးမိန်းကလေးတို့၏ဘဝကို မြင့်တင်ပေးပါ။
- မိန်းကလေးများအား သူတို့ မရွှေ့ပြောင်းမီ ယုံကြည့်ရသည့်အချက်အလက်များရယူပြီး တိကျသည့် အလုပ်အကိုင်အတွက် တာဝန်ဝတ္တရားများနှင့် မျှော်လင့်ချက်များကို နားလည်စေရန် အကူအညီပေးပါ။
- ယောက်ျားလေးနှင့်အမျိုးသားသည် ၎င်းတို့ကလေးများအတွက် မိန်းကလေးများ/ မိန်းမများကိုသာ တာဝန်မယူခိုင်းပဲ ၎င်းတို့ လည်း တာဝန်ယူသင့်သည်။

## အလှည့်ကျသရုပ်ဆောင်တန်းကစားခြင်း

ပါဝင်သူများအား ၈-၁၂ပါဝင်သောအဖွဲ့များအဖြစ် ခွဲလိုက်ရန် ပြောကြားပါ။ အဖွဲ့တိုင်းအားအလှည့်ကျကစားခြင်းတွင် ပါဝင်နိုင်ရန် ပြောကြားပါ။ ( အကယ်၍ သင့်တွင် အဖွဲ့နှစ်ခုထက်ပိုမိုနေပါက သင်သည် အောက်ပါဇာတ်လမ်းတစ်ခုကို နှစ်ကြိမ်ပြုလုပ်နိုင်သည်။)

**အဖွဲ့ (၁)** အဓိကသရုပ်ဆောင်မှာ အသက်၁၅နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးဖြစ်ပြီး သူမအမေက မောင်ငယ်၏ ပညာရေးကို ထောက်ပံ့နိုင်ရန် ကျောင်းထွက်ပြီး ပိုက်ဆံ ရှာစေချင်သည်။ အဖွဲ့အား သူမအမေက သူမကို ကျောင်းဆက်လက်သင်ကြားခွင့်ရရန် ဖြောင်းဖျနိုင်သောနည်းလမ်းများကို ကူညီ စဉ်းစားပေးရန် တောင်းဆိုပါ။

**အဖွဲ့ (၂)** အဓိကသရုပ်ဆောင်မှာ တရုတ်ပြည်မှ ကြိုတင် စီစဉ်ထားသောလက်ထပ်ပွဲအတွက် သူမ၏မိသားစုက သူမအားရောင်းစားချင်နေသောမိန်းကလေးဖြစ်သည်။ အဖွဲ့မှ သူမ၏မိသားစုအား သူမသည် အိမ်တွင်သာနေသင့်ကြောင်း ဖြောင်းဖျနိုင်သောနည်းလမ်းများကို ကူညီစဉ်းစားပေးရန်တောင်းဆိုပါ။ အဖွဲ့များအား (၁၀)မိနစ်ခန့်စီစဉ်းစားဖို့ရန်အချိန်ယူပြီးလျှင် အလှည့်ကျကပြရန်ပြောကြားပါ။

## အခန်းအနှစ်ချုပ်

- ယောကျ်ားနှင့်မိန်းမကြားတွင် ပြောင်းလဲ၍မရသော ကိုယ်ကာယဆိုင်ရာ ကွာခြားမှုရှိသည်။
- ယောကျ်ားနှင့်မိန်းမကြားတွင် ပြောင်းလဲနိုင်သောယဉ်ကျေးမှုအရ ကွာခြားချက်များရှိသည်။
- အချို့သောယဉ်ကျေးမှုအရ ကွာခြားချက်များမှာ မိန်းမများအတွက် မမျှတပါ။
- အချို့သောယဉ်ကျေးမှုဆိုင်ရာ ချွင်းချက်များမှာ မိန်းမနှင့်မိန်းကလေးငယ်များအတွက် လိင်ပိုင်ဆိုင်ရာ လူကုန်ကူးခြင်းတွင် ယောကျ်ားနှင့်ယောကျ်ားလေးများထက် ပိုမို အန္တရာယ်ရှိစေနိုင်သည်။
- များစွာသောမိန်းမများသည် ယောကျ်ားများထက် လိင်ပိုင်းဆိုင်ရာအတွက် လူကုန်ကူးခြင်းခံနေရသည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများအား မေးခွန်းများနှင့်/(သို့) တုန့်ပြန်မှုများအားရေးသား (သို့) မေးမြန်းပြီး ဦးဆောင်သူများထံသို့ အမည်မဖော်ပဲ ပေးအပ်ရန်ပြောကြားပါ။ တက်ရောက်လာသူအားလုံးကို ကျေးဇူးတင်ပါသည်။ နောက်လာမည့်အဖွဲ့အစည်းအဝေးအား အတည်ပြုပါ။ ၎င်းတို့အား ဤအခန်းကို တက်ရောက်သည့်အတွက် နောက်ထပ်ကြယ်တစ်ပွင့်ထပ်မံရရှိကြောင်း ပြောကြားပါ။

ပါဝင်သူများအား ၎င်းတို့အသိုင်းအဝိုင်းမှလူများကို ကြည့်ရှုပြီး အောက်ပါမေးခွန်းများကို ဖြေဆိုခိုင်းပါ။

- ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် ယောကျ်ားလေးများနှင့် မိန်းကလေးငယ်များအား မည်ကဲ့သို့ ခွဲခြားဆက်ဆံသနည်း။
- ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးများအား မည်ကဲ့သို့ ခွဲခြားဆက်ဆံသနည်း။

ဦးဆောင်သူများမှ ပါဝင်သူများအား ထိုမေးခွန်းများကို စာရွက်များပေါ်တွင် ရေးသားပြီး အိမ်သို့ယူဆောင်သွားရန် အမှတ်ရနေစေရန် ပြောကြားပါ။

# 5 IS 5a: ယောက်ျားနှင့်မိန်းမကြား ခြားနားချက်များ ဦးဆောင်သူမှီငြိမ်းရန်အတွက်သာ။

မိတ္တူအားလက်ဆင့်ကမ်းမပေးရပါ။

## ကျား/မကဏ္ဍများအတွက်လုပ်ဆောင်မှုဆိုင်ရာအဖြေများ

### ကိုယ်ကာယပိုင်းဆိုင်ရာ

မိန်းမများ ကိုယ်ဝန်ဆောင်နိုင်သည်။

မိန်းမများ နို့တိုက်ကျွေးနိုင်သည်။

ယောက်ျားများ မုတ်ဆိတ်ရှိကြသည်။

မိန်းမများ ရင်သားရှိကြသည်။

### လူမှုပတ်ဝန်းကျင်

ယောက်ျားများ ဘောလုံးကန်ကြသည်။

ယောက်ျားများ ဆံပင်အတိုထားကြသည်။

မိန်မများ ဆံပင်အရှည်ရှိကြသည်။

မိန်းမများ အဝတ်အစားဝတ်ကြသည်။

ယောက်ျားများ ဘီယာသောက်ကြသည်။

မိန်းမများမှ ကလေးပြုစုကြသည်။

မိန်းမများ အိမ်သန့်ရှင်းရေးလုပ်ကြသည်။

ယောက်ျားများ ဆောက်လုပ်ရေးအဖွဲ့များတွင်အလုပ်လုပ်ကြသည်။

ယောက်ျားများ ဆုံးဖြတ်ချက်ကြီးကြီးမားမားကို ချမှတ်ကြသည်။

ယောက်ျားများ မြေယာအမွေဆက်ခံကြသည်။

မိန်းမများ ခရီးတစ်ယောက်တည်း မသွားသင့်ပါ။

# အခန်း (၆) လူကုန်ကူးခြင်းတွင်မူးယစ်ဆေးဝါးများနှင့် အရက်၏အကျိုးသက်ရောက်မှုများ

6

## ရည်ရွယ်ချက်

ပါဝင်သူများသည် မူးယစ်ဆေးဝါး၏အဓိပ္ပါယ်နှင့် ၎င်းတို့မည်သည့်ပုံစံရှိသည်ကို သင်ယူရမည်ဖြစ်သည်။ ပါဝင်သူများမှ လူကုန်ကူးသူများ မူးယစ်ဆေးဝါးနှင့်အရက်တို့ကို မည်ကဲ့သို့ အသုံးပြုသည်ကို သိရှိပြီး မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင် ကာကွယ်ရမည်ကို သိရှိရန်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့ပစ္စည်းများ

- အိတ်တစ်လုံး
- '**IS 6a: မူးယစ်ဆေးဝါးကဒ်များ**' မှတရားမဝင်မူးယစ်ဆေးဝါးပုံများနှင့် အခြားတစ်ဖက်မှ၎င်းအားဖော်ပြထားသည့်အကြောင်းများပါဝင်သောကဒ်များ
- '**IS 6b: လူကုန်ကူးခြင်းနှင့်မူးယစ်ဆေးဝါးများ**' မိတ္တူ (လူ၄ (သို့) ၅ဦးပါဝင်သောအဖွဲ့တစ်စီလျှင်တစ်ခုရရှိလျှင်လုံလောက်သည်။)
- '**IS 6c: မူးယစ်ဆေးဝါးကိုးကားချက်များ**' မိတ္တူအားကိုးကားချက်များအဖြစ် သီးခြားစီဖြတ်ထုတ်ထားပါ။

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများအားအမည်နှင့်တကွကြိုဆိုပါ။လက်မှတ်ထိုးရန်စာရွက်အားလက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း

လူငယ်ဦးဆောင်သူအားသွေးပူလေ့ကျင့်ခန်းစာရင်းမှတစ်ခုအားဦးဆောင်ခိုင်းပါ။

### ပြန်လည်သုံးသပ်ခြင်း

ဘယ်သူကများ လူထုအတွင်း လိင်နှင့်ပါတ်သတ်သည့်အခန်းကဏ္ဍအကြောင်း လေ့လာခဲ့သလဲ။

ပြီးခဲ့သောအခန်းမှ အကြောင်းအရာအား ဆွေးနွေးခြင်းအားဖြင့်သင်အရင်က သတိမပြုမိခဲ့သောမည်သည့်အရာကို သတိပြုမိပါသလဲ။

ထိုအထဲတွင်သင်ပြောင်းလဲလိုသောအကြောင်းအရာများရှိပါသလား။

## ဆွေးနွေးရန်

### မူးယစ်ဆေးဝါးများဆိုတာဘာလဲ။

အဖွဲ့အား တရားမဝင်မူးယစ်ဆေးဝါးဆိုတာဘာလဲ၊ ပြောပြနိုင်မလားဟု မေးပါ။ ပါဝင်သူများအား မူးယစ်ဆေးဝါးအမျိုးအစားများ နှင့် ၎င်းတို့ အကျိုးသက်ရောက်ပုံများအား ရှင်းပြရန် ပြောကြားပါ။ ပြီးလျှင် မူးယစ်ဆေးဝါးများသည် ဆေးလုံးများ၊ အမှုန့်များ၊ အပင်များ၊ (သို့) အရည်များအဖြစ် ပုံစံအမျိုးမျိုးလာကြောင်း ရှင်းပြပါ။ ၎င်းတို့အား ဆေးလိပ်ကဲ့သို့ သောက်ခြင်း၊ ခန္ဓာကိုယ်အတွင်းသို့ ထိုးသွင်းခြင်း၊ အမှုန့်အဖြစ်ရှူသွင်းခြင်း (သို့) မျိုချခြင်းများပြုလုပ်နိုင်သည်။

မူးယစ်ဆေးဝါးများသည် သင်မြင်နေရသောအရာ၊ သင်ခံစားရသောအရသာ၊ သင့်ခံစားချက်၊ သင့်တွေးခေါ်မှုနှင့် သင့်လုပ်ဆောင်မှုများအား ပြောင်းလဲစေနိုင်ကြောင်း ရှင်းပြပါ။

မူးယစ်ဆေးဝါးကဒ်များပါဝင်သောအိတ်ကို ပတ်ပတ်လည်သို့ ပေးလိုက်ပါ။ ပါဝင်သူများအား ရုပ်ပုံများကိုထုတ်လိုက်ပြီးနောက်ကျောတွင် ပါဝင်သောမူးယစ်ဆေးဝါး၏ရှင်းပြချက်ကို ဖတ်ခိုင်းပါ။

အကယ်၍ ပါဝင်သူများသည် အရက်မှာမူးယစ်ဆေးဝါးဖြစ်သည်ကို သိရှိသောကြောင့် အံ့သြသွားပါက ၎င်းတို့အား အရက်သောက်ပြီးချိန် လူများ၏ခံစားမှုများ၊ တွေးခေါ်မှုများနှင့် လုပ်ဆောင်မှုများ မည်ကဲ့သို့ပြောင်းလဲသွားသည်ကိုမေးပါ။

ရှင်းပြချက်များအားလုံး အသံထွက်ဖတ်ပြီးပါက ပါဝင်သူများအား ၎င်းတို့ကြားဖူးနေကြ မူးယစ်ဆေးဝါးများ အကြောင်းပြောကြားရန် တောင်းဆိုပါ။ ဥပမာ- တိုင်းပြည်အသီးသီးမှရာမဟုခေါ်သောမက်ဖက်သမင်း၊ ရာမ၊ မက်သ်နှင့်အိုက်စ် စသည်တို့ဖြစ်သည်။

ပြီးနောက် ပါဝင်သူများအား မူးယစ်ဆေးဝါးအကြောင်း ၎င်းတို့သိရှိသည်များကို ဥပမာပေးခိုင်းပါ။ ဥပမာ-ပါဝင်သူများသည် ဤကဲ့သို ပြောနိုင်သည်။

'အိုက်စ်သည်ကိုယ်အလေးချိန်လျော့ကျစေပြီး၊သင့်အရေပြားအားကြည်လင်စေသည်။'
'ရာမသည်ရောဂါများအားပျောက်ကင်းစေသည်။'

သင်မှယခုကဲ့သို့ပြန်လည်ပြောကြားနိုင်သည်။

'အိုက်စ်/ရာမမှာမူးယစ်ဆေးဝါးဖြစ်သော မက်ဖက်သမင်း၏ကွဲပြားသောအမည်များဖြစ်သည်။ ၎င်းသည် ကိုယ်အလေးချိန်လျော့ကျစေသည်၊ သို့သော် သင့်အရေပြားအားမကြည်လင်စေပါ။ ၎င်းသည် သင့်နှလုံး၊ အာရုံကြောများ၊ သွားများအား ဆိုးရွားစွာထိခိုက်စေသည်၊ ထို့ပြင် ၎င်းသည် စိတ်ချောက်ခြားစေခြင်းနှင့် သူတစ်ပါးအားသံသယဖြစ်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။'

ပြီးနောက် ပါဝင်သူများအား မူးယစ်ဆေးစွဲခြင်းအကြောင်း ၎င်းတို့သည် ရှင်းပြနိုင်သလားကို မေးကြည့်ပါ။ ၎င်းတို့ပြောကြားသည်များကို အနှစ်ချုပ်ပြီးရှင်းလင်းအောင်ပြုလုပ်ပေးပါ။

အချုပ်အားဖြင့် ခန္ဓာကိုယ်တွင် မူးယစ်ဆေးဝါးအဆင့်နိမ့်ကျနေချိန်တိုင်း ခန္ဓာကိုယ်နှင့်စိတ်မှ မူးယစ်ဆေးဝါးအား တောင့်တကြသည်။ လူများဆေးစွဲလာသောအချိန်တွင် မူးယစ်ဆေးဝါးမရနိုင်ပါက၊ ၎င်းတို့ခန္ဓာကိုယ်နှင့်စိတ်များသည် မူးယစ်ဆေးဝါးအား ထပ်မံ လိုချင်လာအောင် ပြုလုပ်မည်ဖြစ်သည်။ နောက်ဆုံးတွင် ၎င်းတို့သည် မူးယစ်ဆေးဝါးပေါ်တွင် လုံးဝမှီခိုသွားပြီး ၎င်းတို့ခန္ဓာကိုယ်မှာ မူးယစ်ဆေးဝါးမရှိပါက မှန်ကန်စွာအလုပ်မလုပ်နိုင်တော့ပဲ ဖြစ်သွားလိမ့်မည်။ တစ်ခါတစ်ရံဆေးစွဲခြင်းသည် ရုပ်ပိုင်းဆိုင်ရာကိုပါ သက်ရောက်စေသည် - လူများသည် မူးယစ်ဆေးဝါးထပ်မံမရမှီအထိလှုပ်ခါခြင်း (သို့) ချွေးထွက်ခြင်း၊ (သို့) ခေါင်းကိုက်ခြင်း(သို့) အလွန်အမင်းဝမ်းနည်းခြင်းများ ဖြစ်လိမ့်မည်။

မူးယစ်ဆေးဝါးများနှင့်အရက်သည် နည်းလမ်းအမျိုးမျိုးဖြင့် လူများအား နာကျင်စေသည်။

- ၎င်းတို့သည် သင့်ခန္ဓာကိုယ်အား အချိန်ကြာမြင့်စွာထိခိုက်စေသည် – သင့်နှလုံး၊ အဆုတ်၊ အသည်းနှင့် ကျောက်ကပ်စသည်တို့ကို ထိခိုက်စေသည်။

- လူများသည် မူးယစ်ဆေးဝါးပမာဏများစွာကို မှားယွင်းစွာသုံးစွဲခြင်းဖြင့် သေဆုံးနိုင်ခြင်းဖြစ်ပေါ်စေသော ဆေးလွန်ခြင်းဖြစ်နိုင်သည်။
- မူးယစ်ဆေးဝါးထိုးသွင်းရာတွင် ဆေးထိုးအပ်မျှဝေခြင်းဖြင့် HIV/AIDS နှင့် အခြားရောဂါများအား ကူးစက်နိုင်သည်။
- မူးယစ်ဆေးဝါးများသည် သင့်ဦးနှောက်အလုပ်လုပ်ပုံအား သံသယလွန်ကဲခြင်း (သို့) စိတ်ခြောက်ခြားစေခြင်းသို့ ပြောင်းလဲစေသည်။
- မူးယစ်ဆေးဝါးများသည် ကွန်ဒုံးမပါပဲ လိင်ဆက်ဆံခြင်း၊ မူးပြီးကားမောင်းခြင်း၊ ရန်ပွဲတွင်ပါဝင်ခြင်း၊ (သို့) သင်ကောင်းစွာမသိသူနှင့် လိင်ဆက်ဆံမှုပြုခြင်းကဲ့သို့သော သာမန်အချိန်တွင် မလုပ်နိုင်သည့် အန္တရာယ်ရှိသောအလုပ်များကို ပြုလုပ်စေသည်။

## မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့်လူကုန်ကူးခံရခြင်း၏အန္တရာယ်ကိုမြင့်တက်စေသည်။

ပါဝင်သူများအား အရက်အပါအဝင်၊ မူးယစ်ဆေးဝါးများအား သုံးစွဲခြင်းဖြင့် ရှင်းလင်းစွာ မတွေးတောနိုင်ပဲ အန္တရာယ်ရှိသောအလုပ်များကို လုပ်နိုင်ကြောင်း ရှင်းပြပါ။ သင်သည် ရှင်းလင်းစွာမတွေးတောနိုင်ချိန်တွင် အန္တရာယ်ပိုမိုရှိနေပြီး လူကုန်ကူးခံရရန်အန္တရာယ်လည်း တိုးလာကြောင်းရှင်းပြပါ။

ပါဝင်သူများအား လူများ အရက်အလွန်အကျွံသောက်သုံးပြီးနောက် အိပ်ပျော်နေစဉ်မှာပင် လူကုန်ကူးမှုခံခဲ့ရသောကိစ္စများရှိကြောင်း ပြောပြပါ။ သူတို့ငါးဖမ်းလှေပေါ်တွင် နိုးလာခဲ့သည်။

ပါဝင်သူများအား လူ ၄ (သို့) ၅ယောက်ပါဝင်သောအဖွဲ့များအဖြစ် ခွဲရန် ပြောကြားပါ။ အဖွဲ့တစ်ခုစီကို 'IS 6b: မူးယစ်ဆေးဝါးများနှင့် လူကုန်ကူးခြင်း' မှဇာတ်လမ်းတစ်ခုစီပေးပါ။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် လူငယ်ဦးဆောင်သူများရှိပါက ဆွေးနွေးမှုကို ဦးဆောင်ရန်ပြောကြားပါ။ အဖွဲ့အား မူးယစ်ဆေးဝါးများနှင့်အရက်တို့သည် မည်ကဲ့သို့လူကုန်ကူးခြင်းအားဖြစ်ပေါ်စေကြောင်း ရှင်းပြခိုင်းပြီး ၎င်းတို့ဇာတ်လမ်းကို ဆက်ခိုင်းပါ။ ၁၀မိနစ်ပြီးနောက် အဖွဲ့များအား ၎င်းတို့အဖြေများကို မျှဝေခိုင်းပါ။

## မူးယစ်ဆေးဝါးနှင့်အလုပ်သမား

အကယ်၍ တစ်စုံတစ်ယောက်သည် အလုပ်သမားများအား အလုပ်ရှင်မှ မူးယစ်ဆေးဝါးများပေးကြောင်း ကြားဖူးက ပြောကြားရန်ပြောပါ။ ၎င်းတို့အား ဥပမာများ ပေးရန်ခွင့်ပြုပါ။ ပြီးလျှင် အချို့သောဆိုးသွမ်းသည့်အလုပ်ရှင်များသည် ၎င်း၏အလုပ်သမားများအား အလုပ်ပိုမိုကြိုးစားရန်နှင့် ထိန်းချုပ်ရန် မူးယစ်ဆေးဝါးပေးလေ့ရှိကြောင်း ရှင်းပြပါ။

အောက်ပါ 'IS 6c: မူးယစ်ဆေးဝါးကိုးကားချက်များ'မှ တကယ့်လူများ၏ ဇာတ်လမ်းများပေါ် အခြေခံ၍ ကိုးကားချက်များကိုတဆင့်မျှဝေပါ။

'ကျွန်တော်က ပုစွန်ဖမ်းတဲ့လှေမှာ အလုပ်လုပ်ပါတယ်။ ကျွန်တော်တို့က ပင်လယ်ထဲကို တစ်ခါထွက်ရင် လများစွာကြာပါတယ်။ လှေပိုင်ရှင်က မနက်တိုင်းဆေးလုံးတစ်လုံးကို သောက်ခိုင်းပါတယ်။ ဆေးလုံးက ကျွန်တော်တို့ကို ပိုပြီးအားရှိလာစေတယ်လို့ခံစားရပြီး၊ အလုပ်ကို ပိုကြိုးစားလုပ်ပါတယ်၊ ဒါပေမယ့် နောက်နေ့မနက်ရောက်တော့ ကျွန်တော်တို့အားလုံး ခေါင်းကိုက်ခြင်းဝေဒနာကို ဆိုးဝါးစွာခံစားရပါတယ်။' (ဆေးလုံးမှာရာမဖြစ်သည်)။

'ကျွန်တော်က မိုင်းတွင်းမှာ အလုပ်လုပ်တယ်။ အလုပ်က တကယ့်ကိုခက်ခဲပါတယ်။ ကျွန်တော်တို့ဟာ တစ်နေ့လုံး မြေအောက်မှာပဲ အချိန်ကုန်ဆုံးရပါတယ်။ အဲဒီမှာအလုပ်လုပ်နေတဲ့ ယောကျ်ားတော်တော်များများဟာ ဟီးရိုးအင်းဆေးစွဲနေကြပါတယ်။ သူဌေးက အဲဒါကိုကြိုက်ပါတယ်၊ တစ်ခါတစ်လေ သူတို့က အဲဒါကိုစီစဉ်ပေးပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့က မူးယစ်ဆေးစွဲနေတဲ့အတွက် အလုပ်ကနေ မထွက်ချင်တော့အောင်ကို ဖြစ်နေပါတယ်။ ပြီးတော့ မူးယစ်ဆေးကြောင့် အလွန်ပင်ပန်းနေလွန်းလို့ ပြန်လည် မတုံ့ပြန်နိုင်တော့ပါဘူး။ '

'ကျွန်တော်က ဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုမှာအလုပ်လုပ်ပါတယ်။ အလုပ်သမားအားလုံးက ရာမကို နေ့တိုင်း သုံးမယ်ဆိုရင် အလွန်လွယ်ကူကြောင်းပြောပါတယ်။ အဲဒါဟာ အလုပ်ကြမ်းလုပ်တော့မယ်ဆိုပိုပြီး လွယ်ကူစေပါတယ်။ ပထမတော့ကျွန်တော်အား ရှိလာတယ်လို့ခံစားရတယ်။ နောက်တော့ နေလို့မကောင်းဘူး စတင်ခံစားလာရတယ်။ ချွေးထွက်များလာတယ်။ အချိန်တိုင်း တုန် နေတာတွေဖြစ်လာပါတယ်။'

'ကျွန်မဟာ အသက် ၁၅နှစ်မှာ ပြည့်တန်ဆာအိမ်သို့ရောင်းချခြင်းခံခဲ့ရပါတယ်။ ကျွန်မဟာ နေ့တိုင်းဝမ်းနည်းခဲ့ရတယ်။ ပြီးတော့ သေလည်းသေချင်တယ်။ ပြည့်တာဆာအိမ်ပိုင်ရှင်ဟာ ကျွန်မကို အတင်းရယူဖို့အတွက်ဆေးလုံးတိုက်ကျွေးပါတယ်။ ကျွန်မဆေး သောက်လိုက်ချိန်မှာ ကျွန်မဟာ ကျွန်မခန္ဓာကိုယ်ထဲမှာရှိမနေတော့ဘူးလို့ခံစားလိုက်ရပြီး ကျွန်မဟာအသက်ရှင်နေတာ သေသွား တာကိုဂရုမစိုက်တော့ပါဘူး။ နောက်တော့ ကျွန်မဟာ ပြည့်တန်ဆာအိမ်က ကယ်ဆယ်ခံခဲ့ရပါတယ်။ ကျွန်မဟာ ဆေးစွဲခဲ့တဲ့ အတွက်ကြောင့် ခန္ဓာကိုယ်ဟာ စတင်ပြီး နေမကောင်းဖြစ်လာပါတော့တယ်။ 'ပြီးလျှင် မူးယစ်ဆေးဝါးဆိုတာဘာလဲ၊လူတွေကိုဘယ် လိုခံစားစေလဲဆိုတဲ့အကြောင်း ပြောမည်ဖြစ်ကြောင်းရှင်းပြပါ။ ကျွန်တော်တို့ဟာ ယင်းဆေးဝါးတို့ကဘယ်လိုထိခိုက်စေလည်း၊ဘယ် လိုဆေးစွဲမှုဖြစ်ပေါ်စေတယ်၊ နေမကောင်းဖြစ်ခြင်း (သို့) အန္တရာယ်များသောစွန့်စားမှုကို ဆေးသုံးစွဲချိန်မှာ ပြုလုပ်ခြင်းစတာတွေကို ပါ ပြောမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါးများသုံးစွဲခြင်းဖြင့် လူကုန်ကူးခြင်းဖြစ်နိုင်ရန် မည်သို့အခွင့်အလမ်းများ တိုးတက်လာနိုင်သလဲ ဆိုတာကိုပါ ပြောပြမှာဖြစ်ပါတယ်။

ဒါဆို လူတွေဘာကြောင့်အဲဒါတွေကိုသုံးကြတာလဲ။

ပါဝင်သူများအား ၎င်းတို့ကိုယ်ပိုင်အကြောင်းပြချက်များကို ပေးရန်ပြောပါ။ ပြီးနောက် အကယ်၍ အောက်ပါဥပမာများသည်၎င်းတို့ ပေးသောစာရင်းတွင် မပါဝင်ပါက ပေါင်းထည့်ပါ။

- သူတို့အလုပ်ရှင်မှ အဓမ္မစေခိုင်းခံရသောကြောင့်ဖြစ်သည်။
- သူတို့၏သူငယ်ချင်းများမှာ ဆေးသုံးစွဲသောကြောင့်။
- အရွယ်ရောက်ပြီဟု ထင်စေသောကြောင့်။
- ခြားနားသောခံစားမှုများပေးသောကြောင့် ထို့ပြင် မူးယစ်ဆေးဝါးများသည် ခံစားနေရသည်များကို အချိန်ခဏတာ မေ့ပျောက် သွားစေသောကြောင့် ထို့ပြင် အချိန်ကြာလာသောအခါ ထိုခံစားမှုများသည် ပိုမိုဆိုးရွားလာစေသည်။

နောက်ဆုံး၌ မူးယစ်ဆေးသုံးစွဲမည်ဟု ဆုံးဖြတ်ချက်ချသည်မှာ သင်ကိုယ်တိုင်ပင်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းတို့မှာ သင်သည်သင့်အ နာဂါတ်အား ထိခိုက်စေကြောင်းသိပါသည်။ သို့သော် သင်သည် မူးယစ်ဆေးဝါးအား မသုံးဘူးဟု သင်ကိုယ်တိုင်ပြောရန်အတွက် စိတ်ဓါတ်ခိုင်မာရန် လိုအပ်ပါသည်။

စက်ဝိုင်းပုံအတိုင်းသွားပြီး ပါဝင်သူများအား မူးယစ်ဆေးဝါးသုံးစွဲရန် ပြောလာသူအား မသုံးစွဲပါဟု ပြေကြားရန်နည်းလမ်းများကို မေးပါ။

၎င်းတို့စဉ်းစားထားသောနည်းလမ်းများတွင် မည်သည့်နည်းလမ်းသည် မသုံးစွဲပါဟု လက်ခံနိုင်လောက်သော နည်းလမ်းဖြစ်ကြောင်း မေးပါ။

## နေ့စဉ်မှတ်တမ်း

ပါဝင်သူများအား ၎င်းတို့၏နေ့စဉ်မှတ်တမ်းတွင် ရေးသားရန် အချိန်ပေးပါ။ ၎င်းတို့အား မူးယစ်ဆေးဝါးအပေါ် ၎င်းတို့ယုံကြည်ချက် နှင့်ထင်မြင်ချက်များအား ရေးရန် ပြောကြားပါ။

### အခန်းအနှစ်ချုပ်

- မူးယစ်ဆေးဝါးများသည် သင့်ခံစားချက်၊ အမြင်နှင့်တွေးခေါ်မှုများအား ပြောင်းလဲစေသည်။
- မူးယစ်ဆေးဝါးများသည် သင့်ခန္ဓာကိုယ်နှင့် စိတ်ကို ဆိုးရွားစွာထိခိုက်စေသည်။
- လူများမူးယစ်ဆေးစွဲသောအခါ ၎င်းတို့ခန္ဓာကိုယ်နှင့်စိတ်များသည် ၎င်းကိုမသုံးရပါက အငမ်းမရဖြစ်စေသည်။
- မူးယစ်ဆေးဝါးများသုံးစွဲခြင်းဖြင့် သင့်တွေးခေါ်နိုင်မှုအား ဝေဝါးစေပြီး အန္တရာယ်ရှိသောလူကုန်ကူးခြင်းအန္တရာယ်အား တိုးလာစေသည်။
- အလုပ်ရှင်နှင့်လူကုန်ကူးသူများသည် အလုပ်သမားများအား အလွယ်တကူသိမ်းသွင်းရန်အလို့ငှာ မူးယစ်ဆေးဝါးများကို တိုက်ကျွေးကြသည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများအားမေးခွန်းများ(သို့) တုန့်ပြန်မှုများအားရေးသား (သို့) မေးမြန်းပြီးဦးဆောင်သူများအား အမည်မဖော်ပဲ ပေးအပ်ရန် ပြောကြားပါ။

တက်ရောက်လာသူအားလုံးကို ကျေးဇူးတင်ပါသည်။ နောက်လာမည့်အဖွဲ့အစည်းအဝေးအား အတည်ပြုပါ။ ၎င်းတို့အား အခန်းကို တက်ရောက်သည့်အတွက် နောက်ထပ်ကြယ်တစ်ပွင့်ထပ်မံရရှိကြောင်း ပြောကြားပါ။

ပါဝင်သူများအား၎င်းတို့အသိုင်းအဝိုင်းမှလူများကိုကြည့်ရှုပြီးအောက်ပါမေးခွန်းများကိုဖြေဆိုခိုင်းပါ။

- သင်နှင့်ရွက်တူများ၏ဖိအားကြောင့် လုပ်ဆောင်ခဲ့သည့် အကြိမ်ရေမည်မျှရှိလဲ ပြောပြနိုင်မလား။

ဦးဆောင်သူများမှ ပါဝင်သူများအား ထိုမေးခွန်းများကို စာရွက်များပေါ်တွင်ရေးသားပြီး အိမ်သို့ယူဆောင်သွားရန် အမှတ်ရနေစေရန် ပြောကြားပါ။








## အရက်

အရက်မှာ ဝမ်းနည်းသည့်အချိန် သောက်စရာအဖြစ်သောက်ကြသည်။ အရက်သောက်သုံးသူများသည် တုန့်ပြန်မှုနှေးကွေးခြင်းနှင့်စကားပြော လေးကန်ခြင်းများကို ကြုံတွေ့နိုင်သည်။ အရက်သောက်သုံးသူများ သည် အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း၊ (သို့) တစိမ်းများနှင့် အခြား နေရာသို့ အဖော်ပြုသွားခြင်းများကို အလွယ်တကူ ပြုလုပ်တတ်ကြ သည်။

## ကိုကင်း

**ကိုကင်း (ကုတ်၊ ကရက်၊ ဘလိုး (သို့) စနိုး)** သည်နိုးကြားစေသော အရာအဖြစ် အမှုန့်ရှုကြသည်။ မူးယစ်ဆေးသုံးစွဲသူသည် စွမ်းအားမြင့် တက်ခြင်း၊ အန္တရာယ်ရှိသည်ကိုမကြောက်ရွံ့ခြင်း၊ အစာစားချင်စိတ် နည်းပါးခြင်းနှင့် ၎င်းတို့ခန္ဓာကိုယ်အား တသတ်မတ်တည်းရွေ့လျားနိုင် ခြင်းစသည်တို့ကိုကြုံတွေ့ရသည်။

## ဟီးရိုးအင်း

ဟီးရိုးအင်း (မြင်းဆေး၊ဘိန်းဖြူ၊ရှီဘ (သို့) ရှီဘွ) မှာနိုးကြားစေသော အရာအဖြစ် ဆေးလိပ်ထဲတွင် သောက်ခြင်း (သို့) ဆေးထိုးခြင်းပြုလုပ် သည်။ မူးယစ်ဆေးသုံးစွဲသူများသည် မြူးကြွခြင်း၊ တွေးတောဆင်ခြင် နိုင်မှုကျဆင်းခြင်းနှင့် ၎င်းတို့ နီးနေစဉ်အိပ်နေသည်ဟုထင်မြင်ရခြင်း စသည်တို့ကို တွေ့ကြုံကြသည်။ အချို့ကိစ္စများတွင် မိုင်းတွင်း (သို့) ပြည့်တန်ဆာအိမ်တွင် အလုပ်လုပ်သောလူများသည် ၎င်းတို့အားလွယ် ကူစွာထိန်းချုပ်နိုင်ရန်နှင့် အလုပ်မှထွက်ခွာလိုစိတ်နည်းပါးစေရန် ဟီးရိုး အင်းပေးသည်ဟု တင်ပြမှုများရှိသည်။







## ရှူဆေးများ

ရှူဆေးများ (ရယ်သောဓာတ်ငွေ့၊ Poppers, Snappers or Whippets) သည် စိတ်ကို ပြောင်းလဲစေသောအာနိသင်ကို မြှင့်တင်ပေးရန် ရှူရှိုက်နိုင်သည့် ဓာတုအခိုးအငွေ့များကို ထုတ်လုပ်ပေးသောအရာဝတ္ထုများဖြစ်သည်။ ၎င်းတို့သည် အရာဝတ္ထုများစွာတို့၏ မျိုးကွဲအမျိုးမျိုးဖြစ်နိုင်သည်။ ကော်သည် ၎င်းကိုရှူလိုက်လျှင် စိတ်ထိုင်းမှိုင်းမှုကိုဖြစ်စေသည်၊ ဆေးသုံးသူများသည် မကြာခဏပင် အိပ်ငိုက်ခြင်း၊ မျက်စိလည်နေခြင်း၊ မူးနေခြင်းကဲ့သို့ ခံစားနေကြရသည်၊ အချို့သောအဖြစ်အပျက်များတွင် လူကုန်ကူးကွင်းဆက်များမှ အတင်းအဓမ္မလမ်းပေါ်တွင် တောင်းရမ်းခိုင်းနေသောလူငယ်များက ကော်ကိုအသုံးပြုခြင်းသည် ၎င်းတို့၏ အရှိတရားမှ ၎င်းတို့ကို စိတ်ပိုင်းဆိုင်ရာလွတ်မြောက်ဖို့ ကူညီပေးကြောင်း ပြောကြားသည်။

## ကီတမင်း


ကီတမင်း ( K သို့မဟုတ် Special K) သည်မြိုချ၍ ရနိုင်သောဆေးပြားအနေဖြင့်ရှိသည့်မူးယစ်ထုံထိုင်းစေသည့်အရာဖြစ်သည်။ ဆေးသုံးသူများသည် အိပ်ချင်ခြင်း သို့မဟုတ် အရက်မူးနေခြင်းကဲ့သို့ ခံစားနေရတတ်သည်။

## မာရီဂျူအာနာ

မာရီဂျူအာနာ ( Pot, Ganja သို့မဟုတ် Weed) သည် အစားအသောက်ထဲတွင် ဆေးဖက်ဝင်အပင်အဖြစ် ထည့်၍စားသောက်သော သို့မဟုတ် ရှူရှိုက်ရသောမူးယစ်ထုံထိုင်း ဆေးတစ်မျိုးဖြစ်သည်၊ ဆေးသုံးသူများသည် မကြာခဏပင် အိပ်ငိုက်ခြင်း သို့မဟုတ် ရှုံးသွပ်ခြင်းတို့ ခံစားရလေ့ရှိသည်။





## MDMA

MDMA (ဗီတီစီတ်ဖေကာင်းကင်သို့မဟုတ် X) သည် ဆေးပြားအနေဖြင့် မြိုချရသည်။ ဆေးသုံးသူများသည် ရုပ်ပိုင်းဆိုင်ရာခံစားချက် တိုးလာမှုနှင့် လျှပ်ရှားလိုစိတ် မြင့်တက်လာမှုတို့ကို မကြာခဏ တွေ့ကြုံရလေ့ရှိသည်။

## မက်သမ်ဖီတမင်း

မက်သမ်ဖီတမင်း (ယာဘ၊ ယာမ သို့မဟုတ် ရေခဲ) သည် ဆေးပြားအနေဖြင့်မြိုချရသည် သို့မဟုတ် ရှူရှိုက်ရသည်။ ဆေးသုံးသူများသည် စွမ်းအားများတိုး၍လာသည်ဟု မကြာခဏတွေ့ကြုံရပြီး အန္တရာယ်ဖြစ်နိုင်ချေများကို လုပ်ဆောင်လိုစိတ်များ တိုးတက်လာပြီး သူတို့၏ခန္ဓာကိုယ်များကို တသမတ်တည်း လှုပ်ရှားကြသည်။ အချို့သော အဖြစ်အပျက်များတွင်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်လုပ်နေသော သို့မဟုတ် ငါးဖမ်းစက်လှေများပေါ်တွင် အလုပ်လုပ်နေသော လူများကလုပ်ငန်းရှင်များသည် သူတို့ကို အလုပ်ပင်ပင်ပန်းပန်းလုပ်စေရန်အတွက် သူတို့ကို ယာဘ/ ယာမ/ ရေခဲတို့ ကျွေးကြောင်း သတင်းပို့ခဲ့သည်။

## ရိုဟိုက်နော

ရိုဟိုက်နော (Roofie သို့မဟုတ် Date Rape Drug) သည် ဆေးပြားအနေဖြင့်မြိုချနိုင်သည်၊ အမှုန့်ကိုရှူနိုင်သည် သို့မဟုတ် ရေထဲတွင်ဖျော်နိုင်သည်။ ဆေးသုံးသူများသည် စကားမပီဖြစ်လာခြင်း။ လမ်းလျှောက်ရန်ခက်ခဲလာခြင်းနှင့် ခေါင်းထဲတွင် ရှင်းရှင်းလင်းလင်းမတွေးနိုင်တော့ခြင်းတို့ကို တွေ့ကြုံနိုင်သည် သို့မဟုတ် သူတို့သတိမေ့သွားနိုင်သည်၊ အချို့သောကိစ္စရပ်များတွင် လူတွေသည် ရိုဟိုက်နောကို ရေတွင် ဖျော်ပြီးသောအခါ ၎င်းကို သောက်ဖို့အလိမ်ခံရတတ်သည်။ ဆေးသုံးသူများသည် ၎င်းတို့၏လုပ်ဆောင်ချက်များကို လုံးဝ သတိမထားမိတတ်တော့ပဲတုန့်ပြန်ခြင်းခံရဖို့ ဖြစ်လာတတ်သည်။ ရိုဟိုက်နောကို လူတွေကိုဆေးခပ်ဖို့ အသုံးပြုပြီး ထို့နောက်တွင် သူတို့၏လုပ်ဆောင်ချက်များကို သူတို့သတိမထားမိတော့သောအခါတွင် သူတို့ကို မုဒိမ်းကျင့်ကြသည်။ အချို့သောကိစ္စရပ်များတွင် ရိုဟိုက်နောကို ဖျော်ဖြေရေးဆိုင်များတွင် အသုံးပြုကြသည်။




## စတီးရွိုက်များ

စတီးရွိုက်များသည် တရားဝင်အသုံးပြုနိုင်သော တရားဝင်ဆေးဝါးဖြစ်သည်။ ဆေးသုံးသူများသည် အင်အားလိုင်းများ တိုးတက်လာခြင်းမျိုးတွေ့ကြုံရတတ်သည်။ အကယ်၍ အချိန်ကြာမြင့်ကျော်လွန်စွာအသုံးပြုပါက စတီးရွိုက်များသည် အသုံးပြုသူကို ကိုယ်အလေးချိန်တက်စေခြင်း သို့မဟုတ် ကြွက်သားထုများတက်လာစေခြင်းကို ဖြစ်စေသည်။ အချို့သောကိစ္စရပ်များတွင် ဆောင်ကြာမြိုင်များသည်ပြည့်တန်ဆာများကိုဖောက်သည်များအတွက် ကျန်းမာနေသည်ဟု အထင်ရောက်စေရန် စတီးရွိုက်များအသုံးပြုဖို့ အတင်းအဓမ္မစေခိုင်းတက်သည်။ ဟိုလူတွေသတင်းပို့ခဲ့ကြသည်။



၁။အုတ်စက်ရုံတွင်အလုပ်လုပ်နေသောကလေးတစ်ယောက်



၂။စစ်သားအနေဖြင့်အလုပ်လုပ်နေသောကလေးတစ်ယောက်

ပှၤလၢစဖှထူးလၢစယလၢစဖံစၥ်လၢ်ၥ်လၢ်အဲ့ဝံးဒၢ်ၥ်ဖိးန့ၢ်ၥ်လၢ်လၢစဖံစၥ်လါဂြၢ်းဒၢ်ၥ်လၢ်အဲလၢစ်လၢ်ဇၥ်ပှၤဖ်းန့ၢ်ဂၥ်ၢ်။ဝဲ





၄။ရေချိုးခန်းကြမ်းပြင်ကိုဆေးနေသောကလေးတစ်ယောက်



၅။အထည်ချုပ်စက်ရုံတွင်အလုပ်လုပ်နေသောကလေးတစ်ယောက်

# IS 7b: ကလေးလုပ်သားဇယား၏ဥပမာ

7

| ကိုယ်ခန္ဓာ | စိတ် | ပညာရေး | အနာဂါတ် | |
|---|---|---|---|---|
| ✓ | ✓ | ✓ | ✓ | စားသောက်ဆိုင်များ |
| ✓ | ✓ | ✓ | ✓ | အထည်ချုပ်စက်ရုံ |
| ✓ | ✓ | ✓ | ✓ | အုတ်စက်ရုံ |
| ✓ | ✓ | ✓ | ✓ | မုန့်ဖုတ်ခြင်း |
| ✓ | ✓ | ✓ | ✓ | လမ်းပေါ်တွင်ပန်းများရောင်းခြင်း |
| ✓ | ✓ | ✓ | ✓ | ငါးဖမ်းစက်လှေ |
| ✓ | ✓ | ✓ | ✓ | ထီးမိုးမိန်းကလေး |
| ✓ | ✓ | ✓ | ✓ | အမှိုက် |
| ✓ | ✓ | ✓ | ✓ | လယ်လုပ်ခြင်း |
| ✓ | ✓ | ✓ | ✓ | ပြည့်တန်ဆာ |
| ✓ | ✓ | ✓ | ✓ | ကျောက်စီခြင်း |
| ✓ | ✓ | ✓ | ✓ | မိုင်းတွင်း |

# 8 အခန်း (၈) လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းအတွက် လူကုန်ကူးခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာတွင် စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်းအကြောင်း ဗဟုသုတတိုးပွားလာမည်ဖြစ်ပြီးဒုက္ခသည်များအတွက်စာနာစိတ်များတိုးပွားလာလိမ့်မည်။

## အချိန်

၇၅မိနစ်

## အထောက်အပံ့ပစ္စည်းများ

- **'IS 8a: CSEC အမှုကို** လေ့လာခြင်းများ' ၏မိတ္တူများ၄ခု သို့မဟုတ်၅ခု (၄ယောက်သို့မဟုတ်၅ယောက်ပါသောအဖွဲ့တစ်ခုစီအတွက်တစ်ခုစီ)
- ဦးဆောင်သူ၏ အကိုးအကားအတွက်သာ **'IS 8b: မည်သူ့တွင်တာဝန်ရှိသလဲ။'** မိတ္တူတစ်ခု။ (သင်တို့သည်မိတ္တူများမလိုအပ်ပါ။)

## ပြင်ဆင်ခြင်း

အချို့သော လူထုအဖွဲ့အစည်းများအတွင်းတွင် (ကျောင်းအိပ်ကျောင်းစား လက်ခံသောတရုတ်ကျောင်းများကဲ့သို့) လူငယ်များသည် လိင်ဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း မသိနိုင်ကြပါ။အကယ်၍ ဤအရာသည် သင့်ရဲ့လူထုအဖွဲ့အစည်းအတွင်းမှ ကိစ္စရပ်ဖြစ်လျှင် မျိုးဆက်ပွားကျန်းမာရေး သို့မဟုတ် HIV/AIDS ကိုတိုက်ခိုက်နေသောအခြားသောနောက်ထပ် NGO တစ်ခုကို ရွေးထုတ်ပါ။ အကယ်၍ ထိုအဖွဲ့က အတွေ့အကြုံပြည့်ဝသောသင်တန်းနည်းပြဖြည့်ဆည်းပေးနိုင်ပါက ကလေးနှင့် ရင်းနှီးကျွမ်းဝင်သော အပြုအမူဖြင့် ဆီလျော်စွာ လိင်အကြောင်းကို ရှင်းပြရန် အခန်းကို ဦးဆောင်ပါစေ။ အခန်းမစတင်မီ လူငယ်များ၏မိဘများထံမှ ခွင့်ပြုချက်ကို ရယူဖို့သေချာပြုလုပ်ပါ။

ဤအခန်း၏ခေါင်းစဉ်သည် CSEC ဖြစ်သည်ဆိုတာကို လူငယ်အဖွဲ့မစတင်မီလူငယ်များ၏မိဘများနှင့်အုပ်ထိန်းသူများကိုလည်းပဲ ပြောကြားပါ။ အကယ်၍ သင်၏ပါဝင်သူတစ်ယောက်မှာ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်း သို့မဟုတ် မုဒိမ်းကျင့်ခြင်းခံထားရဖူးကြောင်းသိရှိပါက ဤရက်သတ္တပတ်မတိုင်မီ ထိုပါဝင်သူကို ကိုယ်ရေးကိုယ်တာစိတ်ချရသောနေရာမျိုးတွင် ဤအပတ်အခန်း၏ခေါင်းစဉ်ကို သီးသန့်တွေ့ပြီးပြောကြားရမည်။ အတန်းတက်ရောက်မည်လားဆိုသည်ကို ပါဝင်သူက ရွေးချယ်နိုင်သည်။ အခန်းမစတင်မီ ပါဝင်သူများကို ဤအခန်း၏ဆွေးနွေးချက်သည် အချို့သောထိခိုက်လွယ်သောခေါင်းစဉ်အချို့ပါဝင်ကြောင်းကို သတိပေးပါ။ ထို့အတွက်ကြောင့် ပုံမှန်နားချိန်များကို အားပေးပါ။ အကယ်၍ သူတို့သည် အခန်းတစ်ခုလုံးပြီးဆုံးအောင်တက်ရောက်ဖို့ အဆင်ပြေသည်ဟုမထင်လျှင် ပါဝင်သူများကို တိတ်ဆိတ်စွာထွက်သွားဖို့ ခွင့်ပြုပါ။

အကယ်၍ ပါဝင်သူတစ်ယောက်ယောက်သည် အခန်းထဲတွင် အမြင်အားဖြင့် စိတ်မသက်မသာဖြစ်လာနေပါက ထိုအချိန်တွင်ထိုသူဆီသို့ အာရုံစုသွားအောင်မပြုလုပ်ပဲ လူကြားထဲတွင်လည်း သက်သေမပြပါနှင့်။ အခြားပါဝင်သူများ ထွက်ခွာသွားသည်အထိစောင့်ဆိုင်းပြီး ထို့နောက်တွင်မှ အကယ်၍ သူ သို့မဟုတ် သူမက စကားပြောလိုသလားလို့ မေးမြန်းပါ။

ကျွမ်းကျင်သောလမ်းပြသင်တန်းလက်စွဲ၏အခန်း၉မှ 'ပူပင်သောကရောက်နေသောလူငယ်များကို တုန့်ပြန်ခြင်း' ကိုပြန်ဖတ်ပါ။

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်ကို လက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှ သွေးပူလေ့ကျင့်ခန်း လုပ်ဆောင်မှုကို ဦးဆောင်ဖို့လူငယ်ဦးဆောင်သူကို ပြောကြားပါ။

### ပြန်လည်ဆန်းစစ်ခြင်း

ကျွန်ုပ်တို့လူမှုအသိုင်းဝိုင်းတွင် ကလေးများသည် မည်သည့်အလုပ်များ ပြုလုပ်နေကြသနည်း။
ထိုအလုပ်များသည် ကလေးများကို ထိခိုက်စေပါသလား။ ထိုသို့ထိခိုက်စေပါက အဘယ့်ကြောင့်နည်း။

## ဆွေးနွေးခြင်း

ဤအခန်းသည် ပြောကြားဖို့ရန်ခက်ခဲသည့် ကိစ္စရပ်တစ်ခုအကြောင်း ဖြစ်သည်ကိုရှင်းပြပါ။ ပါဝင်သူများသည် ဤကိစ္စရပ်အကြောင်းပြောကြားသည့်အခါတွင် သူတို့သည် စိတ်ကသိကအောင့်ဖြစ်တတ်သည်။ ပါဝင်သူများကို အကယ်၍ထိုအရာသည် အလွန်ပင်ခက်ခဲလွန်းလာသည်ဟုထင်ပါက သူတို့သည့်တိတ်ဆိတ်နေခြင်း သို့မဟုတ် အခန်းကို ထွက်ခွာသွားခြင်းမျိုးပြုလုပ်နိုင်ကြောင်းရှင်းပြပါ။ အကယ်၍ သူတို့သည် ကသိကအောင့်ဖြစ်ပြီးနောက်ပိုင်းတွင် ထိုအကြောင်းကို ပြောကြားလိုလာပါက ဦးဆောင်သူသည် အခန်းပြီးဆုံးပြီးနောက်တွင် စကားပြောဖို့ အချိန်ယူသင့်သည်။

လူကုန်ကူးခံရခြင်းရလဒ်အနေဖြင့် လူတွေသည် ဆိုးရွားလှသောအလုပ်များကို ပြုလုပ်ရခြင်းဖြင့်အဆုံးသတ်သွားကြသည် ဆိုတာကိုရှင်းပြပါ။ လုပ်အားအတွက် လူကုန်ကူးခြင်းအကြောင်းဆွေးနွေးခဲ့ပြီးဖြစ်သည်- လူတစ်ယောက်သည် ခွန်အားသုံးရသောအလုပ်များ (ဥပမာအားဖြင့်စက်ရုံတစ်ခုတွင် အလုပ်လုပ်ခြင်း၊ ပုဇွန်ဖမ်းစက်လှေတွင် အလုပ်လုပ်ခြင်း သို့မဟုတ် အိမ်အကူအနေဖြင့်အလုပ်လုပ်ခြင်း) ပြုလုပ်ရန်လူကုန်ကူးခံရနိုင်သည်။ ထို့အပြင် လူများသည် လိင်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် ပြုလုပ်ရန် ရောင်းချဖို့အတွက်လည်း လူကုန်ကူးခြင်းခံရနိုင်သည်။

### CSEC

CESC ( လူငယ်များ၏စီးပွားရေးဆိုင်ရာ လိင်လုပ်ငန်းတွင်ခေါင်းပုံဖြတ်ခြင်း) ကလူတစ်ယောက် (များသောအားဖြင့်လူကြီးတစ်ယောက် သို့သော် တစ်ခါတစ်ရံတွင်ကလေးတစ်ယောက်)သည် ကလေးတစ်ယောက်ကို လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြီး ထိုသို့ပြုလုပ်ခြင်းအတွက် အခကြေးငွေပေးသည့်အနေအထားတစ်ခုကို ဖော်ပြကြောင်းကိုရှင်းပြပါ။

လူကြီးသည် ပိုက်ဆံအနေဖြင့်ပေးချေခြင်း သို့မဟုတ် အစားအသောက်နှင့် သို့မဟုတ် မျက်နှာသာပေးခြင်းများကဲ့သို့သော အခြားနည်းလမ်းဖြင့် ပေးချေတတ်ကြောင်း ရှင်းပြပါ။ များသောအားဖြင့်ကလေးသည် အခကြေးငွေမရရှိပေ။ ယင်းငွေများသည် ဆောင်ကြာမြိုင်ပိုင်ရှင် သို့မဟုတ် ဆွေမျိုးတစ်ယောက်ယောက်ကဲ့သို့ လူကြီးတစ်ယောက်ယောက်ဆီသို့ ရောက်ရှိသွားသည်။

CSEC သည် ယောက်ျားလေးများ သို့မဟုတ် မိန်းကလေးများဖြစ်နိုင်သည်ဆိုတာကို ရှင်းပြပါ။

ပါဝင်သူများကို တိုင်းပြည်အသီးသီးကကလေးဆိုသည်ကို ဖွင့်ဆိုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိသည်ဆိုတာကို ရှင်းပြပါ။ သို့သော် ဤကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ကလေးတစ်ယောက်ဆိုသည်ကို အသက်၁၈နှစ်အောက် လူတစ်ယောက်ဟု အဓိပ္ပာယ်သတ်မှတ်သည်။

CESC အမျိုးအစားအမျိုးမျိုးရှိကြသော်လည်း အဓိက အမျိုးအစားများမှာ အောက်ပါတို့ဖြစ်ကြကြောင်းကို ရှင်းပြပါ။

- ကလေးများသည် ပြည့်တန်ဆာများ (လိင်ခရီးသွားလုပ်ငန်းအပါအဝင်) ဖြစ်သွားသောအခါ။
- ကလေးများသည် ညစ်ညမ်းရုပ်ရှင်ထဲတွင်ပါဝင်သောအခါ။

ပြည့်တန်ဆာလုပ်ကိုင်ခြင်း စကားလုံးဆိုသည်မှာ အခြားလူတစ်ယောက်နှင့် လိင်ဆက်ဆံဖို့ ပိုက်ဆံရယူခြင်းကို ဆိုလိုကြောင်း ရှင်းပြပါ။ ကလေးများကို ပြည့်တန်ဆာဖြစ်လာဖို့ အတင်းအကျပ်တွန်းအားပေးသောအခါ၊ သူတို့ကို ထိန်းချုပ်ထားသောလူကြီးသည် ကလေးအစား ထိုပိုက်ဆံကို လက်ခံရတတ်သည်။

ညစ်ညမ်းရုပ်ရှင်ဆိုသော စကားလုံးသည် လိင်အကြောင်းဖတ်လမ်းများ၊ ရုပ်ပုံများနှင့်ရုပ်ရှင်များကို ဖော်ပြထားကြောင်း ရှင်းပြပါ။ လူတို့သည် တစ်ခါတစ်ရံတွင် အင်တာနက်ပေါ်တွင် သို့မဟုတ် လက်ကိုင်ဖုန်းများဖြင့် ညစ်ညမ်းရုပ်ရှင်များကို ကြည့်ရှုတတ်သည်။ ကလေးများသည် လိင်ပိုင်းဆိုင်ရာလှုပ်ရှားလုပ်ဆောင်ချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားသော ရုပ်ပုံရေးဆွဲထားသည့် ညစ်ညမ်းရုပ်ရှင်ထဲတွင်ပါဝင်လာနိုင်သည်။

ပါဝင်သူများကို ကလေးများသည် CSEC သားကောင်များတွင် ပါဝင်သောအခါ သူတို့ကိုထိန်းချုပ်ထားသော လူကြီးများသည် သူတို့ကိုဖျက်ဆီးကြလိမ့်မည်ဆိုတာရှင်းပြပါ။ ဤအရာတွင် သူတို့ကို လူကြီးများခိုင်းသလို လိုက်လုပ်ရန်နှင့် ဖောက်သည်များ အတွက် အတင်းအကျပ်ဖြင့် ပြုစေရန်ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ခြင်း၊ အငတ်ထားခြင်း သို့မဟုတ် ကလေးများကို ဆေးစွဲအောင်ပြုလုပ်ခြင်းတို့ပါဝင်နိုင်သည်။

ကလေးများသည် လုပ်အားအေအတွက်ခေါင်းပုံဖြတ်ခြင်းခံရသောကြောင့် CSEC သည်လူကုန်ကူးခြင်းပုံစံတစ်ခုဖြစ်ကြောင်းကို ရှင်းပြပါ။

## လေ့လာစရာပုံပြင်များ

ပါဝင်သူများကို ၄ယောက် သို့မဟုတ် ၅ယောက်ခန့် ပါဝင်သောအဖွဲ့များအဖြစ် ခွဲလိုက်ပါ။ အဖွဲ့တစ်ခုစီကို 'IS 8a: CSEC လေ့လာစရာပင်များ" ကိုပေးပြီး ပါဝင်သူများကို အဖွဲ့လိုက်မေးခွန်းများကို ဖြေဆိုဖို့ပြောကြားပါ။

## ဆောင်ကြာမြို့များနှင့်မိတ်ဆက်ခြင်း

ဤအရာသည် နောက်ထပ်ခက်ခဲသော ခေါင်းစဉ်တစ်ခုဖြစ်ကြောင်းကို ရှင်းပြပါ။ ဆောင်ကြာမြို့ဆိုသည်မှာ ယောက်ျားများသွားရောက်၍အခကြေးငွေပေးကာလိင်ဆက်ဆံကြသောနေရာများဖြစ်သည်။ (လိင်ကို တစ်ခါတစ်ရံတွင် လမ်းများပေါ်တွင်၊ စားသောက်ဆိုင်များထဲတွင်၊ ကာရာအိုကေခန်းများနှင့် အိမ်များတွင်လည်းရောင်းချတတ်ကြသည်။) ဆောင်ကြာမြို့များကို လူထုပတ်ဝန်းကျင်အတွင်းတွင် မကြာခဏအတော်ပင်တွေ့မြင်နိုင်သည်။ လူထုထဲမှလူအများအပြားသည် ထိုနေရာသည် မည်သည့်နေရာဖြစ်ပြီး ထိုနေရာထဲတွင် မည်သည်တို့ဖြစ်ပျက်နေကြသည်ဆိုတာကို သိကြသည်။ အချို့သောကိစ္စရပ်များတွင် သူတို့သည် ပိုမို၍ ဖုံးကွယ်နေတတ်သည်။ သို့သော် အခကြေးငွေပေး၍ လိင်ဆက်ဆံလိုသူများသည် ထိုနေရာတို့ကို လိုက်ရှာနေမြဲဖြစ်သည်။

မိန်းမများနှင့် ကလေးများကို ဆောင်ကြာမြို့သို့ လူကုန်ကူးခံရနိုင်ပြီး ဖောက်သည်များနှင့် လိင်ဆက်ဆံဖို့ အတင်းအကျပ်တွန်းအားပေးခံရနိုင်သည်။

ဆောင်ကြာမြို့များသည် လူကုန်ကူးခြင်းကို မကြာခဏပင် အကြောင်းရင်း ခံဖြစ်နေတတ်သည်ဆိုတာကို ပါဝင်သူများကိုရှင်းပြပါ။ ယောက်ျားတစ်ယောက်ဆောင်ကြာမြို့တစ်ခုကို ရောက်သည့်အချိန်တိုင်းတွင် သူနှင့်လိင်ဆက်ဆံခဲ့သော ပြည့်တန်ဆာသည် ကလေးတစ်ယောက်ဖြစ်ပြီး လူကုန်ကူးခံထားရသူဖြစ်နိုင်ချေတစ်ခု ရှိနေတတ်သည်။ ခန့်မှန်းချက်များက မဲခေါင်နယ်ပယ်ဒေသ (ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံ) ထဲရှိအားလုံးသောလိင်လုပ်သားများ၏ ၁၀ မှ ၃၅ရာခိုင်နှုန်းမှာ အသက်၁၂ နှင့် ၁၇ ကြားတွင်ဖြစ်ကြောင်းပြောကြားထားသည်။ ထိုအရေအတွက်သည် မြန်မာ၊ တရုတ်နှင့် လာအိုနိုင်ငံတို့တွင်လည်း တူညီနေနိုင်သည်။ သို့သော် စစ်တမ်းကောက်မှုတွင် ထိုနိုင်ငံများ မပါဝင်ခဲ့ပေ။

ယောက်ျားတစ်ယောက်နှင့် လိင်ဆက်ဆံခဲ့သော မိန်းမတစ်ယောက်သည် ကလေးတစ်ယောက် မဟုတ်ခဲ့လျှင်တောင် သူမကို ဆောင်ကြာမြို့သို့ လူကုန်ကူးခြင်းခံရဖို့ အခွင့်အရေးတစ်ခုရှိနေပြီး ထိုမှပြန်လည်ထွက်ခွာဖို့ မဖြစ်နိုင်ကြောင်းကို ရှင်းပြပါ။

အကယ်၍ ပြည့်တန်ဆာတစ်ယောက် ဆောင်ကြာမြို့တွင် ရွေးချယ်၍အလုပ်လုပ်ခဲ့လျှင်တောင် သူမ၏ဘဝသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာအန္တရာယ်ကျင့်ခံရဖို့ ဖြစ်နိုင်ချေမြင့်မားသောအဆင့်များထဲတွင်ပါဝင်နိုင်သည်။

## မည်သူ့တွင်တာဝန်ရှိသလဲ။

**'IS 8b: မည်သူ့တွင်တာဝန်ရှိ**သလဲ။" ဇာတ်လမ်းကိုဖတ်ပါ။ ထို့နောက်တွင်ပါဝင်သူများသည် ငြိမ်သက်နေခြင်း သို့မဟုတ် တည်ငြိမ်နေခြင်းကို သင်တွေ့နိုင်သည်။ ဤသည်မှာ ပုံမှန်တုန့်ပြန်မှုပင်ဖြစ်သည်။ ဇာတ်လမ်း၏အဆုံးတွင် စာရင်းလုပ်ထားသောမေးခွန်းများကိုဆွေးနွေးပါ။

## အပြစ်တင်ခြင်း

တစ်စုံတစ်ယောက်က ပြည့်တန်ဆာတစ်ယောက်ကို 'သူမကသမီးကောင်းတစ်ယောက်ပါ။ ဒါပေမယ့် မိန်းမကောင်းတစ်ယောက်တော့မဟုတ်ဘူး' ဟူ၍ပြောကြားသည်ကို ကြားဖူးသူတစ်ယောက်ယောက်များရှိသလားဟု မေးပါ။

လူများ ဤသို့ပြောကြားသောအခါ သူတို့သည် သူတို့၏မိဘများကို ကူညီလို၍ ပြည့်တန်ဆာဖြစ်သွားကြသောမိန်းကလေးများကို အပြစ်တင်နေကြခြင်းဖြစ်ကြောင်း ရှင်းပြပါ။

ဤအရာသည် ဒုတိယမြောက်ဒါဏ်ရာဖြစ်ကြောင်းရှင်းပြပါ။ ပထမထိုသူသည် လိင်ပိုင်းဆိုင်ရာရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်း၏သားကောင်တစ်ယောက်ဖြစ်သည်။ ထို့နောက်နောက်ပိုင်းတွင် လူထုအဖွဲ့အစည်းသည် သူမကို ခွဲခြားဆက်ဆံခြင်းဖြင့် သူမကို ဒုတိယမြောက်ဒါဏ်ရာ ဖြစ်ပေါ်စေသည်။

ပါဝင်သူများကို လူများသည် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းခံရသောအခါ ထိုအရာသည် သူတို့၏အမှားမဟုတ်ခဲ့ပဲ သူတို့နာကျင်ခံစားခဲ့ရခြင်းဖြစ်ကြောင်း ယုံကြည်ဖို့နှင့် သူတို့အကူအညီနှင့်လက်သင့်ခံဖို့ လိုအပ်ကြောင်း ကျွန်ုပ်တို့အတွက် အရေးကြီးသည်။

သူတို့၏အတွေ့အကြုံအတွက် လိင်ကုန်ကူးခြင်း၏သားကောင်ဖြစ်ရသူများကို အပြစ်မတင်သင့်ကြောင်းကို ပါဝင်သူများကို ပြောကြားပါ။ အားလုံးသောလိင်ကုန်ကူးခြင်း၏သားကောင်များသည် သူတို့၏အိမ်၊ လူမှုပတ်ဝန်းကျင်အတွင်းသို့ ပြန်လည် လက်ခံခြင်းခံဖို့ ထိုက်တန်သည်။

## နေ့စဉ်မှတ်တမ်း

အဖွဲ့ကို ဤအချက်အလက်များကို ကြားပြီးနောက် သူတို့မည်ကဲ့သို့ခံစားရသည်ဆိုတာကို စာရေးသားဖို့ သို့မဟုတ် ပုံရေးဆွဲဖို့ ပြောကြားပါ။

### အခန်းအကျဉ်းချုပ်

- CESC (လူငယ်များ၏ စီးပွားရေးဆိုင်ရာလိင်လုပ်ငန်းတွင် ခေါင်းပုံဖြတ်ခြင်း)က လူတစ်ယောက် (များသောအားဖြင့်လူကြီးတစ်ယောက်၊သို့သော်တစ်ခါတစ်ရံတွင်ကလေးတစ်ယောက်) သည် ကလေးတစ်ယောက်ကိုလိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြီး ထိုသို့ပြုလုပ်ခြင်းအတွက် အခကြေးငွေပေးသည့်အနေအထားတစ်ခုကို ဖော်ပြသည်။
- ဆောင်ကြာမြို့များသည် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ဖို့အတွက် လူကုန်ကူးခြင်းကို အကူအညီပေးသည်။
- လူကုန်ကူးခြင်းခံရသောဒုက္ခသည်များကို အပြစ်မတင်သင့်ပေ။
- အားလုံးသောလိင်ကုန်ကူးခြင်း၏သားကောင်များသည် သူတို့၏အိမ်၊ လူမှုပတ်ဝန်းကျင်အတွင်းသို့ ပြန်လည်လက်ခံခြင်းခံဖို့ ထိုက်တန်သည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့်/ သို့မဟုတ် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၎င်းတို့ကို ဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။

လာရောက်ကြသောလူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကိုအတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်းအတွက် သူတို့သည်နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်းကို ပြောကြားပါ။

CSEC နှင့်ဆောင်ကြာမြို့များအကြောင်း ပြောကြားခြင်းသည် စိတ်ကသိကအောင့်ဖြစ်စေနိုင်ပြီး တစ်စုံတစ်ယောက်က စကားပြောချင်သောကိစ္စမျိုးရှိပါက အခန်းပြီးဆုံးပြီးနောက် ၁၀မိနစ်ခန့် အခန်းထဲတွင် သင်ကျွန်နေရစ်ခဲ့မည်ဖြစ်ကြောင်းကို ရှင်းပြပါ။

# 8 IS 8a: CSEC လေ့လာစရာပုံပြင်များ

**ဤလေ့လာစရာပုံပြင်များသည်ဖြစ်ရပ်မှန်ဇာတ်လမ်းများပေါ်တွင်အခြေပြုထားခြင်းဖြစ်သည်။**

## ဇာတ်လမ်း၁

ဇာနည်သည် ခရီးသွားမြို့တစ်ခုအနီးရှိရွာတွင် နေထိုင်သည်။ သူက အသက်၁၀နှစ်ရှိပြီဖြစ်သည်။ သူ့တွင် ညီအစ်ကိုများနှင့် ညီအစ်မများစွာရှိပြီး သူ့ဖခင်သည် လွန်ခဲ့သောနှစ်များစွာကပင် သူတို့ထားသွားခဲ့သည်။ အိမ်နီးချင်းက သူ့ကိုခရီးသွားမြို့သို့ခေါ် ဆောင်သွားရန်ကမ်းလှမ်းသည်။ ထိုနေရာတွင် ချမ်းသာသောခရီးသွားသူများထံမှ တောင်းရမ်းခြင်းဖြင့် ပိုက်ဆံများရရှိနိုင်မည်ဟု အိမ်နီးချင်းပြောကြားသည်။

ဇာနည်ရောက်သွားသောအခါ အိမ်နီးချင်းသည် သူ့ကိုအလွန်ရက်စက်သည်။ ဇာနည်သည် ညဘက်တွင် သောင်ပြင်ပေါ်မှာ အိပ်စက်ပြီးနေ့ဘက်တွင် တောင်းရမ်းသည်။ သို့သော် သူသည် လုံလောက်သောပိုက်ဆံမရရှိခဲ့ပါက အိမ်နီးချင်းသည် သူ့ကိုညဖက်တွင် ရိုက်နှက်တော့သည်။

တခါတရံများတွင် ခရီးသွားများသည် ဇာနည်ကို အခကြေးငွေပေး၍ လိင်ဆက်ဆံဖို့ကမ်းလှမ်းသည်။ ဇာနည်သည် မပြုလုပ်လိုပေ၊ သို့သော် သူသည် စားဖို့ သို့မဟုတ် အိမ်နီးချင်းကိုပေးဖို့ရန် ပိုက်ဆံလုံလုံလောက်လောက်မရှိပေ။ ထို့ကြောင့် သူသည် တခါတရံတွင် သဘောတူညီခဲ့သည်။

တစ်နေ့တွင် သူ၏ပြဿနာကိုကြားဖူးသော NGO တစ်ခုမှ လူတစ်ယောက်နှင့် ဇာနည်တွေ့ခဲ့သည်။ NGO က ဇာနည်ကိုမြို့မှ ထွက်ခွာဖို့ သူ၏ရွာသို့ပြန်ဖို့နှင့် သူ၏အိမ်နီးချင်းအကြောင်း တိုင်ကြားရန်ရဲနှင့် ဆက်သွယ်ဖို့ကူညီခဲ့သည်။ ဇာနည်သည်သူ၏ရွာတွင် သူ၏မိသားစုနှင့် နေထိုင်ဖို့ပြန်သွားပြီး NGO က သူတို့ကို ဆက်လက်ထောက်ပံ့ပေးသည်။

- ဇာနည်ကို ခေါင်းပုံဖြတ်ဖို့မည်သည့်အရာကလွယ်ကူစေခဲ့သနည်း။
- မည်သူက ဇာနည်ကို လူကုန်ကူးခဲ့သနည်း။
- လူကုန်ကူးခံရခြင်းသည် ဇာနည်၏အမှားဖြစ်ခဲ့ပါသလား။
- သူ၏ဘဝကို ပြန်လည်ထူထောင်ဖို့ရွာသားများသည် သူ့ကိုကူညီရန် မည်သည့်အကူအညီမျိုး သူ့ကိုပေးသင့်သနည်း။

## ဇာတ်လမ်း၂

စုစုသည် လူနည်းစုမျိုးနွယ်တစ်ခုမှ ၁၅နှစ်အရွယ် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူမ ကျောင်းမတက်ဖူးပေ။ တစ်နေ့တွင် သူမလယ်တောမှ အိမ်သို့ပြန်လာသည့်အခါ သူမ၏ဖခင်နေမကောင်းဖြစ်နေသည်။ မိသားစုက သူ့ကို ဒေသန္တရကျန်းမာရေး ဆေးခန်းသို့ ဆေးကုသဖို့ ခေါ်ဆောင်လာခဲ့သည်။ သို့သော် ဆရာဝန်ကို အဖိုးအခပေးရန်အတွက် ဒေသအတွင်းငွေချေးသူထံမှ ပိုက်ဆံချေးခဲ့ရသည်။ သူမဖခင်သည် ပြန်လည်ကောင်းမွန်လာဖို့ ကြာမြင့်စွာ အချိန်ယူခဲ့ပြီးနောက်တွင် အလုပ်မလုပ်နိုင်တော့ပေ။ ငွေချေးသူသည် သူ့ပိုက်ဆံပြန်တောင်းဖို့ အိမ်ကို စတင်လာရောက်ခဲ့ပြီး မိသားစုတွင်တော့ပြန်ပေးရန် ပိုက်ဆံမရှိတော့ပေ။

တစ်နေ့တွင် ပိုက်ဆံချေးသူက သူတို့သည် ပိုက်ဆံအစား စုစုကိုသူ့ထံပေးဖို့ တိုက်တွန်းလာသည်။ မိသားစုက သဘောတူခဲ့ပြီး စုစုသည် ဆောင်ကြာမြို့တွင် အလုပ်လုပ်ရန်အတွက် ခေါ်ဆောင်သွားခံရတော့သည်။ စုစုသည် ဆောင်ကြာမြို့တွင် ၂နှစ်အလုပ်လုပ်ရန် အတင်းအကျပ် တွန်းအားပေးခံခဲ့ရသည်။ သူမသည် တစ်နေ့ကို ဖောက်သည်အမြောက်အမြားနှင့်ဆက်ဆံခဲ့ရပြီး ဘယ်တော့မှပိုက်ဆံမရခဲ့ပေ၊ သူမသည် သေချင်စိတ်ပေါက်လောက်အောင် သူမ လွန်စွာဝမ်းနည်းခဲ့ရသည်။

၂နှစ်ကြာပြီးနောက် ဆောင်ကြာမြို့သည် ရဲများဝင်ရောက်စီးနင်းခြင်းကိုခံခဲ့ရပြီး စုစုကို သူမမိသားစုထံပြန်ပို့ခဲ့သည်။

- မည်သည့်အရာကို စုစုကိုလူကုန်ကူးခြင်းခံရစေဖို့လွယ်ကူစေသနည်း။
- မည်သူက စုစုကိုလူကုန်ကူးခဲ့သနည်း။
- စုစု၏အမှားကြောင့် လူကုန်ကူးခံခဲ့ရခြင်းဖြစ်ပါသလား။
- သူမဘဝကို ပြန်လည်တည်ဆောက်ရန်အတွက် S သည် မည်ကဲ့သို့သောအကူညီမျိုးကို လိုအပ်မည်နည်း။

# IS 8b: မည်သူ့တွင်တာဝန်ရှိသနည်း။



## ဦးဆောင်သူ၏အကိုးအကားအတွက်သာလျှင်။ မိတ္တူပွားခြင်း မပြုလုပ်ပါနှင့်။

မြို့လယ်ခေါင်တွင် ဆောင်ကြာမြိုင်တစ်ခုရှိခဲ့သည်။ လူထုပတ်ဝန်းကျင်ရှိလူတိုင်းသည် ဆောင်ကြာမြိုင်ထဲတွင် မည်သည့်တို့ဖြစ်ပျက်နေကြောင်းကိုသိကြသည်။ ညဖက်ရောက်၍ သူတို့ လူအုပ်စုဖြင့်သွားသောအခါ အလင်းရောင်များ၏အောက်တွင် ထိုင်နေသော မိန်းမငယ်များကို လူများတွေ့နိုင်ကြပြီး တစ်ခါတစ်ရံတွင် မိန်းကလေးများသည် ပိုမိုငယ်ရွယ်သောမိန်းကလေးများလို့ ထင်ကြရသည်။ မြို့ထဲရှိလူများသည် လူ့အဖွဲ့အစည်းအတွင်းရှိယောက်ျားများသည် မိန်းမများနှင့်အတူ မူးယစ်နေကြသည်ကို တွေ့မြင်နိုင်သည်။ ယောက်ျားများ အပေါ်ထပ်ရှိအခန်းများထဲ ဝင်ရောက်ပျောက်ကွယ်သွားသောအခါ ဘာဆက်ဖြစ်လိမ့်မည်ဆိုတာကို လူတိုင်းခန့်မှန်းနိုင်ကြသည်။ မြို့ထဲတွင် ဆောင်ကြာမြိုင်အကြောင်းနှင့်ပတ်သတ်၍ ကောလဟာလများ ပြန့်နှံ့နေခဲ့သည် တစ်ခါတစ်ရံများတွင် ဆောင်ကြာမြိုင်သည် သမီးတစ်ယောက်ကို ဆောင်ကြာမြိုင်သို့ ပို့ခြင်းဖြင့် ဆင်းရဲသောမိသားစုတစ်စုသည် ၎င်းတို့၏အကြွေးများကို ပေးချေခွင့်ပြုကြောင်း လူတွေက ပြောခဲ့သည်။ အခြားသော လူများကမိန်းကလေးတွေထဲမှ အများအပြားမှာ အသက်၁၈နှစ်အောက် ဖြစ်ကြောင်းပြောခဲ့ကြသည်။ သူတို့သည် အကယ်၍ သင့်တွင်ပိုက်ဆံအလုံအလောက်ရှိပါက သင်သည်အပျိုအစစ်နှင့်ပင် လိင်ဆက်ဆံနိုင်ကြောင်းပင် ပြောခဲ့ကြသည်။

တစ်ညနေတွင် လမ်း၏တစ်ဖက်ခြမ်းရှိ စတိုးဆိုင်ပိုင်ရှင်သည် အသက်၁၆နှစ်ဝန်းကျင်ရှိသော မိန်းကလေးတစ်ယောက် စားပွဲတွင်ထိုင်နေသည်ကို သတိပြုမိခဲ့သည်။ ကောင်မလေးကို ကြည့်ရသည်မှာ ကြောက်ရွံ့ပြီးဝမ်းနည်းနေပုံရသည်။ ထိုညတွင် ဘီယာလာပို့ကြသောကောင်လေးများသည် ကောင်မလေးကို မြင်သွားခဲ့ပြီး သူမအလွန်ငယ်လွန်းနေသဖြင့်သူမအတွက်စိုးရိမ်နေကြသည်။ လူထုအဖွဲ့အစည်းတွင် လေးစားရသောအသက်ရွယ်ကြီးမားသည့်လူကြီးတစ်ယောက်သည် သူ၏မြို့တွင် ထိုကဲ့သို့ ဖြစ်ပျက်နေခြင်းသည် ရက်စရာပဲဟု တွေးမိသည်။ သို့သော် သူကိုယ်သူငါဘာများလုပ်နိုင်မှာလဲဟု စဉ်းစားမိသည်။ ဤအရာသည် ကျွန်ုပ်တို့ရွာ၏ အကျင့်စရိုက်ဖြစ်သည်။ ထိုညတွင် ကျောင်းသားအဖွဲ့တစ်ဖွဲ့သည် ဆောင်ကြာမြိုင်သို့လာခဲ့ကြသည်။ သူတို့ ကောင်မလေးကိုမြင်သောအခါ သူတို့ စိတ်မကောင်းဖြစ်ခဲ့ကြသည်။ သို့သော် သူတို့သည် ပိုမိုအသက်ကြီးသောမိန်းမများပေါ်တွင် အာရုံစိုက်ခဲ့ကြသည်။

ထိုညတွင် တစ်စုံတစ်ယောက်သည် ကောင်မလေး၏အပျိုစင်ဘဝအတွက် ဆောင်ကြာမြိုင်ပိုင်ရှင်ကို ပိုက်ဆံပေးချေခဲ့သည်။ သူသည် သူမကို အခန်းထဲသို့ ခေါ်ဆောင်သွားခဲ့သည်။ သို့သော် သူမသည် အလွန်ကြောက်ရွံ့သောကြောင့် သူမပြန်လည်တိုက်ခိုက်ခဲ့သည်။ သူမကို ထိန်းချုပ်နိုင်ရန်ကြိုးစားနေစဉ် ထိုလူက သူမကိုနံရံဆီသို့တွန်းလိုက်သည်။ မိန်းကလေးသည်ထိုညတွင်သေဆုံးသွားခဲ့သည်။

ရဲတွေ ရောက်လာခဲ့ပြီး မိန်းကလေးသည် ၁၅နှစ်သာရှိသေးပြီး သူမ၏ဆင်းရဲသောမိသားစု၏လူကုန်ကူးခြင်းကို ခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ မြို့ရှိလူတိုင်း ထိုအကြောင်းကို ပြောနေခဲ့ကြသည်။

'ဒါဟာငါ့အမှားမဟုတ်ဘူး' ဟု ကောင်မလေး၏မိခင်က ပြောကြားခဲ့သည်။ 'ငါတို့အကြွေးတွေကြေဖို့ငါတို့ပေးဆပ်ဖို့လိုအပ်ခဲ့တယ်'။

'ဒါဟာငါ့အမှားမဟုတ်ဘူး' ဟု စတိုးဆိုင်ပိုင်ရှင်ကပြောခဲ့သည်။ 'ဒါငါ့အလုပ်မဟုတ်ဘူး'

'ဒါဟာငါ့အမှားမဟုတ်ဘူး' ဟု ဘီယာလာပို့သူများက ပြောခဲ့ကြသည်။ ' ငါတို့လုပ်ပေးနိုင်တာ ဘာမှမရှိခဲ့ဘူး။'

'ဒါဟာငါ့အမှားမဟုတ်ဘူး' ဟု လေးစားရသောအဘိုးအိုကပြောသည်။ 'သူတို့ကိုရပ်တန့်အောင်လုပ်ဖို့ ငါ့မှာအာဏာမရှိဘူး။'

'ဒါဟာငါ့အမှားမဟုတ်ဘူး' ဟု ကျောင်းသားများကပြောခဲ့ကြသည်။ ' ငါတို့ သူမနဲ့လိင်မဆက်ဆံခဲ့ကြဘူး။'

'ဒါဟာငါ့အမှားမဟုတ်ဘူး' ဟု ဆောင်ကြာမြိုင်ပိုင်ရှင်ကပြောခဲ့သည်။ 'သူက သူမကို သတ်လိမ့်မယ်ဆိုတာကိုငါမထင်ခဲ့ဘူး။'

သို့သော် ထိုညတွင် မည်သူမှ ကောင်းစွာမအိပ်စက်ခဲ့ကြပေ။ သူတို့သည် အိပ်ယာထဲတွင် လဲလျောင်းနေခဲ့ကြပြီး သေဆုံးသွားသော မိန်းကလေး၏ဝိဉာဉ်က သူတို့ဆီရောက်လာကြောင်းကို တွေးမိနေကြသည်။ လေကပြင်းထန်စွာတိုက်နေပြီး လေထဲတွင် ကောင်မလေး ပြောကြားနေသောအသံကို သူတို့ကြားရသည်ဟု အိပ်မက်မက်ခဲ့ကြသည်။

'ရှင်တို့ ကျွန်မကိုတွေ့မြင်ခဲ့ကြတယ်၊ ဘာလို့ ရှင်တို့ ကျွန်မကိုမကယ်ခဲ့ကြတာလဲ။'

နောက်တစ်နေ့မနက်တွင် လူတွေသည် လေးလံသောခံစားချက်ဖြင့် နိုးထလာခဲ့ကြသည်။ သူတို့သည် သူတို့၏နှလုံးသားကို ကြည့်ခဲ့ကြပြီး အပြစ်ရှိမှုကို ခံစားမိခဲ့ကြသည်။

'ဒါငါ့အမှားပဲ၊' ဟု ကောင်မလေး၏မိခင်က တွေးမိသည်။ ' ငါ့အကြွေးတွေဆပ်ဖို့ သူ့ကို ငါမရောင်းခဲ့သင့်ဘူး။'

'ဒါငါ့အမှားပဲ၊' ဟု စတိုးဆိုင်ပိုင်ရှင်က တွေးမိသည်။ 'ငါအကူအညီတောင်းခံဖို့ ဖုန်းဆက်နိုင်ခဲ့တာပဲ။'

'ဒါငါ့အမှားပဲ၊' ဟု ဘီယာလာပို့သောလူများက တွေးမိခဲ့ကြသည်။ ' ငါတို့ ရဲကိုပြောလို့ရနိုင်ခဲ့တာပဲ။'

'ဒါငါ့အမှားပဲ၊' ဟု လေးစားရသောအဖိုးအိုက ပြောကြားခဲ့သည်။ ' ထိုဆိုးယုတ်တဲ့နေရာကို နှစ်ပေါင်းများစွာကတည်းက ငါတိုင်သင့်ခဲ့တာပဲ။'

'ဒါငါ့အမှားပဲ၊' ဟု ကျောင်းသားများက တွေးမိခဲ့ကြသည်။ 'ဆောင်ကြာမြိုင်က မိန်းကလေးတွေကို ထိခိုက်စေတယ်ဆိုတာကို ငါတို့သိတာပဲ။ ငါတို့ မသွားခဲ့သင့်ဘူး။'

'ဒါငါ့အမှားပဲ၊' ဟု ဆောင်ကြာမြိုင်ပိုင်ရှင်က တွေးမိခဲ့သည်။ ' ငါငွေရဲ့ဖြားယောင်းမှုကို မခံခဲ့သင့်ဘူး။'

'ဒါငါတို့ရဲ့အမှားပဲ၊' ဟု မြို့ရှိလူများအားလုံး တွေးမိခဲ့ကြသည်။ 'ငါတို့ကောလဟာလတွေကြားခဲ့ကြတယ်၊ ဒါပေမယ့်ဆောင်ကြာမြိုင်ကို ငါတို့မြို့မှာ ဆက်ဖွင့်စေခဲ့ကြတယ်။'

## ဆွေးနွေးဖို့မေးခွန်းများ

ဇာတ်လမ်းကို သင်မည်သို့ထင်ပါသနည်း။ ထိုအရာသည် လက်တွေ့ ဟုတ်ပါသလား။

တစ်ယောက်ယောက်က တာဝန်ယူရမည်ဆိုပါက မည်သူသည် မိန်းကလေးသေဆုံးမှုအတွက် တာဝန်ခံရမည်ဟု သင်ထင်ပါသနည်း။

ဆောင်ကြာမြိုင်များသည် လူကုန်ကူးခြင်းကို အကူအညီပေးနေသည်ဟု သင်ထင်ပါသလား။

# အခန်း ( ၉ ) လှည့်ဖျားမခံပါနှင့်

9

## ရည်ရွယ်ချက်

ပါဝင်သူများသည် ရွှေ့ပြောင်းသွားလာသူများကို အသုံးပြုသောလူကုန်ကူးသူများ၏လှည့်ဖျားချက်များမှအချို့ လေ့လာရမည်ဖြစ်ပြီး၊ အလားတူအခြေအနေမျိုးကို သူတို့တွေ့ခဲ့ရလျှင် လူကုန်ကူးခံရခြင်းမှ သူတို့ကိုယ်သူတို့ ကာကွယ်နိုင်ရန်အတွက် လေ့လာသင်ယူကြလိမ့်မည်။

## အချိန်

၇၅မိနစ်

- Is 9a: လူကုန်ကူးသူကစားပွဲကဒ်များကိုထုတ်ပေပါ (ဖွဲ့ထဲရှိ အဖွဲ့ဝင်တစ်ဦးစီကိုတစ်ကဒ် ရရှိစေသည်အထိ လုံလောက်အောင် မိတ္တူပွားပါ။
- ဖလစ်ချပ်စာရွက်နှင့် မိတ္တူ
- ကပ်ခွာ အစက်လေးများ
- ကျွမ်းကျင်သော လမ်းပြစာအုပ်ငယ်

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။

### သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှ သွေးပူလေ့ကျင့်ခန်းလုပ်ဆောင်ချက်တစ်ခုကို ရွေးချယ်ပါ။

### ပြန်လည်ဆန်းစစ်ခြင်း

လူကုန်ကူးခြင်းအတွက် တစ်ယောက်ယောက်က အဓိပ္ပာယ်သတ်မှတ်ပေးနိုင်မလား။
(အကယ်၍ သူတို့ရှုပ်ထွေးနေပါက သူတို့၏ကျွမ်းကျင်သောလမ်းပြဖတ်စာအုပ်ကို ကြည့်ဖို့ပါဝင်သူများကို အားပေးပါ။)

## ဆွေးနွေးခြင်း

ပါဝင်သူများကို လူ၄ယောက် သို့မဟုတ် ၅ယောက်ပါသောအဖွဲ့များ ခွဲလိုက်ပါ။ အဖွဲ့တိုင်းတွင် ဖတ်လမ်းစ၅ခုလုံး ရှိနေစေရန်နှင့်အဖွဲ့တစ်ခုစီကို ခရီးသွားကဒ်များ တစ်စုံစီဝေငှပါ။ ပါဝင်သူများကို သူတို့ကို နောက်တစ်ကြိမ်ထပ်ဖတ်ရန်ပြောကြားပြီးလူကုန်ကူးသူများသည် ရွှေ့ပြောင်းသွားလာသူများကို လှည့်ဖြားသည့်နည်းလမ်းများ(ဥပမာအားဖြင့်သူငယ်ချင်းဖြစ်ချင်ယောင်ဆောင်၍)၏စာရင်းကိုပြုလုပ်ဖို့ ပြောကြားပါ။ အဖွဲ့များပြီးဆုံးလျှင် သူတို့၏စာရင်းများကို မျှဝေဖို့ သူတို့ကိုပြောကြားပါ။

သူတို့ကို ခေါက်၍ရသောဖယားစာရွက်ကြီးတစ်ခုပေါ်တွင် ရေးသားပါ။

အကယ်၍ သူတို့ဖော်ပြထားခြင်းမျိုးမရှိသေးလျှင် ဤဥပမာများကို ပေါင်းထည့်လိုက်ပါ။

- လူကုန်ကူးသူသည် သူငယ်ချင်းဖြစ်ချင်ဟန်ဆောင်သည် သို့မဟုတ် ကူညီချင်ဟန်ဆောင်သည်။
- လူကုန်ကူးသူသည် မကြာခဏပင် ပုံမှန်လစာများထက် ပိုမိုမြင့်မားသောလစာမြင့်အလုပ်တစ်ခုကို ကမ်းလှမ်းတတ်သည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူအတွက် မှတ်ပုံတင်ကြေးပေးခြင်း၊ ရွှေ့ပြောင်းသွားလာသူ၏နိုင်ငံကူးလက်မှတ်အတွက်ပေးခြင်း သို့မဟုတ် ရွှေ့ပြောင်းသွားလာသူကို ပိုက်ဆံချေးပေးပြီး သူ သို့မဟုတ် သူမ အလုပ်ထဲတွင်နေဖို့ သေချာစေရန်ပြုလုပ်လေ့ရှိသည်။ လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူက သူ့အပေါ်အကြွေးတင်နေကျန်စေရန် ပြုလုပ်တတ်သည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူ၏သက်သေခံအထောက်အထားများကို ယူထားသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူကို အလုပ်တည်နေရာရောက်ဖို့ လိမ်လည်ကြသည်။

ဤအတတ်လမ်းများ၏ နောက်ထပ်အခြားသောတူညီသည့်အင်္ဂါရပ်တစ်ခုရှိကြောင်းကို ရှင်းပြပါ။ ရွှေ့ပြောင်းသွားလာသူသည် ကောင်းစွာမပြင်ဆင်ခဲ့ရခြင်းဖြစ်သည်။ ရွှေ့ပြောင်းသွားလာသူသည် သူ သို့မဟုတ် သူမ ဒုက္ခရောက်ကြောင်းအမှန်သိသည့်အချိန်တွင် သူ သို့မဟုတ် သူမတွင် မည်သည့်ပိုက်ဆံ သို့မဟုတ် အိမ်သို့မည်ကဲ့သို့ပြန်ရမည့်အကြောင်း ဗဟုသုတမျှရှိမနေခဲ့ပေ။ ဤသင်ရိုးညွှန်းတမ်းနောက်ပိုင်းတွင် လုံခြုံစွာရွှေ့ပြောင်းသွားလာစေရေးအတွက် မည်ကဲ့သို့ပြင်ဆင်ရမည့်အကြောင်း အခန်းများပါရှိမည်ဖြစ်သည်။ ထို့ကြောင့်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများသည် တူညီသောအခြေအနေမျိုးတွင် အဆုံးသတ်သွားမည်မဟုတ်ပေ။

ဤသည်တို့မှာ လူကုန်ကူးသူများကရွှေ့ပြောင်းသွားလာသူများကို လှည့်ဖျားသည့်နည်းလမ်းများသာလျှင် မဟုတ်ကြောင်းကို ရှင်းပြပါ။ သို့သော် သူတို့သည် တူညီတတ်ကြပြီး အကယ်၍တစ်စုံတစ်ယောက်သည် ဤအရာများထဲမှ တစ်ခုကိုပြုလုပ်နေလျှင် ၎င်းသည် လှည့်ဖျားမှု ဖြစ်နိုင်သည်။

## လူကုန်ကူးသူကစားပွဲ

ပါဝင်သူများကို ၁၀ယောက်တဖွဲ့ခွဲပါ။ အဖွဲ့တစ်ခုစီ၏အဖွဲ့ဝင်တစ်ဦးစီကို လူကုန်ကူးသူတစ်ယောက်အနေဖြင့် ပြုလုပ်ရန်ပြောကြားပြီး ထိုသူကို ကစားပွဲတွင် အသုံးပြုရန် ကပ်စွာအစက်များကို ပေးပါ။ အဖွဲ့တစ်ခုစီကို လူကုန်ကူးသူကစားပွဲကဒ်များ('IS 9a: လူကုန်ကူးသူကစားပွဲကဒ်များ') တစ်စုံစီပေးအပ်ပြီး အဖွဲ့ကို လူတိုင်းကဒ်တစ်ခုစီရရှိစေရန်အတွက် သူတို့ကို မျှဝေဖို့ပြောကြားပါ။

စာတမ်းကပ်ထားသောလူကုန်ကူးသူမှ ပါဝင်သူများထဲမှ တစ်ဦးကိုဖမ်းမိအောင်ကြိုးစားမည်။ အကယ်၍ပါဝင်သူတစ်ဦးအဖမ်းခံခဲ့ရပါက လူကုန်ကူးသူသည် ပါဝင်သူကို အောက်ပါအတိုင်းမေးမြန်းသည်။

- သင်လွတ်မြောက်နိုင်ပါသလား။

ကဒ်တစ်ခုစီတွင် အကြောင်းပြချက်တစ်ခုစီနှင့်ကပ်လျက် အစက်တစ်ခုနှင့်အတူပါဝင်သူ လွတ်မြောက်စေနိုင်သည့်အကြောင်းပြချက်များစာရင်းရှိသည်။

ချိတ်ဆွဲခံရသူသည် ကဒ်ပေါ်ရှိ ပထမဆုံးအဖြေကို လူကုန်ကူးသူကိုဖတ်ပြရပြီး ထို့နောက်တွင် လူကုန်ကူးသူက ထိုအဖြေပေါ်တွင် ကပ်စွာအစက်တစ်ခုကိုနေရာချရသည်။ထို့နောက်တွင်စာတမ်းကပ်ခြင်းခံရသူသည်လွတ်လပ်စွာသွားနိုင်သည်။

ပါဝင်သူတစ်ယောက်၏အစက်များအားလုံးသည် ကပ်စွာများနှင့်ဖုံးအုပ်သွားသောအခါ ထိုသူသည် လူကုန်ကူးခြင်းခံရပြီး လူတိုင်းကစားပွဲပြီးဆုံးသည်အထိ အခြားသောဒုက္ခသည်များနှင့်အတူ ထိုင်နေရမည်ဖြစ်သည်။

အောက်ဖော်ပြပါသည် လူကုန်ကူးသူကစားပွဲကဒ်တစ်ခု၏ဥပမာတစ်ခု ဖြစ်သည်။

### လူကုန်ကူးသူ ကစားပွဲ ကဒ် ၂:

သင်သည် စာမဖတ်နိုင်သောဆင်းရဲသည့် ဆယ်ကျော်သက်တစ်ဦးဖြစ်သည်။ သင့်ကို လူကုန်ကူးသူတစ်ယောက်က ချဉ်းကပ်နေပြီး ထိုသူက သင့်ကို ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်တစ်ခုကို ကမ်းလှမ်းချင်နေသည်။

- ကျွန်ုပ်လွတ်မြောက်သည်၊ အဘယ့်ကြောင့်ဆိုသော် သူကမ်းလှမ်းသောလစာသည် အလွန်မြင့်မားနေပြီး ထိုအရာက ကျွန်ုပ်ကို သံသယဝင်စေသည်။
- ကျွန်ုပ်အဖမ်းခံခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် သူက ကျွန်ုပ်မိသားစုအတွက် ကျွန်ုပ်ကို ဒေါ်လာ ၅၀ အကြွေးပေးခဲ့သောကြောင့်ဖြစ်သည်။ ထို့နောက်မှာ သူသည် ကျွန်ုပ်ကို လစာမပေးပဲ ၂ နှစ် အလုပ်လုပ်စေခဲ့သည်၊ သူက လိမ်ညာခဲ့ပြီး ဒါဟာ ဥပဒေပဲလို့ ပြောသည်၊ ကျွန်ုပ် စာမဖတ်တတ်ပေ၊ ထို့ကြောင့် ကျွန်ုပ်မသိပေ၊

## ဆွေးနွေးခြင်း

ကစားပွဲပြီးသောအခါ ပါဝင်သူများကို စက်ဝိုင်းပုံထိုင်နေရန် ပြောကြားပါ၊ ထို့နောက် အောက်ပါမေးခွန်းများကို မေးမြန်းပါ။

- ထိုကစားပွဲ ကစားရသည်မှာ မည်သို့ခံစားရသနည်း။
- လူတွေ လွတ်မြောက်အောင် မည်သည်က ကူညီခဲ့သနည်း။ ( အဖြေများတွင် ပညာရေး၊ မြေပိုင်ခြင်း၊ ဥပဒေကို နားလည်ခြင်း၊ အထောက်အထားများကို လက်လွှဲပေးရန် ငြင်းဆိုခြင်း၊ ကားထဲသို့ဝင်ရောက်ရန် ငြင်းဆိုခြင်းများပါဝင်သည်။)
- လူတွေကို ပိုမိုအဖမ်းခံရစေနိုင်ရန် မည်သည်ကပြုလုပ်ခဲ့သနည်း။ ( အဖြေများတွင်စာမတတ်ခြင်း၊ လူစိမ်းကိုယုံလွယ်ခြင်း၊ အထောက်အထားများပေးလိုက်ခြင်း၊ အကြွေးယူခြင်း၊ လစာအတွက်စောင့်နေခြင်း၊ တစ်ယောက်တည်းဖြစ်နေခြင်း၊ ကလေးဖြစ်နေခြင်း၊ လွန်စွာဆင်းရဲခြင်းတို့ပါဝင်သည်။)
- အကယ်၍ သင်သည် လူကုန်ကူးသူများ၏လှည့်ဖျားမှုများကို လက်မလျှော့ခဲ့တောင်မှ ဆင်းရဲမွဲတေမှုသည် တည်ရှိနေဦးမည်ဖြစ်သည်။ မည်သူက သင့်ကိုကူညီမည်နည်း။
- ထိုအခြေအနေမျိုးတွင် သင်တို့သည် တစ်ယောက်နှင့်တစ်ယောက်ကို မည်ကဲ့သို့ ကာကွယ်နိုင်မည်နည်း။

## အလှည့်ကျသရုပ်ဆောင်ကစားခြင်း

ပါဝင်သူများကို လူ၈ဦး မှ၁၂ထိ ပါဝင်သောအဖွဲ့များ ဖွဲ့ဖို့ပြောကြားပါ၊ အဖွဲ့တစ်ခုစီကို သရုပ်ဖော်ပြကွက်တစ်ခုပြုလုပ်ဖို့ ပြောကြားပါ။ (အကယ်၍ သင့်တွင် ၂ဖွဲ့ထက်ပိုနေခဲ့ပါက သင်သည် အောက်ဖော်ပြပါပုံပြင်တစ်ပုဒ်ကို ၂ခေါက် အသုံးပြုနိုင်သည်။)

**အဖွဲ့၁။**

အဓိကဇာတ်ဆောင်မှာ အလုပ်တစ်ခုအတွက် အသုံးချခြင်းခံရသောအသက်၁၅နှစ်အရွယ်ရှိမိန်းကလေးတစ်ဦးဖြစ်သည်၊ စက်ရုံပိုင်ရှင်က သူမ၏သက်သေခံအထောက်အထားများကို ယူထားချင်သည်၊ သူမသည် လှည့်ဖျားခံရမှုမှ မည်ကဲ့သို့ရှောင်ကျဉ်ရမည်နည်း။

**အဖွဲ့၂။**

အဓိကဇာတ်ဆောင်မှာ ကောင်လေးတစ်ယောက်ဖြစ်ပြီး သူ၏ဦးလေးက သူသည် အခြားတိုင်းပြည်တစ်ခုတွင် အလွန်မြင့်မားသောလစာရမည့်အလုပ်တစ်ခုသူရနိုင်ကြောင်း ပြောကြားသည်၊ သူ့မိသားစုသည် မြင့်မားသောလစာအကြောင်း ရင်ခုန်နေကြသည်။ ကောင်လေးက သံသယရှိနေသည်၊ သူသည် သူ့မိဘတွေကို ထိုအရာဟာလှည့်ဖျားမှုတစ်ခုဖြစ်နိုင်ကြောင်းကို မည်ကဲ့သို့ လက်ခံယုံကြည်စေမည်နည်း။

အဖွဲ့များကို သရုပ်ဖော်ပြဇာတ်တိုက်ရန် အချိန်၁၀မိနစ်အသုံးပြုဖို့ ပြောကြားပါ၊ ထို့နောက်တွင် သရုပ်ဖော်ပြဇာတ်ကို တလှည့်စီတင်ဆက်စေပါ။

## အခန်းအကျဉ်းချုပ်

လူကုန်ကူးသူများသည်ရွှေ့ပြောင်းသွားလာသူများကိုထောင်ဖမ်းဖို့အတွက်ဤလှည့်ကွက်များကိုမကြာခဏအသုံးပြုသည်။

- လူကုန်ကူးသူသည် သူငယ်ချင်းဖြစ်ဟန်ဆောင်သည်သို့မဟုတ်ကူညီလိုဟန်ဆောင်သည်။
- လူကုန်ကူးသူသည် လစာမြင့်မားသောအလုပ်ကို ကမ်းလှမ်းသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူအတွက် မှတ်ပုံတင်ကြေးကို ပေးသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူ၏သွားလာစရိတ်အတွက် ပေးချေသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူကို ပိုက်ဆံချေးသည်။
- လူကုန်ကူးသူသည် ရွှေ့ပြောင်းသွားလာသူ၏သက်သေခံအထောက်အထားများကို ယူထားသည်။
- လူကုန်ကူးသူသည် စက်ရုံသို့ရောက်အောင်ရွှေ့ပြောင်းသွားလာသူလိမ်လည်သည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့်/ သို့မဟုတ် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၎င်းတို့ကိုဦးဆောင်သူများထံသို့ အမည်မတပ်ပဲလက်လွှဲပေးရန်ပြောကြားပါ။

လာရောက်ကြသောလူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ်အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်းအတွက် သူတို့သည် နောက်ထပ်ကြယ်တစ်ပွင့်ရရှိသွားပြီဖြစ်ကြောင်းကို ပြောကြားပါ။

ပါဝင်သူများကို သူတို့၏မိဘများကို ဤမေးခွန်းများမေးမြန်းဖို့ ပြောကြားပါ။

- သင်တို့လူကုန်ကူးခြင်းအမှုကိစ္စတစ်ခုကိုကြားဖူးပါသလား။
- လူကုန်ကူးသူများအသုံးပြုသောတူညီကြသည့်လှည့်ဖျားမှုများမှာအဘယ်နည်း။

ဦးဆောင်သူများသည် ပါဝင်သူများက (သင်တန်းသူ/သားတို့ကို)မှတ်မိစေဖို့ အိမ်ကိုယူသွားရန် စာရွက်အပိုင်းအစတစ်ခုပေါ်တွင် ဤမေးခွန်းများကို ရေးသားဖို့ပြောကြားနိုင်သည်။

## လူကုန်ကူးသူကစားပွဲကဒ် (၁)

သင်သည် တရုတ်ပြည်မှ လီရှောက်ယု ဖြစ်သည်။ ပွဲစားတစ်ယောက်က ထိုင်ဝမ်တွင် သင့်အတွက် အလုပ်တစ်ခုရှာပေးမည်ဟုကတိ်လုပ်သည်။ ပွဲစားသည် လူကုန်ကူးသူဖြစ်ပြီး သင့်ကို ကလေးသတို့သမီးအဖြစ် ရောင်းချလိုခြင်းဖြစ်သည်။

- ◯ ကျွန်ုပ်လွတ်မြောက်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ထိုလူနှင့်သမီးတစ်ယောက်ကို ပို့ပေးခဲ့ဖူးသောအခြားမိသားစုတစ်ခုဆီကို သွားရောက်သည်။ သူတို့က သူမဖုန်းမဆက်တာတစ်နှစ်ကျော်သွားပြီဟု ပြောကြသည်။ ထို့ကြောင့် ကျွန်ုပ်မသွားတော့ပေ။
- ◯ ကျွန်ုပ်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုလူက ကျွန်ုပ်၏တရားဝင်အထောက်အထားများကို မေးသောအခါ ကျွန်ုပ်က ထိုအရာများကို သူ့ထံပေးဖို့ငြင်းဆန်ခဲ့သည်။
- ◯ ကျွန်ုပ်အဖမ်းခံခဲ့ရသည်။ ကျွန်ုပ်သွားဖို့သဘောတူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်မိသားစုတစ်ခုလုံးကကမ်းလှမ်းချက်ကို လက်ခံဖို့ ကျွန်ုပ်ကို ဖိအားပေးသောကြောင့်ဖြစ်သည်။

## လူကုန်ကူးသူကစားပွဲကဒ် (၂)

သင်သည် စာမဖတ်တတ်သောဆင်းရဲသည့်ဆယ်ကျော်သက်တစ်ယောက်ဖြစ်သည်။ သင့်ကို လူကုန်ကူးသူ တစ်ယောက်ကချဉ်းကပ်နေပြီး ထိုသူက သင့်ကို ထိုင်းနိုင်ငံရှိဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်တစ်ခုကိုကမ်းလှမ်းချင်နေသည်။

- ◯ ကျွန်ုပ်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် သူကမ်းလှမ်းသောလစာသည် အလွန်မြင့်မားနေပြီး ထိုအရာက ကျွန်ုပ်ကို သံသယဝင်စေသည်။
- ◯ ကျွန်ုပ်အဖမ်းခံခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် သူက ကျွန်ုပ်မိသားစုအတွက် ကျွန်ုပ်ကိုဒေါ်လာ(၅၀) အကြွေးပေးခဲ့သောကြောင့်ဖြစ်သည်။ ထို့နောက်မှာ သူသည် ကျွန်ုပ်ကိုလစာမပေးပဲ ၂နှစ်အလုပ်လုပ်စေခဲ့သည်။ သူကလိမ်ညာခဲ့ပြီး ဒါဟာဥပဒေပဲလို့ပြောသည်။ ကျွန်ုပ်စာမဖတ်တတ်ပေ။ ထို့ကြောင့်ကျွန်ုပ်မသိပေ။

## လူကုန်ကူးသူကစားပွဲကဒ် (၃)

သင်သည်မြို့နယ်ဒေသတစ်ခုတွင် နေထိုင်သောမိန်းမငယ်တစ်ယောက်ဖြစ်သည်။ လူကုန်ကူးသူက အင်ဒိုနီးရှားတွင် အိမ်အကူတစ်ယောက်အနေဖြင့် အလုပ်တစ်ခုရှာရန် သင့်ကို ကူညီမည်ဟု ကမ်းလှမ်းသည်။

- ◯ ကျွန်ုပ်လွတ်မြောက်သည် အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်စာဖတ်တတ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်သည် စာချုပ်ကိုတွေ့လိုကြောင်းပြောပြီး ကျွန်ုပ်စာချုပ်ကိုဖတ်ကြည့်သောအခါ ထိုအရာက ကျွန်ုပ်သည် အလုပ်ရှင်၏ အိမ်၏အပြင်ဖက်ကို ထွက်ဖို့ခွင့်မပြုဟု ဆိုထားသည်ကို ကျွန်ုပ်အမှန်သိခဲ့သည်။ ကျွန်ုပ်ထောင်ချောက်မိလိမ့်မည်ဆိုတာကို ကျွန်ုပ်ယုံကြည်သည်။
- ◯ ကျွန်ုပ်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် သူကျွန်ုပ်အတွက်ပေးခဲ့သော ပွဲစားရုံးခန်းသို့သွားခဲ့ပြီး ထိုနေရာတွင် ရုံးခန်းမရှိကြောင်း ကျွန်ုပ်တွေ့ခဲ့သည်။ ဤအရာသည် ကျွန်ုပ်ကို သံသယဖြစ်စေခဲ့သည်။
- ◯ ကျွန်ုပ်အဖမ်းခံခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်မိခင်သည် မကျန်းမမာဖြစ်ခဲ့ပြီး ကျွန်ုပ်သည် သူမအတွက်အန္တရာယ်ဖြစ်နိုင်ချေကို ဖမ်းကိုင်ခဲ့ရသည်။


CONTRACT FOR THAILAND

## လူကုန်ကူးသူကစားပွဲကဒ် (၄)

သင်သည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် နေထိုင်နေသောစာမဖတ်တတ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သင်သည် သင့်မိသားစုကို ထောက်ပံ့ဖို့အတွက် ပိုက်ဆံရှာရန် ဘန်ကောက်သို့သွားရောက်ဖို့ဆုံးဖြတ်လိုက်သည်။ ဘတ်စ်ကားပေါ်တွင် သင်သည် လူကုန်ကူးသူတစ်ယောက်နှင့်တွေ့ဆုံခဲ့သည်

- ◯ ကျွန်ုပ်လွတ်မြောက်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဘတ်စ်ကားပေါ်တွင် လူစိမ်းများနှင့် စကားပြောဖို့ ကျွန်ုပ်ငြင်းဆိုသောကြောင့်ဖြစ်သည်။
- ◯ ကျွန်ုပ်အဖမ်းခံရသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်ဘန်ကောက်သို့ရောက်သောအခါ ကျွန်ုပ်လမ်းပျောက်သွားခဲ့သည်။ ကျွန်ုပ် မည်သူ့ကိုမှမသိ သို့မဟုတ် အိမ်ပြန်ဖို့မည်သည့်ပိုက်ဆံမှမရှိခဲ့ပေ။ ဘတ်စ်ကားပေါ်မှ လူသည် ကျွန်ုပ်ကို ကူညီဖို့ကမ်းလှမ်းခဲ့ပြီး ကျွန်ုပ်က လက်ခံခဲ့သည်။

## လူကုန်ကူးသူကစားပွဲကဒ် (၅)

သင်သည် မြန်မာနိုင်ငံရှိရွာတစ်ရွာမှ လူငယ်တစ်ယောက်ဖြစ်သည်။ သင်သည် ငါးလုပ်ငန်းစက်ရုံတစ်ခုတွင် အလုပ်ရှာရန်အတွက် ထိုင်းနိုင်ငံသို့ သွားရောက်ဖို့ဆုံးဖြတ်လိုက်သည်။ သင်သည် သင်္ဘောဆိပ်တွင် လူကုန်ကူးသူတစ်ယောက်နှင့်တွေ့ခဲ့ပြီး ထိုသူက သူသည် သင့်ကို စက်ရုံတစ်ခုသို့ခေါ်သွားမည်ဖြစ်ကြောင်း ပြောသည်။

- ◯ သင်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် သူငယ်ချင်းများနှင့် အဖွဲ့လိုက်ခရီးသွားခြင်းကြောင့်ဖြစ်ပြီး သင်သည် ခွဲပြီးသွားဖို့ရန်ငြင်းဆန်သောကြောင့်ဖြစ်သည်။
- ◯ သင်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် သူနှင့်အတူသီးသန့်ကားပေါ်တက်ရန် ငြင်းဆိုသောကြောင့်ဖြစ်သည်။ ထိုအစား သင်သည် ထိုအရာကို သင်ကိုယ်တိုင်အတွက်တွေ့မြင်နိုင်စေရန်သင်သည် သူ့ထံမှ သင့်ကို စက်ရုံသို့ သွားရောက်ရမည့်လမ်းညွှန်ကိုပေးရန်ပြောကြားသည်။
- ◯ သင်သည်အဖမ်းခံရသည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် သူနှင့်အတူလိုက်သွားသောကြောင့်ငါးဖမ်းစက် လှေပေါ်တွင် လူကုန်ကူးခြင်းခံရသည်။

## လူကုန်ကူးသူကစားပွဲကဒ် (၆)

သင်သည် ဆင်းရဲသောမိသားစုမှဖြစ်သည်။ သင့်ဖခင်သည် အရက်အလွန်အကျွံသောက်ပြီး သင့်မိခင်ကို ရိုက်လေ့ရှိသည်။ သင်သည် ကျောင်းမတက်ဖူးပေ။ လူကုန်ကူးသူသည် သင့်ကို ဆောင်ကြာမြို့တစ်ခုသို့ ရောင်းချရန် သင့်ဖခင်ကို ကမ်းလှမ်းသည်။

- ◯ သင် မလွတ်မြောက်နိုင်ပါ။ သင့်တွင် ပိုက်ဆံမရှိ၊ အာဏာမရှိ ပြီးတော့ပညာမရှိပါ။




PORT



## လူကုန်ကူးသူကစားပွဲကဒ် (၇)

သင်သည် တက္ကသိုလ်ပညာတတ်တစ်ယောက်ဖြစ်သည်။ လူကုန်ကူးသူတစ်ယောက်က သင့်ကို မလေးရှားရှိစက်ရုံတစ်ခုတွင် အလုပ်တစ်ခုကမ်းလှမ်းရန် ချဉ်းကပ်လာသည်။

- ◯ သင်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် စက်ရုံကို အင်တာနက်ပေါ်တွင်ရှာကြည့်ပြီး ထိုစက်ရုံ မရှိသည်ကို တွေ့မြင်သောကြောင့်ဖြစ်သည်။
- ◯ သင်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် သင့်မိသားစုက နောက်ထပ်အလုပ်တစ်ခုရှာတွေ့သည်အထိ သူတို့က သင့်ကို ထောက်ပံ့မည်ဟု ပြောသောကြောင့်ဖြစ်သည်။
- ◯ သင်သည် အမြဲတမ်းလွတ်မြောက်မည်။ အဘယ့်ကြောင့်ဆိုသော် သင်သည် အထူးအခွင့်အရေးနှင့်မွေးဖွားလာခဲ့ပြီး သင်သည် အန္တရာယ်ကြီးသောအလုပ်တစ်ခု လုပ်ဆောင်ဖို့လုံလောက်သော အကြွေးခံနိုင်မှုရှိလိမ့်မည်မဟုတ်သောကြောင့်ဖြစ်သည်။

## လူကုန်ကူးသူကစားပွဲကဒ် (၈)

သင်သည် မြန်မာနိုင်ငံမှ ဆင်းရဲသောအလုပ်သမားတစ်ယောက်၏ကလေးဖြစ်သည်။ သင့်ဖခင်သည် လွန်ခဲ့သော (၁၀)နှစ်ခန့်က ဆေးဖိုးပေးရန် ငွေချေးသူထံမှ ပိုက်ဆံချေးယူခဲ့သည်။ သူသည်မည်သည့်အခါမှပိုက်ဆံအကုန်လုံးကို အပြည့်ပြန်ပေးဖို့ရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ လူကုန်ကူးသူတစ်ယောက်သည် သင့်ဖခင်၏အကြွေးပြန်ပေးရန် သင့်ကို အုတ်စက်ရုံတစ်ခုတွင် လစာမပေးပဲ အလုပ်လုပ်ခိုင်းချင်သည်။

- ◯ သင် မလွတ်မြောက်နိုင်ပါ။ သင့်တွင် ပိုက်ဆံမရှိ၊ အာဏာမရှိ၊ ရွေးချယ်ခွင့်များမရှိပြီးတော့ ပညာမရှိပေ။

## လူကုန်ကူးသူကစားပွဲကဒ် (၉)

သင်သည် အသက်၁၆နှစ်အရွယ်မိန်းကလေးတစ်ယောက်ဖြစ်ပြီး သင်ကျောင်းတက်နိုင်စေရန်အတွက် သင့်ကိုမြို့သို့ပို့ပြီး ချမ်းသာသောမိသားစုနှင့်နေထိုင်စေသည်။ သင်ထိုနေရာတွင် နေထိုင်ရပြီး အိမ်သန့်ရှင်းရေးလုပ်ပေးဖို့သဘောတူသည်။ တစ်ညတွင်ထိုအိမ်၏ဖခင်ရောက်လာပြီးနေထိုင်ခွင့်ရရန် သင်သည်သူနှင့်လိင်ဆက်ဆံရမည်ဖြစ်ကြောင်းကို သင့်ကိုပြောကြားသည်။

- ◯ သင်လွတ်မြောက်သည် ။ အဘယ်ကြောင့်ဆိုသော် သင်ကျယ်လောင်စွာအော်လိုက်သောကြောင့်ဖြစ်သည်။ သူသည် သူ့မိန်းမကြားသွားမည်ကို ကြောက်ရွံ့သည်။ ထို့ကြောင့် သူရပ်တန့်သွားသည်။
- ◯ သင်လွတ်မြောက်သည်။ အဘယ့်ကြောင့်ဆိုသော် သင်အိမ်မှထွက်လာသောအခါ သင်သည် အိမ်သို့ပြန်ရန်အတွက် ဘတ်စ်ကားခလုံလောက်စွာယူလာခဲ့ပြီး သင် အိမ်ကိုမည်သို့ဘတ်စ်ကားစီးရမည်ကိုလေ့လာထားသောကြောင့်ဖြစ်သည်။ သင်သည် ဖုန်းရှိသောအိမ်နီးချင်း၏ဖုန်းနံပါတ်ကိုလည်းမှတ်သားလာခဲ့သည်။ ထို့ကြောင့် ထိုဖြစ်စဉ်ဖြစ်ပြီးမနက်တွင် သင်သည် သင့်မိဘတွေကို ဖုန်းခေါ်ခဲ့ပြီး အိမ်ပြန်ခဲ့သည်။



## လူကုန်ကူးသူကစားပွဲကဒ် (၁၀)

သင်သည်လူကုန်ကူးသူဖြစ်သည်။



# အခန်း (၁၀)
# ကလေးသူငယ်အခွင့်အရေးဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (CRC) 10

## ရည်ရွယ်ချက်

ပါဝင်သူများသည် လူငယ်တစ်ယောက်အနေဖြင့် ဥပဒေအောက်မှ ၎င်းတို့တစ်ဦးချင်း၏အခွင့်အရေးများကို နားလည်လာလိမ့်မည်ဖြစ်ပြီး ထိုအရာတို့ကို သူတို့ကိုယ်ပိုင်ဘဝများတွင် ဆက်စပ်လာနိုင်လိမ့်မည်။

## အချိန်

၇၅မိနစ်

အထောက်အပံ့ပစ္စည်းများ စာရွက် ၈-၁၀ရွက်

- ရောင်စုံဘောပင်အချို့
- ကလေးသူငယ်အခွင့်အရေးများ

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်ကို လက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း

သွေးပူလေ့ကျင့်ခန်းကို ဦးဆောင်ဖို့လူငယ်ဦးဆောင်သူကို ပြောကြားပါ။

### ပြန်လည်ဆန်းစစ်ခြင်း

သင့်ရဲ့မိဘတွေကို လူကုန်ကူးခြင်းအကြောင်း မေးမြန်းခဲ့ပါသလား။

သင့်ရဲ့မိဘများသည် လူကုန်ကူးသူများ၏တူညီသောလှည့်ဖျားမှုများကို သိခဲ့ကြပါသလား။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် (CRC)

ဤအခန်းသည် ကလေးသူငယ်အခွင့်အရေးများအကြောင်းဖြစ်သည်ဆိုတာကို ရှင်းပြပါ။ ပါဝင်သူများသည် ထိုအကြောင်းကို တစ်စုံတစ်ရာသိရှိပါသလားဟု မေးပါ။ ပြီးတော့ အကယ်၍သိပါက သူတို့၏ဗဟုသုတကို အဖွဲ့နှင့်မျှဝေပေးပါ။

လွန်ခဲ့သောနှစ်ပေါင်း၂၀ကျော်တုန်းက ကုလသမဂ္ဂ(UN)သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာညီလာခံသဘောတူစာချုပ်တစ်ခုကို ဖန်တီးခဲ့ကြောင်းပြောပြပါ။ (CRC)သည် ကလေးသူငယ်များနှင့်ပတ်သက်ပြီး တူညီသောဥပဒေများကို လိုက်နာဖို့ရန်သဘောတူညီကြသည့်အားလုံးသောနိုင်ငံများအကြားရှိ သဘောတူညီချက်တစ်ခုဖြစ်သည်။

ပါဝင်သူများကို (CRC) သည် အသက်၁၈နှစ်အောက်ကလေးများရသင့်သည့်အခွင့်ရေးများကိုစာရင်းလုပ်ထားသည်ဆိုတာကိုပြောပြပါ။ ကုလသမဂ္ဂ(UN)ညီလာခံကို တက်ရောက်ခဲ့သောနိုင်ငံများအနေနှင့်လက်မှတ်အထိုးအများဆုံးသဘောတူညီချက်အများဆုံးသည် CRC ဖြစ်သည်။ ပါဝင်သူများ၏နိုင်ငံသည် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်ကို ရှင်းပြပါ။ ဤသည်မှာ ဤနိုင်ငံရှိကလေးများသည် ၎င်းဖော်ပြထားသောအခွင့်အရေးများကို ရသင့်ကြောင်းသဘောတူညီပြီးဖြစ်သည်ဟု ဆိုလိုသည်။

CRC ၏ အပိုဒ်(၅၄)ခုသည် ကလေးများရသင့်သည့်အမျိုးမျိုးသောအခွင့်အရေးများကို ဖော်ပြထားကြောင်းရှင်းပြပါ။များပြားလှသောကြောင့် သူတို့ကို မှတ်မိဖို့လွယ်ကူစေရန်အုပ်စုများ (သို့) အခွင့်အရေး(၄) ခုထဲသို့ သူတို့ကို အတူတကွထည့်ထားကြသည်။ ဖလစ်ချပ်စာရွက် (flip - chart) ပိုင်းအစတစ်ခုပေါ်ရှိ စက်ဝိုင်းလေးခုထဲတွင် အခွင့်အရေးလေးခု၏အမည်များကို ရေးသားပါ။ ဤသည်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

## အသက်ရှင်နေထိုင်မှုဆိုင်ရာအခွင့်အရေးများ

ဤအခွင့်အရေးများတွင် လုံလောက်စွာစားခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ အကာအကွယ်ရပိုင်ခွင့်နှင့် တရားဝင်မှတ်ပုံတင်ထားသောအမည်တစ်ခုနှင့် နိုင်ငံသားဖြစ်မှုရပိုင်ခွင့်တို့ဖြစ်ကြောင်းကို ရှင်းပြပါ။

## ကာကွယ်စောင့်ရှောက်မှုဆိုင်ရာအခွင့်အရေးများ

ဤအရာတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ရပိုင်ခွင့်၊ လျစ်လျူရှုမှု (သို့) ခေါင်းပုံဖြတ်မှုမှ အကာအကွယ်ရပိုင်ခွင့်၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းမှ အကာအကွယ်ရပိုင်ခွင့်နှင့်လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် မူးယစ်ဆေးအလွဲသုံးစားပြုခြင်းမှ အကာအကွယ်ရပိုင်ခွင့်တို့ ပါဝင်ကြောင်းရှင်းပြပါ။

## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခွင့်အရေးများ

ဤအခွင့်အရေးများတွင် ဆော့ကစားခွင့်၊ ပညာသင်ကြားခွင့်နှင့် မိဘများမှ နွေးထွေးစွာပြုစုစောင့်ရှောက်ခွင့်တို့ ပါဝင်ကြောင်းရှင်းပြပါ။

## ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာအခွင့်အရေးများ

ပါဝင်သူများကို ဤအခွင့်အရေးများတွင် သူတို့၏ထင်မြင်ချက်ကို ဖော်ပြခွင့်နှင့်ဖွင့်ထုတ်ပြောဆိုခွင့်၊ ကြားနာခွင့်၊ သတင်းပြန်ကြားချက်ရရှိရန်အခွင့်အရေးနှင့် အသင်းအဖွဲ့တွင်လွတ်လပ်စွာပါဝင်ခွင့်တို့ ပါဝင်ကြောင်းကိုပြောကြားပါ။ ဤတွင်အဖွဲ့များ(ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ကဲ့သို့)သို့ဆက်သွယ်ပါဝင်ခွင့်နှင့် သူငယ်ချင်းများနှင့်တွေ့ဆုံခွင့်တို့လည်းပဲ ပါဝင်သည်။

## ပုံဆွဲခြင်း

အဖွဲ့ကို ဖလစ်ချပ်ပေါ်တွင် သူတို့ရပ်ကွက် /ကျေးရွာ၏ ကြီးမားသောရုပ်ပုံ(မြေပုံ) တစ်ခုကိုပုံဖော် ရေးဆွဲရန် လူ၄ယောက် (သို့) ၅ ယောက်ပါသောအဖွဲ့များခွဲရန် ပြောကြားပါ။ ဤအရာသည် ပုံဆွဲကျွမ်းကျင်မှုအတွက်မဟုတ် သို့သော် အတွေးအခေါ်များအတွက်ဖြစ်သည်ဆိုတာကို သူတို့ကို သတိပေးပါ။ အဖွဲ့များကို သူတို့၏လူ့အဖွဲ့အစည်းအတွင်းတွင် ကလေးငယ်များဘဝများ၏ မြေပုံတစ်ခုကိုရေးဆွဲရန်နှင့် ကလေးငယ်များသည် သူတို့၏အခွင့်အရေးများရရှိခြင်း (သို့) သူတို့အခွင့်အရေးများမရရှိခြင်းစသည့်နေရာများကို ရေးဆွဲဖို့ပြောကြားပါ။ ဥပမာအားဖြင့် ကလေးတစ်ယောက် မနက်စာစားခြင်းသည် အခွင့်အရေးတစ်ခုအဖြစ်အကဲဖြတ်နိုင်ပြီးဗိုက်ဆာနေသောကလေးတစ်ယောက်သည် အခွင့်အရေးတစ်ခုရနေသည်ဟု အကဲမဖြတ်နိုင်ပေ။သူတို့ပုံဆွဲနေစဉ်တွင် အခန်းထဲတွင် လမ်းပတ်လျှောက်နေပြီးကလေးတွေကို အကျိုးသက်ရောက်နိုင်သည့်ကိစ္စရပ်များပါဝင်စေရန် သူတို့ကို ပြောကြားပါ။

- ကျန်းမာရေး
- ကျောင်းသို့သွားနိုင်သည့်စွမ်းရည်
- အလုပ်
- အကြမ်းဖက်ခြင်း
- ပျော်ရွှင်မှု
- ဖွင့်ဟပြောဆိုရန်တတ်နိုင်မှု

## လုပ်ဆောင်ချက်

သူတို့ ပြီးဆုံးသွားသောအခါ ပါဝင်သူများအားလုံးကို အတူတူ စုစေပါ။ ဖလစ်ချပ် ( flip - chart )စာရွက်အပိုင်းစပေါ်တွင်မျဉ်းတစ်ကြောင်းရေးဆွဲလိုက်ပါ။ တစ်ခြမ်းတွင် ကလေးသူငယ်များသည် သူတို့၏ အခွင့်အရေးများ ရရှိသည်ဟုရေးပါ၊ အခြားတစ်ခြမ်းတွင် ကလေးသူငယ်များသည် သူတို့၏အခွင့်အရေးများ မရပါဟုရေးပါ၊ ပါဝင်သူများကို ဤအကြောင်းကိစ္စရပ် နှစ်ခုလုံးအတွက် သူတို့ရေးဆွဲထားမှ ဥပမာများပေးပြီး ၎င်းတို့ကို ဖယားပေါ်တင်ရေးဖို့ ပြောကြားပါ။ သူတို့ပြီးသွားသောအခါ အောက်ပါအကြောင်းအရာများထဲမှ သူတို့ပြောမသွားခဲ့သည်များကို ပေါင်းထည့်ပါ။

| ကလေးသူငယ်များသည်သူတို့၏အခွင့်အရေးကိုရရှိကြသည် | ကလေးသူငယ်များသည်သူတို့၏အခွင့်အရေးများကိုမရရှိကြပါ |
| --- | --- |
| ကလေးသည်ကျောင်းသို့သွားသည် | ကလေးသည်ကျောင်းသို့မသွားပါ |
| ကလေးသည်ကျန်းမာရေးစောင့်ရှောက်ခံရသည်။ | ကလေးသည်ကျန်းမာရေးစောင့်ရှောက်မှုမရရှိပါ။ |
| ကလေးသည်ထင်မြင်ချက်များကိုပါဝင်အကြံပြုခွင့်ရသည် | ကလေးသည်ထင်မြင်ချက်များကိုပါဝင်အကြံပြုခွင့်မရပါ |
| ကလေးသည်စားဖို့လုံလောက်စွာရရှိသည် | ကလေးသည်စားဖို့လုံလောက်စွာမရပါ |
| ကလေးသည်သူငယ်ချင်းများနှင့်ကစားခွင့်ရသည် | ကလေးသည်သူငယ်ချင်းများနှင့်ကစားခွင့်မရပါ။ |
| ကလေးတွင်မွေးစာရင်းထောက်ခံချက်ရှိသည် | ကလေးတွင်မွေးစာရင်းထောက်ခံချက်မရှိပါ |
| ကလေးတွင်နိုင်ငံသားသက်သေခံစာရွက် (မှတ်ပုံတင်)ရှိသည် | ကလေးတွင်နိုင်ငံသားသက်သေခံစာရွက် (မှတ်ပုံတင်)မရှိပါ |
| ကလေးသည်မိခင်ဘာသာစကားကိုပြောဆိုခွင့်ရသည် | ကလေးသည်မိခင်ဘာသာစကားကိုပြောဆိုခွင့်မရပါ |
| ကလေးသည်ကြိုက်နှစ်သက်ရာဘာသာတရားကိုရွေးချယ်၍ဝတ်ပြုဆုတောင်းခွင့်ရသည် | ကလေးသည်ကြိုက်နှစ်သက်ရာဘာသာတရားကိုရွေးချယ်၍ဝတ်ပြုဆုတောင်းခွင့်မရပါ |
| ကလေးသည်ကမ္ဘာ့သတင်းအမှန်များကိုသိရှိရသည် | ကလေးသည်ကမ္ဘာ့သတင်းအမှန်များကိုမသိရှိရပါ |
| ကလေးသည်ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းမှအကာအကွယ်ပေးခံရသည် | ကလေးသည် မူးယစ်ဆေးများ အလွန်အကျွံသုံးခြင်း (သို့) အရက်အလွန်အကျွံသောက်စားခြင်း<br>ကလေးသည် အခြားလူများ၏ ရိုက်နှက်ခြင်း ခံရသည်<br>ကလေးသည်ပင်ပန်းသောအလုပ်တစ်ခုတွင်အလုပ်လုပ်ရသည်<br>ကလေးသည် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်း ခံရသည်<br>ကလေးသည် ဆောင်ကြာမြိုင် တစ်ခုတွင် အလုပ်လုပ်သည် |

## ဆွေးနွေးချက်

ငါးဖမ်းစက်လှေပေါ်သို့ လူကုန်ကူးခြင်းခံရသော အသက် ၁၆နှစ် အရွယ် ကောင်လေးတစ်ယောက်အကြောင်းကို စဉ်းစားကြည့်လိုက်ဖို့ ပါဝင်သူများကို ပြောကြားပါ။ သူသည် နာရီပေါင်းများစွာ အလုပ်လုပ်ရပြီး စက်လှေမှမလွတ်မြောက်နိုင်ပေ။ ကလေးများသည်သူတို့အခွင့်အရေးများ မရကြပါဟူသော စာရင်းကို ဖတ်ကြည့်ပြီး သူမရရှိသော အခွင့်အရေးများအားလုံး၏ဘေးတွင် X ကိုရေးလိုက်ပါ။

ထို့နောက် အသက် ၁၁နှစ်အရွယ် အိမ်ဖော်တစ်ယောက်အကြောင်းကို ပါဝင်သူများ စဉ်းစားရမည်။ သူမတွင် သက်သေခံ စာရွက်စာတမ်းများ မရှိပါ။ အဘယ့်ကြောင့်ဆိုသော် သူမ၏မိဘများသည် အခြားတိုင်းပြည်တစ်ခုမှ ရွှေ့ပြောင်းလာကြသူများဖြစ်ပြီး သူမမွေးဖွားခဲ့စဉ်က မှတ်ပုံမတင်နိုင်ခဲ့ပေ။ သူမသည် မိသားစုအတွက် လစာမရပဲအလုပ်လုပ်ရသည်။ နောက်ထပ်တစ်ကြိမ် ကလေးများသည် သူတို့အခွင့်အရေးများ မရကြပါဟုသော စာရင်းကိုဖတ်ကြည့်ပြီး သူမရရှိသောအခွင့်အရေးများအားလုံး၏ ဘေးတွင် (X ) အမှားအမှတ်အသားကိုရေးလိုက်ပါ။

လူကုန်ကူးခံရသောကလေးများသည် သူတို့၏အခွင့်အရေးအများအပြားကို မရယူနိုင်ကြောင်းကို ရှင်းပြပါ။ သူတို့၏အခွင့်အရေးများကိုမရရှိသောကလေးများသည် လူကုန်ကူးခံရရန် ပိုမိုလွယ်ကူကြောင်းကို ထပ်ပေါင်းလိုက်ပါ။ အဖွဲ့ကို အောက်ပါမေးခွန်းများကိုမေးပါ

## ကျောင်းမတက်သောကလေးသည် လူကုန်ကူးခြင်း ခံရဖို့ ပိုမိုနီးစပ်ပါသလား။

ပါဝင်သူများကို ၎င်းတို့၏အဖြေများကို ပြောဆိုဖို့ခွင့်ပြုပါ၊ ထို့နောက်တွင် အောက်ပါတို့ကို သူတို့မပြောဆိုခဲ့လျှင် ထပ်ပေါင်းလိုက်ပါ။

မှန်ပါသည်။ ကျောင်းမနေသောကလေးတစ်ယောက်သည် လူကုန်ကူးခြင်းခံရဖို့ ပိုမိုနီးစပ်သည်။ အဘယ့်ကြောင့်ဆိုသော်

- ပညာတတ်သောသူများသည် ပညာမတတ်သောသူများထက် ပိုမိုကောင်းမွန်သောအလုပ်မျိုးကို ရရှိတတ်ကြသည်။
- စာချုပ်ကိုဖတ်တတ်ခြင်းက သင့်ကို မကောင်းသောစာချုပ်များတွင် လက်မှတ်ရေးထိုးခြင်းမှ တားဆီးနိုင်သည်။
- ကျောင်းပြီးတာကြာပြီဖြစ်သော လူကြီးများက ကမ္ဘာကြီးအကြောင်းကိုပိုမို၍သိကြသည်။

## သက်သေခံစာရွက်စာတမ်းများမရှိသော ကလေးတစ်ယောက်သည် လူကုန်ကူးခြင်းခံရဖို့ ပိုမိုနီးစပ်ပါသလား။

ပါဝင်သူများကို ၎င်းတို့၏အဖြေများကို ပြောဆိုဖို့ခွင့်ပြုပါ၊ ထို့နောက်တွင် အောက်ပါတို့ကို သူတို့မပြောဆိုခဲ့လျှင် ထပ်ပေါင်းလိုက်ပါ။ မှန်ပါသည်၊ သက်သေခံစာရွက်စာတမ်းများ မရှိသောကလေးတစ်ယောက်သည် လူကုန်ကူးခြင်းခံရဖို့ ပိုမိုနီးစပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်

- အကယ်၍ သင့်တွင်လိုအပ်သောအစိုးရထောက်ခံချက်အထောက်အထားများ ရှိမနေခဲ့လျှင် သင်လုပ်၍မရသောအလုပ် အများအပြားရှိသည်။
- သင်အန္တရာယ်ကြုံလာသောအခါ ရဲဆီသွားဖို့ရန် ကြောက်နေရတတ်သည်။

## ကမ္ဘာကြီးအကြောင်း သတင်းအစစ်အမှန်ကိုမရရှိသော ကလေးတစ်ယောက်သည် လူကုန်ကူးခံရဖို့ ပိုမိုနီးစပ်ပါသလား။

ပါဝင်သူများကို ၎င်းတို့၏အဖြေများကို ပြောဆိုဖို့ခွင့်ပြုပါ၊ ထို့နောက်တွင် အောက်ပါတို့ကို သူတို့မပြောဆိုခဲ့လျှင် ထပ်ပေါင်းလိုက်ပါ။

မှန်ပါသည်။ ကမ္ဘာကြီးအကြောင်း သတင်းအစစ်အမှန်ကို မရရှိသောကလေးတစ်ယောက်သည် လူကုန်ကူးခံရဖို့ ပိုမိုနီးစပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်

- လုံခြုံသောအလုပ်တစ်ခုကို မည်ကဲ့သို့ရရှိမည့်အကြောင်း၊ မည်ကဲ့သို့လုံခြုံစွာ ရွှေ့ပြောင်းနိုင်မည့်အကြောင်းနှင့် မည်ကဲ့သို့ လူကုန်ကူးသူများ၏လှည့်ဖျားမှုများမှ ရှောင်ရှားနိုင်မည့်အကြောင်း သင်တို့ဗဟုသုတပိုရှိလေ၊ သင့်ကိုသင်ပိုမို၍ ကာကွယ်နိုင်လေ ဖြစ်သည်။ သူတို့ပြုလုပ်ပြီးနောက် ပါဝင်သူများကို အဖွဲ့အနေနှင့် ထိုင်နေပြီးအောက်ပါမေးခွန်းများကို စဉ်းစားဆင်ခြင်ဖို့ပြောကြားပါ။ သူတို့၏ထင်မြင်ချက်များကိုထုတ်ဖော်ပြောရန်နှင့်အခြားလူများ၏အတွေးအခေါ်များကိုနားထောင်ဖို့ သူတို့ကိုအားပေးပါ။
- ကလေးတွေကို သူတို့၏အခွင့်အရေးများရရှိဖို့ မည်သည်က ကူညီသနည်း။
- ကလေးများကို သူတို့၏အခွင့်အရေးများရရှိခြင်းမှ မည်သည်ကတားဆီးထားသနည်း။ ဆင်းရဲမွဲတေမှု၊ မိဘများနှင့်ခွဲခြား ဆက်ဆံခြင်းက သက်ရောက်မှု တစ်ခုရှိပါသလား။
- ချမ်းသာသောကလေးများသည် ဆင်းရဲသောကလေးများထက် အခွင့်အရေးပိုမိုရရှိပါသလား။ အဘယ့်ကြောင့်နည်း။
- ယောက်ျားလေးများသည် မိန်းကလေးများထက် အခွင့်အရေးပိုမိုရရှိပါသလား။ အဘယ့်ကြောင့်နည်း။

## CRC နှင့်ဥပဒေ

အခန်းအဆုံးတွင် ပြောခဲ့သော ပါဝင်သူများ၏ နိုင်ငံသည် CRC ကို လက်မှတ်ရေးထိုးထားပြီး ထိုထဲတွင် ကလေးများကိုပေးထားသော အခွင့်အရေးများကို ထိန်းသိမ်းဖို့ သဘောတူညီထားကြောင်းကို ထပ်မံ၍ပြောကြားပါ။ သူတို့၏ လူ့အဖွဲ့အစည်းအတွင်းတွင် CRCထဲမှ အခွင့်အရေးများကို ငြင်းပယ်ခံနေရသည့် ကလေးသူငယ် အများအပြားရှိနေသည်ဆိုတာကို ရှင်းပြပါ။ ဥပဒေများကိုနောက်အခန်း တွင် ပိုမို၍တိတိကျကျ ဆွေးနွေးမည်ဖြစ်သည်။ သို့သော် ထိုအရာသည် ဥပဒေဖြစ်ရုံမျှသာဖြစ်သည်ဆိုတာကို သတိရဖို့ရန် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် အချို့မှာနိုင်ငံတကာ ဥပဒေတစ်ခုသာဖြစ်သည်၊ ၎င်းမှာ ဥပဒေကို အမြဲတမ်းလိုက်နာရမည် သို့မဟုတ်၊အမြဲအတည်ဖြစ်နေလိမ့်မည်ဟု မဆိုလိုပေ။

### အခန်းအကျဉ်းချုပ်

- CRC သည်အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းတစ်ခုဖြစ်ပြီး ၎င်းတွင် ကလေးများရသင့်သည့် အခွင့်အရေးများကို စာရင်းလုပ်ထားသည်။
- CRC တွင်အခွင့်အရေးခြင်းလေးခြင်းရှိသည်
  - အသက်ရှင်သန်မှုဆိုင်ရာအခွင့်အရေး
  - ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေး
  - ဖွံ့ဖြိုး တိုးတက် မှုဆိုင်ရာ အခွင့်အရေး
  - ပါဝင်ဆောင်ရွက်မှု ဆိုင်ရာ အခွင့် အရေး၊
- ကလေးသူငယ်များ လူကုန်ကူးခြင်းခံရသောအခါ၊ သူတို့သည် သူတို့၏အခွင့်အရေးများ မရရှိကြပါ။
- ကလေးငယ်များ သူတို့၏အခွင့်အရေးများ မရရှိကြသောအခါ၊ သူတို့သည် လူကုန်ကူးခြင်းအတွက် ပိုမိုအထိမခံဖြစ်လာကြသည်။
- ကျွန်ုပ်တို့ တိုင်းပြည်နှင့် ကမ္ဘာတစ်ဝှမ်းလုံးရှိ ကလေးငယ်အများအပြားသည် CRC တွင် သူတို့ကိုပေးထားသော အခွင့်အရေးများကို မရရှိကြပါ။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာ မေးခွန်းများနှင့် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် (သို့) မေးမြန်းပြောကြား ရန်နှင့် ၎င်းတို့ကို ဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန် ပြောကြားပါ။ယနေ့အခန်း၏ အဆုံးတွင်သရုပ်ဆောင်စေခြင်း(သို့)နေ့စဉ်မှတ်တမ်းရေးခြင်း မပါဝင်ပေ။ အဘယ့်ကြောင့်ဆိုသော်CRC အကြောင်းဆွေးနွေးဖို့ရန်သတင်းအချက်အလက်များစွာရှိခဲ့သောကြောင့်ဖြစ်ကြောင်းရှင်းပြပါ။လာရောက်ကြသော လူတိုင်းကိုကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ် အဖွဲ့အစည်းအဝေးအချိန်ကိုအတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကိုတက်ရောက်ခြင်းအတွက် သူတို့သည် နောက်ထပ် ကြယ်တစ်ပွင့်ရရှိသွားပြီးဖြစ်ကြောင်းကို ပြောကြားပါ။ ပါဝင်သူများကို သူတို့၏လူ့မှုအဖွဲ့အစည်းများတွင် ကလေးသူငယ်များ သူတို့၏အခွင့်အရေးများ ရရှိသောနေရာ(သို့) သူတို့၏အခွင့်အရေးများငြင်းပယ်ခံရသော နေရာများကို စောင့်ကြည့်ဖို့ ပြောကြားပါ။ ဦးဆောင်သူများသည် ဤအရာကို စာရွက်အပိုင်းအစပေါ်တွင် ရေးသားပြီး သူတို့မှတ်မိနေစေရန် အိမ်သို့ယူသွားဖို့ ပါဝင်သူများကို ပြောကြားနိုင်သည်။

# 11 အခန်း (၁၁)
# လူကုန်ကူးခြင်းဥပဒေများနှင့်လူ့အခွင့်အရေးများ

## ရည်ရွယ်ချက်

ပါဝင်သူများသည် တရားဥပဒေနှင့် တရားဥပဒေဘောင်အတွင်းမှ တရားမျှတမှုကို မည်ကဲ့သို့အကဲဖြတ်ရမည်ဆိုသည်ကို နားလည်လိမ့်မည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

**အထောက်အပံ့ပစ္စည်းများ**

- **ကျွမ်းကျင်သော လမ်းပြ စာအုပ်ငယ်**
- **ပါဝင်သူတစ်ယောက်စီအတွက် IS 11a: လူကုန်ကူးခြင်း ဇာတ်လမ်းများပြီးနောက်၏မိတ္တူတစ်စောင်စီ**

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။

### သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှ သွေးပူလေ့ကျင့်ခန်း လုပ်ဆောင်ချက်တစ်ခုကို ရွေးချယ်ပါ။

### ပြန်လည်ဆန်းစစ်ခြင်း

သင့်လုပ်မှုပတ်ဝန်းကျင်တွင် ကလေးများ သူတို့၏အခွင့်အရေးများကို ရရှိသောနေရာများနှင့်သူတို့၏ အခွင့်အရေးများ ငြင်းပယ်ခံရသောနေရာများကို ဂရုပြုမိခဲ့ပါသလား။ ၎င်းတို့ကို သင်ဖော်ပြနိုင်ပါသလား။

ကလေးငယ်များကို အနာဂါတ်တွင်ပိုမိုသောအခွင့်အရေးများရရှိစေရန် ကျွန်တော်တို့ ကူညီနိုင်ပါသလား။
အကယ်၍ ထိုသို့ဆိုလျှင် မည်ကဲ့သို့ကူညီနိုင်သနည်း။

## ဆွေးနွေးခြင်း

နိုင်ငံတစ်နိုင်ငံစီတွင် ထိုနိုင်ငံအတွင်းဖြစ်ပျက်နေသည်များကို အုပ်ချုပ်နေသည့်ဥပဒေများရှိကြောင်း ရှင်းပြပါ။

နိုင်ငံများသည် နိုင်ငံအများအပြားတွင် အသုံးပြုနေသောနိုင်ငံတကာသဘောတူညီချက်များကိုလည်းပဲ လက်မှတ်ထိုးထားကြကြောင်း ရှင်းပြပါ။ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတကာသဘောတူညီချက်တစ်ခုကို လက်မှတ်ထိုးသောအခါ ၎င်း၏ကိုယ်ပိုင်တိုင်းပြည်အတွင်းတွင် သဘောတူညီချက်ထဲရှိမူဝါဒမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ကြိုးစားရန် တာဝန်တစ်ခုရှိကြောင်းဆိုလိုသည်။

အရေးကြီးသောသဘောတူညီချက်နှစ်ခုမှာ အောက်ပါတို့ဖြစ်ကြောင်း ပါဝင်သူများကို ပြောပြပါ။

- CRC ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ် (နောက်ဆုံးပြီးခဲ့သော အခန်းတွင် ဆွေးနွေးခဲ့သည်)
- ပါလာမိုပရိုတိုကောလ်

၆- တရားဝင်အမည်မှာ'တားကွယ်ရန်၊ ဖိနှိပ်ရန်နှင့် လူကုန်ကူးရာတွင် ပါဝင်သောသူများကို အပြစ်ပေးခြင်း ပရိုတိုကော၊ အထူးသဖြင့် မိန်းမများနှင့် ကလေးများ၊ နိုင်ငံဖြတ်ကျော်ဖွဲ့စည်းထားသော မှုခင်းဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံဖြည့်စွက်ချက်၊ အခန်း ၁၈၊ ၁၂၇၀ ( နယူးယောက် : ၁၅နိုဝင်ဘာ ၂၀၀၀)
သတင်းအချက်အလက် ပိုမိုရရှိစေရန် http://www.palermoprotocol.com/general/ the-palermo-protocol သို့သွားကြည့်ပါ။

ကျွမ်းကျင်သော လမ်းပြ စာအုပ်ငယ်ကို ဝေငှပါ။ ပါဝင်သူများကို စာမျက်နှာ ၅ ရှိ 'လူကုန်ကူးခြင်းနှင့်ဆိုင်သော ဥပဒေများနှင့် သဘောတူညီချက်များ' ဆီသို့လှန်ရန်ပြောကြားပါ။

စေတနာ့ဝန်ထမ်းများကို လှန်ထားသောစာမျက်နှာမှ စာများကို ကျယ်လောင်စွာဖတ်ပြရန် ပြောကြားပြီး ပါဝင်သူများကို ဥပဒေများကို သိရှိခြင်းသည် သူတို့ကို လူကုန်ကူးခြင်းအခြေအနေတစ်ခုမှ ထွက်ခွာသွားစေဖို့ ကူညီနိုင်ရန်နှင့် အကူအညီရှာဖွေနိုင်ဖို့ ဖြစ်နိုင်ချေရှိသလားဆိုတာကို စဉ်းစားဖို့ပြောကြားပါ။

သူတို့ကိုယ်ပိုင် နိုင်ငံအပါအဝင် နိုင်ငံအများအပြားသည် ပါလာမိုပရိုတိုကောလ်နှင့် CRC ကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို ရှင်းပြပါ။ သူတို့နိုင်ငံသည် လူကုန်ကူးခြင်းကို ဟန့်တားထားသည်။ သို့သော် လူကုန်ကူးခြင်းသည် ပြဿနာကြီးတစ်ခုအဖြစ် တည်ရှိနေဆဲ ဖြစ်သည်။

- အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် ယောက်ျားလေးငယ်များ။
- ကုလသမဂ္ဂက ၁၂သန်းသောကလေးငယ်များနှင့် လူငယ်များသည် နှစ်စဉ်လူကုန်ကူးခြင်းခံနေရကြောင်း ခန့်မှန်းထားသည်။
- ခန့်မှန်းချက်များက ၂၇သန်းသောလူများသည် လူကုန်ကူးခြင်း၏သားကောင်များဖြစ်နေကြကြောင်း ပြောကြားထားသည်။

ပါဝင်သူများကိုမေးမြန်းပါ။

'အကယ်၍ လူကုန်ကူးခြင်းသည် တရားမဝင်ပါက အဘယ့်ကြောင့်ထိုအရာသည် အရမ်းကိုကျယ်ပြန့်နေသနည်း။ အဘယ့်ကြောင့် လူကုန်ကူးခြင်းသည် ဆက်လက်ကြီးထွားနေသည်ဆိုကြောင်း အကြောင်းပြချက်ကို တစ်စုံတစ်ယောက်ကများ စဉ်းစားနိုင်ပါသလား။'

ပါဝင်သူများက သူတို့ထင်မြင်ယူဆချက်များကို ပြောကြားပြီးသည့်အခါ အောက်ပါအကြောင်းပြချက်များကို သူတို့ ဆွေးနွေးချက်ထဲ မပါဝင်ခဲ့လျှင် ပေါင်းထည့်လိုက်ပါ။

## ၁။ လူကုန်ကူးသူများသည်ပိုက်ဆံအများအပြားရှာဖွေနိုင်ကြသည်။

လူတစ်ယောက်ကိုဝယ်ရန် ကုန်ကျစားရိတ်သည် လူကုန်ကူးသူတစ်ယောက်အတွက် ထိုလူက အကျိုးအမြတ်ရှာဖွေပေးမှုနှင့် နှိုင်းယှဉ်လျှင် ဈေးပေါလွန်းကြောင်းကို ရှင်းပြပါ။ လူကုန်ကူးသူ စက်လှေပိုင်ရှင်တစ်ယောက်သည် ဒုက္ခသည်တစ်ယောက်ကို ဝယ်ယူဖို့ရန် အတွက်သာလျှင် ကုန်ကျစရိတ်ပေးချေပြီး သူသည်ဒုက္ခသည်ကိုလစာမပေးပေ။

## ၂။တရားစွဲဆိုမှုစနစ်များသည်မခိုင်မာပေ။

နိုင်ငံတိုင်းတွင် မှုခင်းသံသယရှိသူ တစ်ယောက်ကိုဖမ်းဆီးခြင်း၊ ပြီးလျှင် သူတို့တွင်အပြစ်ရှိ/မရှိ ဆုံးဖြတ်ရန် သံသယရှိသူများကို တရားရုံးတွင် စစ်ဆေးခြင်းကဲ့သို့သော စနစ်တစ်ခုရှိကြောင်းကို ရှင်းပြပါ။ အကယ်၍ သူတို့တွင် အပြစ်ရှာတွေ့ခဲ့ပါက သူတို့သည် အချုပ်ထဲတွင် ထားရှိခြင်းခံကြရသည်။ ရဲ၊ ရှေ့နေများ၊ တရားသူကြီးများနှင့် တရားရုံးများသည် ထိုလုပ်ငန်းစဉ်အလုပ်ဖြစ်ဖို့ရန် ကြံ့ခိုင်ရမည်ဖြစ်သည်။ ထိုစနစ်ကို တရားစွဲဆိုသည့်စနစ်ဟု ခေါ်သည်။

လူကုန်ကူးသူများကို အပြစ်ပေးမည့် သို့မဟုတ် တရားစွဲမည့် တရားစွဲဆိုသည့် စနစ်သည်အမြဲတမ်းခိုင်မာနေသည်တော့ မဟုတ်ကြောင်းကို ပါဝင်သူများကိုပြောပြပါ။ တရားရုံးများနှင့်ရဲသည် လူကုန်ကူးခံရသူဒုက္ခသည်များကို မည်ကဲ့သို့ ခွဲခြားမှတ်သားရကြောင်းကို မသိပဲဖြစ်နေနိုင်ပြီး လူကုန်ကူးခံရသူဒုက္ခသည်များကို တရားမဝင်ရွှေ့ပြောင်းသွားလာသူများအဖြစ် တရားစွဲဆိုတာမျိုးဖြစ်နိုင်သည်။

လူကုန်ကူးခံရသူဒုက္ခသည်များသည် ၄င်းတို့ကို နာကျင်စေသောအပြုအမူများဖြင့် တရားစွဲဆိုခံရနိုင်ကြောင်း ပါဝင်သူများကိုပြောပြပါ။ ဥပမာအားဖြင့် သူတို့လူကုန်ကူးခံရတုန်းက ဖြစ်ပျက်ခဲ့သည့် မကောင်းသောအကြောင်းအရာများကို လူတွေပြည့်နေသည့် တရားရုံးရှေ့မှောက်တွင် ဖော်ပြကြရသည်။
တစ်ခါတစ်ရံများတွင် လူကုန်ကူးသူများသည် အလွန်ကြွယ်ဝချမ်းသာပြီး ဩဇာအာဏာရှိနေတတ်ကြသည်။ ရဲသည် ထိုကဲ့သို့သော လူကုန်ကူးသူများကို တရားစွဲဖို့ရန် ကြောက်ရွံ့စိတ်များပေါ်လာတတ်သည် သို့မဟုတ် လူကုန်ကူး သူများသည် သူတို့ကိုစွဲဆိုထားသောအမှုကို ပိတ်သိမ်းရန် ရဲကိုလာဘ်ပေးတတ်သည်။ တစ်ခါတစ်ရံများတွင် ရဲ သို့မဟုတ် တရားသူကြီးများသည် လူကုန်ကူးသူများကို စုံစမ်းစစ်ဆေးရန် ငွေကြေး သို့မဟုတ် ငွေချေးတာခြင်း မျိုးရှိတတ်သည်။

---

၅- ကလေးလုံခြုံမှုရှိသော ခရီးသွားလုပ်ငန်း 'UNICEF: အရှေ့အာရှနှင့်ပစိဖိတ်တွင် ကလေးသူငယ် အလွဲသုံးစားပြုခံရမှုအပေါ် စာရင်းဇယား ကိန်းဂဏန်း လျှပ်တပြက်ဖော်ပြမှုတစ်ခု (၂၈ ဇွန်လ ၂၀၁၃) http://www.childsafetourism.org/unicef-statistical-snapshot-child-abuse-east-asia-pacific/.

၆- UNICEF, 'ကလေးသူငယ်တကာကွယ်ရေးသတင်းလွှာ-လူကုန်ကူးခြင်း' (မေ ၂၀၀၆) http://www.unicef.org/protection/files/ Trafficking.pdf.

၇- မြည်တောင်စုဌာန၊ အမေရိကန်မြည်တောင်စု၊ 'လူကုန်ကူးခြင်းအစီရင်ခံစာ' (ဝါရှင်တန်ဒီစီ: မြည်တောင်စုဌာန၊ ၂၀၁၂)။

### ၃။လူကုန်ကူးခံရသူ ဒုက္ခသည်များသည် တရားမစွဲနိုင်ကြပေ။

လူကုန်ကူးခံရသူဒုက္ခသည်များသည် လူကုန်ကူးသူများကို တရားမစွဲချင်ကြပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည်ကြောက်ရွံ့ကြသည်။ သူတို့၏အခွင့်အရေးများကို နားမလည်ကြပေ သို့မဟုတ် တရားမဝင်သူတို့ဖြစ်ပျက်ခဲ့သည့်အရာများကို အမှန်မပြောနိုင်ကြသောကြောင့်ဖြစ်သည်။

## လုပ်ဆောင်ချက်

'IS 11a: လူကုန်ကူးခြင်းပြီး နောက်ဇာတ်လမ်းများ' ကိုပေးဝေပါ။

ပါဝင်သူများကို သုံးယောက်တအုပ် ဖွဲ့ဖို့ပြောကြားပါ။ အဖွဲ့တစ်ခုစီကို ရုပ်ပုံများကိုကြည့်ပြီး ဇာတ်လမ်းများကို ဖတ်ဖို့ပြောကြားပါ။ ပါဝင်သူများကို ဇာတ်လမ်းများထဲမှတစ်ခုကို ရွေးချယ်ပြီးစကားပြောသည့်နေရာထဲတွင် သူ သို့မဟုတ် သူမ၏အခွင့်အရေးများကို လစ်လျူရှုပြီး ဒုက္ခသည်တစ်ဦး၏ဗဟုသုတရှိသလောက် စကားလုံးဖြင့်သာ ဒုက္ခသည်၏ခံစားချက်များကို ရေးသားပါ။ အဆုံးတွင် ဥပမာပေးထားသောတုန့်ပြန်ချက်များပါဝင်သည်။

## သရုပ်ဆောင်စေခြင်း

ပါဝင်သူများကို ၈-၁၀ ယောက် ပါဝင်သောအဖွဲ့နှစ်ဖွဲ့ ခွဲဖို့ပြောကြားပါ။ အဖွဲ့တစ်ခုစီကို သရုပ်ဆောင်မှုတစ်ခုပြုလုပ်ဖို့ရန် ပြင်ဆင်ဖို့ ပြောကြားပါ။ သရုပ်ဆောင် မှုနှစ်ခုစလုံးကိုအောက်တွင်ဖော်ပြထားသောဇာတ်လမ်းအတိုင်းအသုံးပြုမည်ဖြစ်သည် သို့သော်မတူညီသောဇာတ်သိမ်းများဖြစ်ရမည်ဆိုတာကိုရှင်းပြပါ။ ဇာတ်လမ်းကိုကျယ်ကျယ်ဖတ်ပါ။

### ဇာတ်လမ်း

အသက် ၁၇နှစ်အရွယ် ရွှေ့ပြောင်းလုပ်သားတစ်ယောက်သည် လူသစ်စုဆောင်းသူတစ်ဦးမှ စက်ရုံတစ်ရုံသို့ အလုပ်သွင်းခြင်းကို ခံလိုက်ရသည်။ ရွှေ့ပြောင်းလုပ်သားသည် စက်ရုံကိုမကြိုက်သည့်အပြင် သံသယဖြစ်နေသည်။ အလုပ်ပုံစံမှာ အန္တရာယ်ကြီးမားပြီး အလုပ်သမားများပုံစံမှာလည်း ကြောက်ရွံ့နေကြသည်။ လူသစ်စုသူက ရွှေ့ပြောင်းလုပ်သားသည် လစာမရရှိပဲ သုံးလ အလုပ်လုပ်ရမည်ဖြစ်ကြောင်း ပြောကြားသည့်အခါတွင် ရွှေ့ပြောင်းလုပ်သားသည် ပိုမိုရှိသံသယကြီးမားလာသည်။

ထို့နောက် ပါဝင်သူများကို ဇာတ်လမ်းထဲမှ ရွှေ့ပြောင်းလုပ်သားကို ကာကွယ်ပေးမည့်ဥပဒေများကိုရှာဖွေရန် ကျွမ်းကျင်သောလမ်းပြလက်စွဲစာအုပ်ထဲမှ 'လူကုန်ကူးမှုဆန့်ကျင်ရေးအမျိုးသားဥပဒေများ'ကို ညွှန်ပြရန်ပြောဆိုပါ။ အဖွဲ့တစ်ခုက ရွှေ့ပြောင်းလုပ်သားသည် သူ သို့မဟုတ် သူမ၏အခွင့်အရေးများအတွက် ထောက်ခံခြင်းဖြင့် လူကုန်ကူးသူလက်မှ လွတ်မြောက်သွားကြောင်းပါဝင်သည့် သရုပ်ဖော်တစ်ခုကို ဖန်တီးသင့်သည်။ အခြားအဖွဲ့ကတော့ ရွှေ့ပြောင်းလုပ်သားသည် သူ သို့မဟုတ် သူမ၏ကိုယ်ပိုင် အခွင့်အရေးများကို မသိရှိပဲ မလွတ်မြောက်သွားကြောင်း သရုပ်ဖော်တစ်ခုကို ဖန်တီးသင့်သည်။ အဖွဲ့များကို ဥပဒေကိုသိခြင်းကြောင့် ရွှေ့ပြောင်းလုပ်သားလွတ်မြောက်ဖို့ရန် အကူအညီဖြစ်ကြောင်းကို စဉ်းစားဆင်ခြင်ဖို့ပြောကြားပါ။

အဖွဲ့များကို သရုပ်ဖော်မှုများစီစဉ်ရန် ငါးမိနစ်အချိန်ယူပြီးနောက် ၎င်းတို့ကို တလှည့်စီပြုလုပ်စေဖို့ ပြောကြားပါ။

အကယ်၍ လူတို့သည် ၎င်းတို့ လူကုန်ကူးခံရသောအခါ လွတ်မြောက်သွားကြောင်းကို ဖန်တီးလိုက်သည့်အခါ ၎င်းတို့ကိုဖြစ်စေနိုင်သည့် အမျိုးမျိုးသော အကြောင်းအရာများရှိကြောင်းကို ပြောကြားပါ။

- အချို့သည် NGO များ သို့မဟုတ် အစိုးရထံမှ အကူအညီရှာဖွေကြသည်။
- အချို့သူများသည် လပေါင်းများစွာကြာအောင် လက်ခံထားသောနိုင်ငံမှ နေစရာဖြည့်ဆည်းပေးထားပြီးနောက် အိမ်သို့ပြန်ပို့ပေးခဲ့သည်။
- အချို့သည် ရဲကို မပြောကြားပဲ အိမ်သို့ပြန်လာခဲ့ကြသည်။
- အချို့သည် အခြားအလုပ်သို့ပြောင်းသွားကြသည်။
- အချို့မှာ အိမ်ရှင်အစိုးရက သူတို့ကို လူကုန်ကူးခြင်းခံရသောဒုက္ခသည်များအဖြစ် မသတ်မှတ်လျှင် တရားမဝင် ရွှေ့ပြောင်းသူများအဖြစ် အဖမ်းခံကြရသည်။

အကယ်၍ သင်သည်ရွှေ့ပြောင်းသွားလာခြင်းအကြောင်း စဉ်းစားနေလျှင် လူကုန်ကူးခြင်းသည် တရားမဝင်ဘူးဟု ဆိုသော်လည်းပဲ အကယ်၍ သင်သည် လူကုန်ကူးခြင်းခံရပါက တရားဥပဒေက သင့်ကိုအကာအကွယ်ပေးမှုအပေါ်တွင် သင်သည်မှီခိုနိုင်သည်ဟု မဆိုလိုနိုင်ကြောင်း အမှန်သိဖို့ရန် အရေးကြီးကြောင်း ရှင်းပြပါ။ လူကုန်ကူးသူများသည် များသောအားဖြင့် တရားဥပဒေအရ တရားစွဲဆိုခြင်း မခံကြရပေ။

## အခန်းအကျဉ်းချုပ်

- ပါလာမိုပရိုတိုကောလ်နှင့်ကျွန်ုပ်တို့နိုင်ငံ၏တရားဥပဒေများသည် လူကုန်ကူးခြင်းကို ဟန့်တားထားသည်။
- လူကုန်ကူးခြင်းသည်ကလေးများကို CRC ထဲတွင် ကလေးများကို ပေးအပ်ထားသော အခွင့်အရေးများကိုလည်းပဲ ငြင်းပယ်တတ်ကြသည်။
- လူကုန်ကူးခြင်းသည် တရားမဝင်ဖြစ်သော်လည်း ယခုအခါတွင် ၂၇သန်း သောလူတို့သည် လူကုန်ကူးခြင်း၏ သားကောင်များ ဖြစ်နေကြကြောင်း ခန့်မှန်းထားကြသည်။
- လူကုန်ကူးသူများသည် အမြဲတမ်းတရားစွဲဆိုခံရသည်မဟုတ်ပေ။ ဤသည်မှာအောက်ပါတို့ကြောင့် ဖြစ်နိုင်သည်။
  - လူကုန်ကူးသူများသည် ပိုက်ဆံအပြောက်အမြားရှာဖွေနိုင်သည်။
  - တရားစွဲဆိုမှုစနစ်စည်မနိုင်မာပေ။
  - လူကုန်ကူးခံရသောဒုက္ခသည်များသည်တရားမစွဲနိုင်ကြပေ။
- အကယ်၍ သင်သည်ရွှေ့ပြောင်းသွားဖို့စဉ်းစားလာလျှင် သင့်ကို ကာကွယ်ဖို့ရန်တရားဥပဒေအပေါ်တွင် မှီခိုလို့မရနိုင်ပေ။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့် သို့မဟုတ် နောက်ဆက်တွဲဖြည့်ရှင်တာများကိုရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၎င်းတို့ကို ဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။

လာရောက်ကြသောလူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ် အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်း အတွက် သူတို့သည်နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်းကို ပြောကြားပါ။

သူတို့၏မိဘများကို မေးမြန်းရန် အောက်ပါတို့အား ပြောကြားပါ။

- ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းအတွင်းမှ လူကုန်ကူးခြင်းခံရသူတစ်စုံတစ်ယောက်အကြောင်း ဇာတ်လမ်းတစ်ခုကို သင်ကြားဖူးပါသလား။
- လူကုန်ကူးခြင်းခံရသောဒုက္ခသည်သည် လူကုန်ကူးသူကို တရားရုံးသို့ ရောက်အောင်ပြုလုပ်ခဲ့ပါသလား။ အဘယ့်ကြောင့်ပြုလုပ်ခဲ့သနည်း သို့မဟုတ် အဘယ့်ကြောင့်မလုပ်ခဲ့သနည်း။

ဦးဆောင်သူများသည် ပါဝင်သူများကို သူတို့ကိုမှတ်မိစေဖို့ အိမ်ကိုယူသွားရန် စာရွက်အပိုင်းအစတစ်ခုပေါ်တွင် ဤမေးခွန်းများကို ရေးသားဖို့ပြောကြားနိုင်သည်။



1။ ထွန်းထွန်းသည်လူကုန်ကူးခြင်းမှ လွတ်မြောက်ခဲ့သည်။ သို့သော် ထိုင်းနိုင်ငံတွင် နေထိုင်ရန်ဆုံးဖြတ်ခဲ့သည်။ သူသည် နောက်ထပ်အလုပ်တစ်ခုတွေ့ရှိခဲ့သည်၊ သို့သော် သူသည် နောက်တစ်ကြိမ် လူကုန်ကူးခြင်းခံရပြန်သည်။ ထွန်းထွန်း သည်နောက်ဆုံးတွင် လွတ်မြောက်ခဲ့သည် သို့သော် သူ့တွင်တရားဝင်စာရွက်စာတမ်းများ မရှိသောကြောင့် သူသည် အာဏာပိုင်များကို ဆက်သွယ်ဖို့ ကြောက်ရွံ့နေခဲ့သည်။ ထို့ကြောင့် သူသည် နောက်ဆုံးတွင် လယ်မတောတစ်ခုတွင် အလုပ်တစ်ခုကိုတွေ့ရှိခဲ့သည်။ သူသည် သူလူကုန်ကူးခြင်းခံလိုက်ရခြင်းကို နားမလည်ခဲ့ပေ၊ သူက သူသည်မကောင်းသောအလုပ်များကိုသာ ရရှိခဲ့တာမျှသာဖြစ်သည်ဟု တွေးခဲ့သည်။



၂။ မွန်မွန်သည်မလေးရှားတွင် အိမ်ဖော်အဖြစ် လုပ်ကိုင်ခဲ့ပြီး ခံခြင်းမှလွတ်မြောက်ခဲ့သည်။ သူမသည် တရားမဝင်ရွှေ့ပြောင်းသွားလာသူတစ်ယောက်အနေဖြင့် ဖမ်းခြင်းကိုခံခဲ့ရပြီး သူမကို ကရုဏာဒီးယားသို့ ပြန်မပို့မီ သုံးလ အထိန်းသိမ်းခံခဲ့ရသည်။ သူမသည် သူမမိသားစုဆီသို့ ပြန်လာခဲ့ပြီး သူမဘာဖြစ်ခဲ့သည်ဆိုတာကိုမပြောပြခဲ့ပေ။



၃။ မာလာ သည် သူမ၏ ကိုယ်ပိုင်နိုင်ငံရှိ စက်ရုံတစ်ခုမှ ရဲများဝင်ရောက်စီးနင်းမှုတစ်ခုတွင် ကယ်တင်ခြင်းခံခဲ့ရသည်။ ရဲကသူမသည် လူကုန်ကူးခြင်းခံခဲ့ရပြီး စက်ရုံပိုင်ရှင်ကို တရားစွဲဖို့ရန်အတွက် သူမကို ကူညီရန်ပြောခဲ့သည်။ သို့သော် မာလာ သည် သူမဖြစ်ပျက်ခဲ့သည်များအားလုံးကို ဝမ်းနည်းနေခဲ့ပြီး ထိုကိစ္စကို ဆွေးနွေးရန် ရှက်ရွံ့နေခဲ့သည်၊ ထို့ကြောင့် သူမသည် သူမမိသားစုရှိရာ သူမအိမ်သို့ ပြန်ဖို့ဆုံးဖြတ်ခဲ့သည်။



၄။ ကြည်ကြည်သည် သူမကိုလစာမပေး အတင်းအကျပ်အလုပ်လုပ်ခိုင်းပြီး ထွက်ခွင့်မပေးသောစက်ရုံတစ်ရုံမှ လွတ်မြောက်ခဲ့သည်။ သူမသည် ရွှေ့ပြောင်းသွားလာသူများ စင်တာတစ်ခုကို တွေ့ရှိခဲ့ပြီး ထိုစင်တာက လူကုန်ကူးခြင်းခံရသောဒုက္ခသည်များကိုကူညီပေးနေသည့် NGO တစ်ခုနှင့်သူမကိုထိတွေ့စေခဲ့သည်။ NGO သည် လူကုန်ကူးသူများကိုဖမ်းဆီးရန် ရဲများနှင့်ပူးပေါင်း ဆောင်ရွက်ခဲ့ပြီး စက်ရုံကိုပိတ်သိမ်းခဲ့ပြီး ကြည်ကြည်သည် ထိုအမှုတွင်သက်သေလိုက်ခဲ့သည်။




၅။ လုလု သည် ပြည်ပနိုင်ငံတစ်ခုရှိ ဆောင်ကြာမြို့တစ်ခုမှ လွတ်မြောက်ခဲ့ပြီး သူမ၏မိဘများကို အကူအညီတောင်းဖို့ ဖုန်းဆက်ခဲ့သည်။ သူတို့သည် မည်ကဲ့သို့ကူညီရမည်ဆိုတာကို မသိရှိခဲ့ပေ။ သူမသည် ဘာတွေဖြစ်ခဲ့သည်ဆိုတာကို ပြောပြဖို့ရန် ရဲဆီသို့သွားခဲ့သည်။ သူတို့က သူမသည် ပြည့်တန်ဆာတစ်ယောက်သာ ဖြစ်သည်ဟုထင်ခဲ့ကြပြီး သူမကိုသူတို့ကမကူညီလိုခဲ့ကြပေ။ ရဲများသည် ဆောင်ကြာမြို့ပိုင်ရှင်ဆီမှ လာဘ်လာဘ်ငွေများကိုလည်း လက်ခံရရှိခဲ့ကြသည်၊ ထို့ကြောင့် သူမ ပြောသည်များကို နားထောင်မပေးလိုကြပေ။

## 'IS 11a:
## လူကုန်ကူးခြင်းဖောက်လမ်းများပြီးနောက်'

11

ဥပမာတုန့်ပြန်ချက်များ

၁။ ကျွန်ုပ်တွင် မည်သည့်တရားဝင်စာရွက်စာတမ်းမှ မရှိသောကြောင့် ကျွန်ုပ်တွင်တရားဝင်အလုပ်တစ်ခု လုပ်ကိုင်ခွင့်မရှိပါ။ ကျွန်ုပ်သည် ရဲဆီသို့ မသွားလိုပါ၊ အဘယ့်ကြောင့်ဆိုသော် ပိုမိုဒုက္ခတွေ့နိုင်လို့ဖြစ်ပါသည်။

၂။ မလေးရှားတွင် ကျွန်ုပ်အထိန်းသိမ်းခံခဲ့ခြင်းမှာ ကျွန်ုပ်အမှားဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် တရားမဝင်အလုပ်လုပ်ခဲ့သောကြောင့်ဖြစ်သည်၊ ကျွန်ုပ်မိဘများကို ကျွန်ုပ်မပြောလိုပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့နားလည်မည်မဟုတ်သောကြောင့် ဖြစ်သည်။

၃။ ကျွန်ုပ်တွင် လူကုန်ကူးသူများကို တရားစွဲဆိုပိုင်ခွင့်ရှိသည်ကို ကျွန်ုပ်နားမလည်ပါ။ ကျွန်ုပ်သည် ပင်ပန်းလွန်းလှပြီး ကြုံတွေ့ခဲ့ရသည်များမှ ဒါဏ်ရာများရရှိခဲ့သည်၊ ကျွန်ုပ်အိမ်ကိုသာပြန်ချင်နေပြီး ဖြစ်ပျက်ခဲ့သည်များကို မေ့ပစ်ချင်သည်။

၄။ ဤအမှုတွင် ကျွန်ုပ်ကိုလူကုန်ကူးသူများကို တရားစွဲဆိုနိုင်သည့် ကျွန်ုပ်၏ အခွင့်အရေးကို ကျွန်ုပ်ရပြမြိသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့ကျွန်ုပ်ကို ပြုလုပ်ခဲ့သည်များသည် တရားမဝင်သောကြောင့်ဖြစ်သည်၊ ကျွန်ုပ်တွင် ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်ခြင်းခံရဖို့အခွင့်အရေးရှိသည်။

၅။ ကျွန်ုပ်သစ္စာဖောက်ခဲ့သည်ဟု ခံစားရသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ပိုင်ဆန္ဒမပါဘဲ ချုပ်ချယ်ခံခဲ့ရပြီး ဖောက်သည်များအတွက် ညစဉ်အလုပ်လုပ်ခဲ့ရသည်၊ ကျွန်ုပ်တွင် ဤကဲ့သို့အလွဲသုံးစားပြုခံရခြင်းမှ ကာကွယ်ဖို့ရန် အခွင့်အရေးရှိသည်ကိုကျွန်ုပ်သိသည်။

# 12 အခန်း (၁၂)
# အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများသည် တရားဝင်နှင့်တရားမဝင် ရွှေ့ပြောင်းသွားလာခြင်းကို နားလည်သဘောပေါက်လိမ့်မည်ဖြစ်ပြီး အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်းသည် ပိုမိုလုံခြုံသော ရွေးချယ်ခွင့်ဖြစ်ကြောင်း နားလည်သဘောပေါက်လိမ့်မည်ဖြစ်သည်။

## အချိန်

၇၅မိနစ်

## ကြိုတင်ပြင်ဆင်ခြင်း

သင်သည် ဤအခန်းတွင် လူငယ်များနှင့် မျှဝေနိုင်စေရန် သင်၏နိုင်ငံတွင်တရားဝင် အလုပ်လုပ်ခွင့် အသက်အရွယ်ကိုရှာဖွေပါ။

### အထောက်အပံ့ပစ္စည်းများ

- ဖလစ်ချပ် ( Flip - chart ) စာရွက် နှင့်ဘောပင်များ
- နိုင်ငံကူးလက်မှတ်တစ်ခုနှင့်ပြည်ဝင်ခွင့်တစ်ခုစီတို့၏ဓာတ်ပုံတစ်ပုံ
- လုပ်ဆောင်ချက်အတွက် 'IS 12a: **အထောက်အထား/အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာခြင်းဖယားဇ်ဥပမာ**' အကိုးအကား

## မိတ်ဆက်ခြင်း

### ကြိုဆိုခြင်း

ပါဝင်သူများကို အမည်တပ်၍ကြိုဆိုပါ။ လက်မှတ်ထိုးစာရွက်ကို လက်ဆင့်ကမ်းပေးပါ။

### သွေးပူလေ့ကျင့်ခန်း

စာရင်းထဲမှ သွေးပူလေ့ကျင့်ခန်း လုပ်ဆောင်ချက်တစ်ခုကို ဦးဆောင်ဖို့ရန် ဦးဆောင်သူတစ်ယောက်ကို ပြောကြားပါ။ (မှတ်ဉာဏ်ဘောလုံးကစားပွဲကို မရွေးချယ်ပါနှင့် အဘယ်ကြောင့်ဆိုသော် ၎င်းကို အခန်းပြီးဆုံးလျှင် ကစားမည်ဖြစ်သောကြောင့်ဖြစ်သည်။)

### ပြန်လည်ဆန်းစစ်ခြင်း

ကျွန်ုပ်တို့နေသည့် ရပ်ကွက်မှ လူကုန်ကူးခြင်းခံရသော တစ်စုံတစ်ယောက်အကြောင်း ဓာတ်လမ်းတစ်ခုကို သင်ကြားဖူးပါသလား။

## ရွှေ့ပြောင်းသွားလာခြင်း

လူငယ်များသည် အမျိုးမျိုးသောနည်းလမ်းများဖြင့် ရွှေ့ပြောင်းသွားလာနိုင်သည် ဆိုတာကိုရှင်းပြပါ။

**ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း**သည် လူများသည် ၎င်းတို့ကိုယ်ပိုင်နိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာခြင်းကို ဖော်ပြသည်။

နိုင်ငံအတွင်းရွှေ့ပြောင်းသွားလာရန်အတွက် တရားဝင်အသက်သတ်မှတ်ချက်မရှိပေ။ သို့သော် အလုပ်လုပ်ဖို့အတွက်တော့ တရားဝင်အသက်သတ်မှတ်ချက်ရှိကြောင်းကို ရှင်းပြပါ။ ဦးဆောင်သူများသည် ပါဝင်သူများကို သူတို့နိုင်ငံတွင် အလုပ်လုပ်ဖို့ တရားဝင်အသက်သတ်မှတ်ချက်ကို ပြောပြသင့်သည်။

**ပြည်ပရွှေ့ပြောင်းသွားလာခြင်းသည်** လူများအခြားနိုင်ငံတစ်ခုသို့ ရွှေ့ပြောင်းသွားလာခြင်းကိုဖော်ပြသည်၊ အသက်ဝမ်းစာ အလုပ်ရှာဖွေရန် ရွှေ့ပြောင်းသွားလာခြင်းသည် နိုင်ငံတကာတွင် တရားမဝင်ပေ။

ပါဝင်သူများကို နိုင်ငံတိုင်းတွင် ထိုနိုင်ငံသို့ ရွှေ့ပြောင်းသွားလာနိုင်သူများနှင့်ပတ်သက်၍ ဥပဒေများရှိသည်ဆိုတာကိုပြောကြားပါ။ ဤအရာများသည် လူတစ်ယောက်တရားဝင်ရွှေ့ပြောင်းသွားလာရန် ပြုလုပ်ရမည်များကို ဖော်ပြထားသည့်ဥပဒေများ ဖြစ်သည်၊ ဤဥပဒေများကို နားလည်ရန်မှာ ၎င်းတို့၏တာဝန်သာဖြစ်ကြောင်းကို ရှင်းပြပါ။

**တရားဝင်ရွှေ့ပြောင်းခြင်း( တရားဝင်/ ပုံမှန်ရွှေ့ပြောင်းသွားလာခြင်း)** ဆိုသည်မှာရွှေ့ပြောင်းသွားလာသူတစ်ယောက်သည် အခြားနိုင်ငံတစ်ခုသို့ ဝင်ရောက်ခြင်းနှင့်အလုပ်လုပ်နိုင်ခြင်းအတွက် ထိန်းချုပ်ထားသောဥပဒေများကို လိုက်နာသည်ကိုဆိုလိုသည်။ ထိုအရာကို တရားဝင်ရွှေ့ပြောင်းသွားလာခြင်းဟု ခေါ်သည်၊ အဘယ့်ကြောင့်ဆိုသော်ရွှေ့ပြောင်းသွားလာသူတွင် ရွှေ့ပြောင်းသွားခြင်းမပြုမီ နိုင်ငံကူးလက်မှတ်နှင့်အလုပ်ဖြင့် ပြည်ဝင်ခွင့်ကဲ့သို့သောတရားဝင်အထောက်အထားများကို ရရှိထားသောကြောင့်ဖြစ်သည်။ ဤသင်ရိုးညွှန်းတမ်းထဲတွင် နိုင်ငံတိုင်းကို တရားဝင်ရွှေ့ပြောင်းသွားလာခြင်းကို ထိန်းချုပ်ထားသောဥပဒေများပါဝင်သည့် တိုင်းပြည်အများအပြားရှိသည်၊ သို့သော် တရားဝင်ရွှေ့ပြောင်းသွားလာခြင်းသည် များသောအားဖြင့် နိုင်ငံကူးလက်မှတ်နှင့်ပြည်ဝင်ခွင့်လိုအပ်ပြီး အခြားသောအထောက်အထားများလည်း လိုအပ်နိုင်ကြောင်းကို သိရှိထားဖို့အထောက်အကူပြုမည်ဖြစ်သည်၊

နိုင်ငံကူးလက်မှတ်တစ်ခုသည် ထိုလူ၏နိုင်ငံမှ ထုတ်ပေးသောတရားဝင်အထောက်အထားတစ်ခုဖြစ်ပြီး ၎င်းကို နိုင်ငံအတွင်း တရားဝင် ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းတို့တွင် အသုံးပြုကြောင်း ပါဝင်သူများကို ပြောပြပါ။ ပါဝင်သူများကို နိုင်ငံကူးလက်မှတ်တစ်ခု၏ ဓာတ်ပုံတစ်ခုကို ပြသပါ။

ပြည်ဝင်ခွင့်တစ်ခုဆိုသည်မှာ အခြားနိုင်ငံတစ်ခု၏အစိုးရမှ ၎င်းတို့ထိုနိုင်ငံသို့ဝင်ရောက်ခြင်းကို ခွင့်ပြုခြင်းကို ကိုယ်စားပြုသည့် နိုင်ငံကူးလက်မှတ်တွင် ကပ်ထားသောတရားဝင်ကပ်ခွာတစ်ခု သို့မဟုတ် တံဆိပ်တုံးတစ်ခုဖြစ်ကြောင်းပါဝင်သူများကိုပြောပြပါ။ ပြည်ဝင်ခွင့်အမျိုးမျိုးရှိသည်။ အလုပ်လုပ်ရန်ပြည်ဝင်ခွင့်သည် လူများကို အခြားနိုင်ငံတစ်ခုတွင် အလုပ်လုပ်ရန်ခွင့်ပြုသည်၊ အလည်အပတ်ပြည်ဝင်ခွင့်သည်လူများကို လည်ပတ်ရန်အတွက်ခွင့်ပြုသည်၊ သို့သော် အလုပ်လုပ်ခွင့်မပြုပေ။

ပါဝင်သူများကိုပြည်ဝင်ခွင့် ပုံစံတစ်ခု၏ဓာတ်ပုံကိုပြသပါ။

ပါဝင်သူများကို သူတို့သည် အခြားနိုင်ငံတစ်ခုသို့ နိုင်ငံကူးလက်မှတ်မပါဘဲနှင့် တရားဝင်မဝင်ရောက်နိုင်သလို ၎င်းတို့ သွားရောက်မည့်နိုင်ငံမှ ပြည်ဝင်ခွင့်မပါဘဲနှင့် မဝင်ရောက်နိုင်ကြောင်းကို ပြောကြားပါ။

အကယ်၍ သူတို့သည် အခြားနိုင်ငံတစ်ခုကို ရွှေ့ပြောင်းသွားလာဖို့ရန် ရည်ရွယ်ထားပါက ထိုနိုင်ငံသို့ တရားဝင်ရွှေ့ပြောင်းသွားလာရန်အတွက် လိုအပ်သောအထောက်အထားများကို သူတို့၏မိသားစုများနှင့် ဒေသန္တရအာဏာပိုင်များထံတွင် သူတို့ မေးမြန်းသင့်သည်။

ရွှေ့ပြောင်းသွားလာသူအများအပြားတွင် အထောက်အထားများမရှိကြောင်းကို ရှင်းပြပါ၊ ဤလူများသည် နိုင်ငံခြားတိုင်းပြည်တစ်ခုကိုဝင်ရောက်ရန် အခြားနည်းလမ်းများကို ရှာဖွေကြသည်။ လူအချို့သည် နယ်စပ်ဖြတ်ကျော်၍ လူမှောင်ခိုဖို့ဆောင်ခြင်းခံရသည်။ (လူမှောင်ခိုဖို့ဆောင်ခြင်းကို ရှင်းပြနိုင်သောသူတစ်ယောက်ယောက်များရှိသလားဟု မေးပါ။) နိုင်ငံထဲဝင်ရောက်လာသော အခြားသူများက သူတို့သည် တစ်ရက် သို့မဟုတ် အချိန်တိုပဲနေမည်ဟုပြောနေကြသော်လည်း တကယ်တမ်းတွင် နှစ်ပေါင်းများစွာနေရန်အတွက်ရည်ရွယ်ထားကြသည်၊ ဤသည်ကို အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာသူများဟုခေါ်သည်။ (၎င်းကို တစ်ခါတစ်ရံတွင် တရားမဝင် သို့မဟုတ် ပုံမှန်မဟုတ်ရွှေ့ပြောင်းသွားလာခြင်းဟု ခေါ်သည်။)

အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာသူများသည် မကြာခဏပင် တရားမဝင်ရွှေ့ပြောင်းသွားလာသူများထက် စုစည်းဖို့ရာခက်ခဲကြောင်းရှင်းပြပါ။ ရွှေ့ပြောင်းသွားလာသူသည် တရားဝင်အထောက်အထားများအသုံးပြုရန်အတွက် ရှည်လျားသောဖြစ်စဉ်များကို ကျော်ဖြတ်ဖို့ရန်များသောအားဖြင့် လိုအပ်သည်၊ သို့သော် တရားဝင်ရွှေ့ပြောင်းသွားခြင်းသည် ပိုမိုလုံခြုံသည်၊ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းသည် တရားဥပဒေကိုချိုးဖောက်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့ရွှေ့ပြောင်းရောက်ရှိသွားသောနိုင်ငံတွင် ရဲနှင့်ဝေးဝေးနေကြရန် သူတို့ကြိုးစားကြသည်။ တရားဝင်ရွှေ့ပြောင်းသွားလာသူတစ်ယောက်သည် ပိုမိုလုံခြုံသည်။ အဘယ့်ကြောင့်ဆိုသော် တရားဝင်ရွှေ့ပြောင်းသွားလာသူများသည် အကယ်၍ သူတို့တွင်ပြဿနာများနှင့်တွေ့ကြုံပါက အာဏာပိုင်များကို ဆက်သွယ်နိုင်သည်၊

ပါဝင်သူများကို အခြားနိုင်ငံတစ်ခုတွင် နေထိုင်ဖို့ရန်အတွက် သူတို့၏လူ့အဖွဲ့အစည်းမှ ထွက်ခွာသွားသောသူတို့သိရှိသည့်လူများကို စဉ်းစားရန်အတွက် ပြောကြားပါ။ မေးပါ။

'သူတို့သည် အထောက်အထားဖြင့်ရွှေ့ပြောင်းသွားလာခြင်း သို့မဟုတ် အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာခြင်းကို အသုံးပြုခဲ့သလား။'

## ဆွေးနွေးခြင်း

ပါဝင်သူများကို လူ၄-၅ယောက် ပါဝင်သောအဖွဲ့များအဖြစ် ခွဲလိုက်ပါ။ အဖွဲ့တစ်ခုစီကို ဖလစ်ချပ် (Flip - chart )တစ်ရွက်စီပေးလိုက်ပါ။ အဖွဲ့ကို အောက်ပါမေးခွန်းများကို ဆွေးနွေးပြီး သူတို့၏အဖြေများကို ဖလစ်ချပ်စာရွက် ပေါ်တွင် ရေးသားရန် ပြောကြားပါ။ 'IS 12a: အထောက်အထား/ အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာခြင်းဇယား၏ ဥပမာ'တွင် ဥပမာ တစ်ခုပါဝင်သည်။

- လူတို့သည် မည်ကဲ့သို့အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာကြမည်နည်း။
- လူတို့သည် မည်ကဲ့သို့အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာကြမည်နည်း။
- လူတို့သည် အဘယ့်ကြောင့်အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်းကို ရွေးချယ်ကြသနည်း။
- လူတို့သည် အဘယ့်ကြောင့်အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာခြင်းကို ရွေးချယ်ကြသနည်း။
- လက်ခံမည့်နိုင်ငံတွင် ရွှေ့ပြောင်းသွားလာသူ၏တာဝန်များမှာ အဘယ်နည်း။
- မည်သည့်အသက်အရွယ်တွင် သင်သည် ရွှေ့ပြောင်းသွားလာရန် အသင့်လျော်ဆုံးဖြစ်သည်ဟု သင်ထင်ပါသလဲ။

## ဉာဏ်စမ်း

စာမျက်နှာ (၁၀) မှ မှတ်ဉာဏ်သောလုံးကစားပွဲကို ကစားပါ။

### အခန်းအကျဉ်းချုပ်

- ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း - လူတို့သည် ၎င်းတို့နိုင်ငံအတွင်းမှာသာ ရွှေ့ပြောင်းသွားလာကြသည်။
- ပြည်ပရွှေ့ပြောင်းသွားလာခြင်း- လူတို့သည် အခြားနိုင်ငံတစ်ခုသို့ ရွှေ့ပြောင်းသွားလာကြသည်။
- အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်း - အခြားနိုင်ငံတစ်ခုသို့ ဝင်ရောက်ခြင်းနှင့် အလုပ်လုပ်ခြင်းကိုထိန်းချုပ်ထားသည့် ဥပဒေများကိုလိုက်နာသည့် ရွှေ့ပြောင်းသွားလာသူတစ်ယောက်ဖြစ်သည်။ အထောက်အထားဖြင့်ရွှေ့ပြောင်းသွားလာခြင်းသည် ရွှေ့ပြောင်းသွားလာသူကို နိုင်ငံကူးလက်မှတ်နှင့် အလုပ်ဖြင့်ပြည်ဝင်ခွင့်တို့နှင့် ခရီးသွားလာဖို့လိုအပ်ပြီး အခြားသော အထောက် အထားများလည်းလိုအပ်နိုင်သည်။
- အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာခြင်း - အခြားနိုင်ငံတစ်ခုသို့ ဥပဒေများကို မလိုက်နာပဲနှင့်/သို့မဟုတ် နိုင်ငံကူးလက်မှတ် နှင့်ပြည်ဝင်ခွင့်တို့မပါပဲ ရွှေ့ပြောင်းသွားလာသော လူများဖြစ်သည်။ အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာခြင်းသည် အများစုအသုံးပြုသော ရွှေ့ပြောင်းသွားလာမှုပုံစံ တစ်မျိုးဖြစ်သည်။
- အထောက်အထားဖြင့် ရွှေ့ပြောင်းသွားလာခြင်းသည် အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာဖြင်းထက် ပိုမိုလုံခြုံသည်။

## နိဂုံးချုပ်ခြင်း

ပါဝင်သူများကို မေးစရာမေးခွန်းများနှင့်သို့မဟုတ် နောက်ဆက်တွဲဖြည့်ချင်တာများကို ရေးသားရန် သို့မဟုတ် မေးမြန်းပြောကြားရန်နှင့် ၎င်းတို့ကိုဦးဆောင်သူများထံသို့ အမည်မတပ်ပဲ လက်လွှဲပေးရန်ပြောကြားပါ။

လာရောက်ကြသော လူတိုင်းကို ကျေးဇူးတင်ပါသည်။ နောက်တစ်ကြိမ် အဖွဲ့အစည်းအဝေးအချိန်ကို အတည်ပြုပါ။ ပါဝင်သူများကို ဤအခန်းကို တက်ရောက်ခြင်းအတွက် သူတို့သည် နောက်ထပ်ကြယ်တစ်ပွင့် ရရှိသွားပြီးဖြစ်ကြောင်းကိုပြောကြားပါ။

ပါဝင်သူများကို ပြည်တွင်း သို့မဟုတ် ပြည်ပရွှေ့ပြောင်းသွားလာသူ တစ်ယောက်ယောက်ကို သူတို့သိခဲ့ပါသလားဟု ၎င်းတို့၏မိဘများကို မေးမြန်းရန်ပြောကြားပါ။ ထိုလူသည် အထောက်အထားဖြင့် သို့မဟုတ် အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာခြင်းကို အသုံးပြုခဲ့ပါသလား။

# ‘IS 12a: အထောက်အထား/အထောက်အထားမဲ့ ရွှေ့ပြောင်းသွားလာခြင်းဇယား၏ဥပမာ’ 12

**ဤအရာသည် ပြီးခဲ့သောသင်တန်းအစီအစဉ်တစ်ခုမှ ဥပမာတစ်ခုဖြစ်သည်။**

| အထောက်အထားဖြင့်ရွှေ့ပြောင်းသွားလာခြင်း | အထောက်အထားမဲ့ရွှေ့ပြောင်းသွားလာခြင်း |
|---|---|
| • နယ်စပ်ဖြတ်ကျော်ခွင့် (ခုရက် – ပတ်စ်ပို့)<br>• ရွှေ့ပြောင်းသွားလာခြင်းကဒ် (၆လ – ခရိုင်တစ်ခုမှတစ်ခုသို့)<br>• နိုင်ငံကူးလက်မှတ်<br>• ပြည်ဝင်ခွင့်<br>• အလုပ်လုပ်ခွင့် (MoLVT)<br>• လူသစ်စုဆောင်းသော အေဂျင်စီများ | • အလုပ်ပွဲစားများ<br>• ဆွေမျိုးများ<br>• ၎င်းတို့ဘာသာ နယ်စပ်ဖြတ်ကျော်ခြင်း<br>• သူငယ်ချင်းများ<br>• လူစိမ်းများ |
| **ဘာ့ကြောင့်လဲ။**<br>• ပိုမိုလုံခြုံသောအလုပ်<br>• တိကျသောအလုပ်၊ ပိုမိုကောင်းမွန်သော, အမြဲတမ်း<br>• ကျွမ်းကျင်မှုရှိသော | **ဘာ့ကြောင့်လဲ။**<br>• အချိန်သက်သာခြင်း<br>• သွားလာရန် လွယ်ကူခြင်း<br>• ခရီးစရိတ်အတွက် ကုန်ကျစရိတ်နည်းပါးခြင်း<br>• လွယ်ကူစွာ လွတ်မြောက်နိုင်ခြင်း |